ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 5 March 2021 ၁၀၃၀၇

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအလုပ်အကိုင်များရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

## တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလို

နေပြည်တော် မတ် ၄

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ ဦးတည်ချက်များအနက် စစ်မှန်၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ကွဲပြားကြဖို့လိုပါပြီ**

ဆောင်းပါး စာမျက်နှာ » ၆

**အိန္ဒိယနိုင်ငံထုတ် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၈၁ ရာခိုင်နှုန်းခန့် ထိရောက်မှုရှိ**

စာမျက်နှာ » ၁၃

**နလုံးလှုဆရာဝန်တွေ CDM မှာ အချိန်ကုန်ဆုံးနေတဲ့ ခြေလှမ်းတွေကို အမြန်ဆုံးရပ်တန့်သင့်ပြီ**

ဆောင်းပါး စာမျက်နှာ » ၂၃

## အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ကာကွယ်ရေးအတွက် အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကာကွယ်ဆေးများ ပြည်သူလူထုအတွင်း ထိုးနှံရရှိနိုင်စေရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် နိုင်ငံအချင်းချင်း လျှုဒါန်းမှုဖြင့် COVID-19 ကာကွယ်ဆေးများ မှတ်တမ်းတင်ထားရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာ/အာရှဒေသတွင်း ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် COVID-19 ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းဆောင်ရွက်လိုပါက သတ်မှတ်အထောက်အထားများဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အေးချမ်းသည့်အနာဂတ်နှင့် ဖွံ့ဖြိုးမှုအမွေပေး

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ မျိုးနွယ်စုအနည်းငယ်ဖြင့်သာ နေထိုင်ခဲ့သောနိုင်ငံမဟုတ်ပေ။ နှစ်ပေါင်းထောင်ချီ၍ လူမျိုးနွယ်စုတစ်ရာကျော်တို့ အေးအတူပူအမျှ မရှိအတူရှိအတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်။ ယနေ့ထက်တိုင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့ရောနှော၍ အေးချမ်းစွာနေထိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများ လိုလားသည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုး ကွဲပြားနေသည်ဖြစ်စေ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်သည့် တိုင်းရင်းသားလူမျိုးအားလုံး၊ ပြည်သူအားလုံးနှင့် လိုက်လျောညီထွေဖြစ်မည့်စနစ်ကို ရွေးချယ်တည်ဆောက်ရန် အရေးကြီးပေသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီမိုကရေစီနှင့်ပတ်သက်၍ “အများဆန္ဒအတိုင်းဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ မိမိဆန္ဒနှင့်မကိုက်ညီပါက ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း” မှာကြားထားသည်။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍လည်း “မိမိတို့လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း အနှစ်သာရအနေဖြင့် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ(၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ဟူသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိမည်ဖြစ်ကြောင်း”ပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ပြီးနောက်တွင် လိုအပ်သော တည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ပြီး ရွေးကောက်ပွဲအနိုင်ရသည့်ပါတီကို အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်သည်အထိ ပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဟု အတိအလင်း ပြောကြားထားသည်။ ပြည်ထောင်စုနိုင်ငံဖြစ်၍ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်ရာတွင် (က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်၊ (ခ) တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန်၊ (ဂ)အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊ (ဃ) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ် ဆောင်ရွက်ရန်နှင့် (င) လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့် အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန်ဟူသည့် လမ်းညွှန်ချက် (၅)ရပ်ကို ချမှတ်ဆောင်ရွက်နေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ မတူကွဲပြားသော တိုင်းရင်းသား ပြည်သူအားလုံးတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိကာလ၌ ငြိမ်းချမ်းရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်နေသည့် ရည်မှန်းချက်များသည် မိမိတို့သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်အေးချမ်းသည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီနိုင်ငံဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၄

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၄-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၅၅ | ၅၂၂,၅၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၄၄၀ | ၁,၅၈၄,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၀ | ၂၈,၀၀၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၅၉၄ | ၁,၉၈၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၂.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၉.၇၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၈၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၀.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၃၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၉.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၇.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု

**အားကစားကဏ္ဍတွင်လည်း တစ်နှစ်နီးပါး ရပ်ဆိုင်းနေသည့် အားကစားပွဲများကို ပြန်လည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားကစားနည်းများတွင် မြန်မာ့သိုင်း အားကစားနည်းမှာ လူတိုင်းကစားနိုင်ပြီး ကိုယ်ခံပညာအားကစားနည်းဖြစ်သည့်အတွက် နိုင်ငံတော်၏အားကစားအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် စရိတ်မျှပေး ကျန်းမာရေးဆိုသော်လည်း တချို့အပိုင်းများတွင် ဆေးကုသစရိတ် မတတ်နိုင်သည့်အတွက် နစ်နာဆုံးရှုံးမှုများရှိသည်ကို စိတ်မကောင်းဖွယ်ရာ သိရှိရကြောင်း၊ ယင်းကိစ္စအတွက် မိမိတို့လစာထဲမှ သင့်တင့်သည့်သတ်မှတ်နှုန်းထားကို ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေသို့ထည့်ဝင်ပြီး ပြည်သူ့ဆေးရုံများတွင် နိုင်ငံ့ဝန်ထမ်းများမှစတင်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ပေးရေး စဉ်းစားရန် လိုအပ်ပါကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၁ /၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

**ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင်အား ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၂ /၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းလှလှအေး | ကချင်ပြည်နယ် |
| (၂) | ဦးကြည်မြိုင် | ကယားပြည်နယ် |
| (၃) | ဦးရဲလွင် | ကရင်ပြည်နယ် |
| (၄) | ဦးခွထီးယိုး | ချင်းပြည်နယ် |
| (၅) | ဒေါ်လှလှဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးအုန်းသန်း | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးခင်မောင်တင့် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါ်ခင်မြတ်သူ | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမြင့်အောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးမြင့်အောင် | မွန်ပြည်နယ် |
| (၁၁) | ဦးလှသိန်း | ရခိုင်ပြည်နယ် |
| (၁၂) | ဦးငွေးအောင် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးတင်ဦး | ရှမ်းပြည်နယ် |
| (၁၄) | ဒေါ်ခင်ခင်နွယ် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**☆ ရှေ့ဖုံးမှ**

စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့သည် မိမိတို့ကော်မတီနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ နိုင်ငံသားစိစစ်ရေးကတ်များ အမြန်ရရှိရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအလုပ်အကိုင်များရရှိရေးအတွက် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များဖြစ်သည့် ကျွမ်းကျင်သူများခန့်ထားခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များခန့်ထားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများအကြား အုပ်ချုပ်မှုအဆင်ပြေချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၄

တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်ကပ်သည့် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တပ်ကုန်းမြို့ မဟာဇနကကျောင်းတိုက် မဟာဇနကဗိမာန်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော် လှူဒါန်းပွဲအခမ်းအနားတွင် တပ်ကုန်းမြို့ မဟာသီဟနာဒပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဆရာတော်၊ သံဃာတော်များ ဆွမ်းဆန်တော်ကြောင့်ကြမှုမရှိစေရေး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ရဟန်း၊ သာမဏေ ၁၀၁၅ ပါး၊ သီလရှင် ၃၈၂ ပါးတို့အတွက် ဆွမ်းဆန်တော် အိတ် ၂၁၄ အိတ်ကို လည်းကောင်း၊ ၂၀၂၂ ခုနှစ် မတ် ၂ ရက်တွင် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးလျက်ရှိသည့် ရဟန်း၊ သာမဏေ ၅၀၂ ပါး၊ သီလရှင် ၅၁၇ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၁၄၅ အိတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့ဝန်ဆောင် အရှင်သူမြတ်တို့က သင်ယူပို့ချ ဟောပြောကျင့်ကြံထမ်းဆောင်၍ တရားတော်ဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟဖြင့် စွမ်းစွမ်းတမံ အားသွန်ကြိုးပမ်းတော်မူကြပြီး နိုင်ငံတော်အစိုးရနှင့် အလှူရှင်ပြည်သူတို့ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး-ပစ္စည်း ၄ ပါးတို့ဖြင့် အားပေးထောက်ပံ့ လှူဒါန်းခြင်း ပစ္စယာနုဂ္ဂဟဖြင့် တက်ညီလက်ညီ ပံ့ပိုးလှူဒါန်းကြခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ဆက်လက်တည်တံ့ ထွန်းလင်း ဝေစည်နေဦးမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ ဆည်းပူးအားထုတ်ရသည့် ကုသိုလ်ကောင်းမှုများကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ထွန်းလင်း အရှည်ခန့်၍ တည်တံ့ပါစေ၊ ကမ္ဘာသူ/ကမ္ဘာသားများ၊ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးမှ ကင်းဝေးနိုင်ကြပါစေ၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ကပ်ရောဂါအန္တရာယ်များ ကင်းရှင်းပြီး ငြိမ်းချမ်းသာယာနိုင်ကြပါစေကြောင်း လျှောက်ထားသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ ရွှေအင်းရိပ်သာကျောင်းတိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းတို့တွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ ၇၀၉ ပါး၊ သီလရှင် ၁၆၉ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၈၇၈ ပါး တို့အား ဆွမ်းဆန်တော် ၁၄၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အများဆုံးထိတွေ့ဆက်ဆံရပြီး ပြည်သူ့အကျိုးကို တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်း NGOs၊ INGOs များနှင့်လည်း ထိတွေ့ဆက်ဆံနေရသည့်အတွက် MoU၊ LoA ကိစ္စများသည် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နည်းပညာအကူအညီ Technical Assistance နှင့် အမှုအကျင့်ကောင်း Best Practice များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့က ၎င်းတို့စီမံကိန်းရန်ပုံငွေဖြင့် မိမိတို့နိုင်ငံအတွင်း သက်ဆိုင်ရာစီမံချက်၊ စီမံကိန်းများ ဆောင်ရွက်ခြင်းဖြစ်သောကြောင့် နိုင်ငံအတွက် Financial Assistance ရရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိနိုင်သော စီမံကိန်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ မိမိတို့တိုင်းပြည်အတွက် ကူညီဆောင်ရွက်ပေးခြင်းများကို လေးစားရမည်ဖြစ်သော်လည်း တိုင်းပြည်အကျိုးစီးပွားထိခိုက်စေနိုင်သည့်သူများကိုလည်း သတိပြုစောင့်ကြည့်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MoU၊ LoA များကိုပြန်လည်စိစစ်ရန်လိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဖွဲ့အစည်းအများစုမှာ မိမိတို့ဝန်ကြီးဌာနနှင့် ကာလတာရှည် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ရေရှည်တွင် မိမိတို့ကိုယ်တိုင် စီမံဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးစားရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးလက်ထောက်အတွင်းဝန်က နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်သည့်စီမံကိန်းများနှင့် စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ၊ သဘောတူညီမှုစာလွှာ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုစာလွှာ ရေးထိုးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ၂၇ ဖွဲ့၊ သဘောတူညီမှုစာလွှာ(LoA)ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ သုံးဖွဲ့၊ နည်းပညာ သဘောတူညီမှုစာလွှာ (LTA) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့နှစ်ဖွဲ့၊ စီမံကိန်းသဘောတူစာချုပ်(Project Agreement) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့သုံးဖွဲ့နှင့် လုပ်ငန်းအစီအစဉ် (Workplan)ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ စုစုပေါင်း ၃၆ ဖွဲ့တို့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန EOC ဌာနကြီးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် MoU ၊ LoA ၊ LoI ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ၁၉ ဖွဲ့တို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စာချုပ်တွင်ပါဝင်သော စီမံကိန်းဒေသများအတွက် ရန်ပုံငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ဝန်ကြီးဌာနက စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ ကွင်းဆင်းလေ့လာမှုအခြေအနေကိုလည်းကောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် MoU၊ LoA သက်တမ်းတိုး ဆောင်ရွက်နေသည့် အဖွဲ့အစည်း မရှိသည့်အခြေအနေ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် MoU လက်မှတ်ရေးထိုး ပြီးစီးသည့်အဖွဲ့အစည်း သုံးခု၊ MoU လက်မှတ်ရေးထိုးရန်ဆောင်ရွက်ဆဲ အဖွဲ့အစည်း ငါးခု၊ LoA လက်မှတ်ရေးထိုးပြီးစီးသည့် အဖွဲ့အစည်း နှစ်ခု၊ LoA လက်မှတ်ရေးထိုးရန် ဆောင်ရွက်ဆဲအဖွဲ့အစည်း နှစ်ခု၊ MoU လက်မှတ်ရေးထိုး ပြီးစီးသည့် အဖွဲ့အစည်းသုံးခု၊ LoA လက်မှတ်ရေးထိုးပြီးစီးသည့် အဖွဲ့အစည်း နှစ်ခုတို့နှင့်စပ်လျဉ်းသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက NGOs၊ INGOs အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ချက်များသည် အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ အကျိုးသက်ရောက်မှု ရှိ၊ မရှိ၊ Beneficiaries များ အမှန်တကယ် အကျိုးခံစားရခြင်း ရှိ၊ မရှိတို့ကို လေ့လာဆန်းစစ်သွားရမည်ဖြစ်ကြောင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring and Evaluation)ကို မူဘောင်နှင့် စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက်ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည့်နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက်(စနေနေ့)မွန်းလွဲ(၁၆:၀၀)နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၄**

နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်သွားကြရမည်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား အလှူရှင်များက ထမင်းဘူး၊ ထမင်းကြော်ဘူးနှင့် ကြာဆံကြော်ဘူးများ လှူဒါန်း

**ရန်ကုန် မတ် ၄**

လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား အလှူရှင်များက ထမင်းဘူး၊ ထမင်းကြော်ဘူးနှင့် ကြာဆံကြော်ဘူးများ လာရောက်လှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးတည်ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား အလှူရှင်များက နံနက်စာ/ညနေစာအဖြစ် ထမင်းဘူး ၉၀၀၊ ကြာဆံကြော်ဘူး ၁၀၀၀ နှင့် ထမင်းကြော်ဘူး ၁၂၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

ယခုကဲ့သို့ လှူဒါန်းရခြင်းမှာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို အချိန်ပြည့် တာဝန်ယူစောင့်ရှောက်ပေးနေသော ရဲတပ်ဖွဲ့ဝင်များ စားသောက်ရေးများ အခက်အခဲမဖြစ်စေရန် ထောက်ခံအားပေးသည့်အနေဖြင့် မိမိတို့ တတ်နိုင်သလောက် ကူညီလှူဒါန်းရခြင်းဖြစ်ကြောင်း အလှူရှင်က ပြောကြားခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်အရသိရသည်။

**သတင်းစဉ်**



# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ကွဲပြားကြဖို့လိုပါပြီ

**ကနောင်**

နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ အမှန်နဲ့အမှား၊ တရားနဲ့ မတရား ရောထွေးပြီး ပြည်သူတွေအသိတရားအပေါ် ခြိမ်းခြောက်လာနေတဲ့အန္တရာယ်တွေကို စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေ၊ တိုင်းပြည်ရဲ့ အနာဂတ်ကို နားလည်လက်ခံပြီး အကောင်းဆုံး၊ ထိခိုက်မှုအနည်းဆုံးအနေအထားကို ရွေးချယ်ပုံဖော်ရမယ့်အစား နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အမျိုးမျိုးအဖုံဖုံ ဖျက်လိုဖျက်ဆီး ပြုနေကြတာကို မြင်တွေ့နေရပါတယ်။

**တပ်မတော်အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့**

အားလုံးသိပြီးကြတဲ့အတိုင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲစာရင်းတွေမှာ ကြီးမားတဲ့ မဲကွာဟချက်တွေ ဖြစ်ပေါ်လာတဲ့အပေါ် ဖြေရှင်းဆောင်ရွက်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါတယ်။ မဲစာရင်းပြဿနာတွေကို ဖြေရှင်းပေးဖို့ အရေးယူဆောင်ရွက်ပေးဖို့ ပြည်သူတွေကရော၊ ပါတီတွေကရော၊ နောက်ဆုံး တပ်မတော်ကရော တောင်းဆိုခဲ့ပေမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းပယ်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းပယ်တဲ့အခါ ပြည်ထောင်စုလွှတ်တော်မှ တစ်ဆင့် ဖြေရှင်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ ဥပဒေနဲ့အညီ တောင်းဆိုတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခေါ်ယူပေးဖို့ငြင်းဆန်တဲ့အခါ လက်ရှိကြုံတွေ့နေရတဲ့အခြေအနေတွေကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပြန်ပါတယ်။ အဲဒီအဆင့်တွေအားလုံး ငြင်းပယ်ခံရတဲ့အခါ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ အဓိကတာဝန်ရှိတဲ့ သမ္မတဦးစီးတဲ့ အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် တင်ပြခဲ့ပါတယ်။ တပ်မတော်အနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီနောက်မှာ လွှတ်တော်အသီးသီး အစည်းအဝေးတွေ ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုတဲ့အခါမှာလည်း ရွှေ့ဆိုင်းမပေးခဲ့တဲ့အပြင် ပြည်သူ့လွှတ်တော်အစည်းအဝေး အစီအစဉ်တွေ ထုတ်ပြန်ပြီး ဆက်လက် လုပ်ဆောင်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အဓမ္မနည်းနဲ့ ရယူဆောင်ရွက်တာဖြစ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့အတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်အရ အရေးပေါ်အခြေအနေကို ကြေညာခဲ့ရတာဖြစ်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၄၁၈ အရ လွှဲအပ်တာဝန်ပေး**

ဒီလိုသာ မဖြေရှင်းပေးနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းမှုမှာ ယခုထက် ပိုမိုဆိုးရွားတဲ့ အခက်အခဲတွေ ဆက်တိုက်ကြုံတွေ့လာရမှာဖြစ်လို့ မဲစာရင်း စစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဖို့နဲ့ မှားနေတဲ့အရာတွေကို ပြန်လည်တည့်မတ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၄၁၈ အရ ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ၁-၂-၂၀၂၁ ရက်နေ့က လွှဲအပ်တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်။

> **အဲဒီအချိန်မတိုင်ခင်မှာ တပ်မတော်ရဲ့ တောင်းဆိုမှုတွေ၊ ပြည်သူတွေရဲ့ သံသယတွေ၊ ပါတီအသီးသီးရဲ့ ဖော်ထုတ်ချက်တွေကို လျစ်လျူရှု၊ မီဒီယာအသီးသီးရဲ့ ထောက်ပြမှုတွေကို လက်သင့်မခံတဲ့၊ ဖြေရှင်းပေးဖို့ လုံးဝမကြိုးစားခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ လွှတ်တော်တွေ၊ အစိုးရတွေရဲ့ တစ်ဇွတ်ထိုးနိုင်မှုဟာ လက်ရှိ မြန်မာနိုင်ငံရေးနဲ့ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးကို အဓိကဖျက်ဆီးပစ်လိုက်တာလို့ ဆိုချင်ပါတယ်။ မတူကွဲပြားမှု၊ မညီညွတ်မှုတွေကို ငြိမ်းချမ်းအောင်၊ ညှိနှိုင်းဆောင်ရွက်ရမယ့်အစား အတင်းအဓမ္မ ဆောင်ရွက်ခဲ့ခြင်းရဲ့ ရလဒ်အဖြစ် လက်ရှိမှာ ပြည်သူများ တည်ငြိမ်အေးချမ်းမှုကို စတင်ဆုံးရှုံးလာခဲ့ရခြင်း ဖြစ်ပါတယ်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ ကြေညာချက်အမှတ် ၁ /၂၀၂၁ မှာလည်း ဖော်ပြထားတာရှိပါတယ်။ အဲဒီကြေညာချက်မှာ မဲစာရင်းများ ကြီးမားစွာ ကွာခြားမှုတွေရှိနေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန် ပျက်ကွက်ခဲ့ကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအား ခေါ်ယူဖြေရှင်းပေးရန် တောင်းဆိုခဲ့တဲ့အခါမှာလည်း ဆက်လက်ပျက်ကွက်ခဲ့ကြောင်း အတိအလင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတဆီကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူဖြေရှင်းပေးဖို့ နှစ်ကြိမ်တင်ပြတဲ့အခါမှာလည်း ငြင်းပယ်ခံခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

အဲဒီအချိန်မတိုင်ခင်မှာ တပ်မတော်ရဲ့ တောင်းဆိုမှုတွေ၊ ပြည်သူတွေရဲ့ သံသယတွေ၊ ပါတီအသီးသီးရဲ့ ဖော်ထုတ်ချက်တွေကို လျစ်လျူရှု၊ မီဒီယာအသီးသီးရဲ့ ထောက်ပြမှုတွေကို လက်သင့်မခံတဲ့၊ ဖြေရှင်းပေးဖို့ လုံးဝမကြိုးစားခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ လွှတ်တော်တွေ၊ အစိုးရတွေရဲ့ တစ်ဇွတ်ထိုးနိုင်မှုဟာ လက်ရှိ မြန်မာနိုင်ငံရေးနဲ့ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးကို အဓိကဖျက်ဆီးပစ်လိုက်တာလို့ ဆိုချင်ပါတယ်။ မတူကွဲပြားမှု၊ မညီညွတ်မှုတွေကို ငြိမ်းချမ်းအောင်၊ ညှိနှိုင်းဆောင်ရွက်ရမယ့်အစား အတင်းအဓမ္မ ဆောင်ရွက်ခဲ့ခြင်းရဲ့ရလဒ်အဖြစ် လက်ရှိမှာ ပြည်သူများ တည်ငြိမ်အေးချမ်းမှုကို စတင်ဆုံးရှုံးလာခဲ့ရခြင်း ဖြစ်ပါတယ်။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရပါတီအား နိုင်ငံတော်တာဝန်ကို လွှဲအပ်ပေးမည်**

ဒါကြောင့် မတရားမှုအသီးသီးကို ပြန်လည်တည့်မတ်စေလိုတဲ့ စေတနာနဲ့ ဆောင်ရွက်ချက်တွေဖြစ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းမယ်။ မဲစာရင်းတွေ ပြန်လည်စစ်ဆေးပြီး လုပ်ဆောင်သင့်တာတွေကို ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်မယ်၊ ကိုဗစ်ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်မယ်။ ကိုဗစ်ကြောင့် ထိခိုက်သွားရတဲ့ စီးပွားရေးလုပ်ငန်းတွေကို နည်းလမ်းမျိုးစုံနဲ့ ပြန်လည်ကုစားမယ်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါအချက်တွေကို အလေးထားဆောင်ရွက်မယ်။ နောက်ဆုံးအချက်ကတော့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးရင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်ပေးမယ်ဆိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီအချိန်ကနေစတင်ပြီး ယနေ့အထိ ဆောင်ရွက်ချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အမြန်ဆုံး ပြန်လည်ဖွဲ့စည်းနိုင်ခဲ့တယ်။ မဲစာရင်းတွေ စတင်စစ်ဆေးဆောင်ရွက်နေသလို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း အပါအဝင် ကုသရေးလုပ်ငန်းတွေကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တပ်မတော်ကုသရေးတပ်ဖွဲ့ဝင်များအားလုံး အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။ နယ်ပယ်အသီးသီးက တတ်သိပညာရှင်တွေနဲ့ ပူးပေါင်းပြီး နိုင်ငံ့စီးပွားရေးအဘက်ဘက်က မြင့်တက်လာအောင် တွေ့ဆုံညှိနှိုင်းမှုတွေကိုလည်း လက်ရှိအရေးပေါ်ကာလကို တာဝန်ယူထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ခဲ့ပါတယ်။

အထက်ပါကိစ္စရပ်တွေကို ရှေ့လုပ်ငန်းစဉ်ငါးရပ်အဖြစ်ချမှတ်ပြီး အလျင်မြန်ဆုံး အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရှိရပါတယ်။ ယခုလို တိုင်းပြည်အတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ လုပ်ဆောင်တဲ့ဆောင်ရွက်ချက်တွေအပေါ် ခြောက်လှန့်သွေးထိုးမှုတွေ၊ တည်ငြိမ်မှုပျက်ပြားအောင် ကြံစည်အားထုတ်မှုတွေကို နေ့စဉ်နဲ့အမျှ ပြုလုပ်လာကြပါတယ်။ ပထမဆုံး နိုင်ငံတော်ကို လက်ရှိမှာတာဝန်ယူနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် လက်မခံဘူးဆိုတဲ့ အနီရောင်ဖဲကြိုးကမ်ပိန်း စတင်လာခဲ့ကြပါတယ်။ အဲဒီကနေတစ်ဆင့် ပြည်သူတွေအတွက် အခက်အခဲအကျပ်အတည်းမျိုးစုံ ကြုံစေဖို့ CDM ပြုလုပ်ကြဖို့ တိုက်တွန်းလာကြတာဖြစ်ပါတယ်။

**ည ၈ နာရီမှာ ပုံမှန်တင်ဆက်နေတဲ့ နိုင်ငံတော်ရဲ့ သတင်းအချက်အလက်တွေကို သတိမထားမိစေဖို့ ရည်ရွယ်**

အစိုးရရဲ့ ဥပဒေအရ ဆောင်ရွက်ချက်တွေအပေါ် ဆန့်ကျင်ရုံမျှမက နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်ပြီး အစိုးရယန္တရားကြီးတစ်ခုလုံး ရပ်တန့်သွားအောင် ကြံစည်လာကြတာဖြစ်ပါတယ်။ ပြည်သူအပေါ်ကို သတင်းအချက်အလက်အမှန်တွေ မရရှိအောင် ည ၈နာရီ သံပုံးတီးကြဖို့ တိုက်တွန်းမှုတွေ ဟိုကဒီကပေါ်လာကြတယ်။ ရည်ရွယ်ချက်ကတော့ ည ၈ နာရီမှာ ပုံမှန်တင်ဆက်နေတဲ့ နိုင်ငံတော်ရဲ့ သတင်းအချက်အလက်တွေကို သတိမထားမိစေဖို့ရည်ရွယ်ကြတယ်ဆိုတာကို ပြည်သူလူထုကတော့ သိဟန်မတူပါဘူး။

သံပုံးတီးခြင်း၊ အစိုးရဝန်ထမ်းတွေ ရုံးမတက်ခြင်းအပြင် တစ်ဆင့်တက်ပြီး ပြည်သူလူထုကို လမ်းပေါ်ရောက်အောင် တွန်းပို့ခဲ့ကြသူတွေက အခုအချိန်မှာ မမြင်ရတဲ့ အမှောင်ပလက်ဖောင်းတစ်ခုကနေ ဝမ်းသာနေလောက်ကြပါပြီ။ ပြည်သူတွေနဲ့ အနာဂတ်တိုင်းပြည်ရဲ့ လူငယ်လေးတွေဟာ နေ့စဉ်ရက်ဆက် မြို့နယ်အသီးသီး၊ လမ်းမအသီးသီးမှာ ဆန္ဒထုတ်ဖော်ကြတယ်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေကြတဲ့လူငယ်တွေ၊ ပြည်သူတွေကို တွေ့မြင်လာတဲ့အခါ သွေးထိုးမြှောက်ပင့်ပေးသူတွေက အဆင့်တက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေ ထိခိုက်ဒဏ်ရာရအောင်၊ အကြမ်းဖက်မှုအသွင်ဖြစ်အောင် ပြည်သူတွေကို အမျိုးမျိုးသွေးထိုးမြှောက်ပင့်ကြပါတော့တယ်။

**နိုင်ငံ့ဝန်ထမ်းအသီးသီးကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့ အကြိမ်ကြိမ်အထပ်ထပ် အသိပေးပြောဆို**

တစ်ဖက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပေးနေခဲ့ပါတယ်။

**စာမျက်နှာ ၇ သို့** ☆

> **တစ်ဖက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပေးနေခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူသို့ အသိပေးချက်တွေ၊ ပန်ကြားချက်တွေကို ဆက်တိုက်ထုတ်ပြန်ပေးနေခဲ့ပါတယ်။ အဖျက်အမှောင့်ပြုလုပ်နေတဲ့ မသမာသူအချို့ သွေးထိုးတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစာမပေးနိုင်တော့တာလိုမျိုး အခြေအမြစ်မရှိ အမျိုးမျိုးကို စိုးရိမ်ကြောင့်ကြမှုမရှိစေဖို့ အသိပေးချက်တွေ ထုတ်ပြန်တာ၊ ကောလာဟလသတင်းတွေကို ရှင်းလင်းပေးတာအပြင် ဆရာဝန်၊ အင်ဂျင်နီယာနဲ့ ဆရာ၊ ဆရာမတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းအသီးသီးကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့ အကြိမ်ကြိမ်အထပ်ထပ် အသိပေးပြောဆိုခဲ့တာဖြစ်ပါတယ်။**

# ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈–၂–၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် –

တယ်လီဖုန်းနံပါတ် – ၀၆၇–၃၄၁၁၅၁၈/ ၀၆၇–၃၄၁၁၅၁၉/ ၀၆၇–၃၄၁၁၁၄၄
၀၉–၈၈၂၅၅၇၉၉၁/ ၀၉–၈၈၂၅၅၇၉၉၂/ ၀၉–၈၈၂၅၅၇၉၉၃
Email – office@e-mohs.gov.mm

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

✰ စာမျက်နှာ ၆ မှ

ဒါ့အပြင် ပြည်သူသို့ အသိပေးချက်တွေ၊ ပန်ကြားချက်တွေကို ဆက်တိုက်ထုတ်ပြန်ပေးနေခဲ့ပါတယ်။ အဖျက်အမှောင့်ပြုလုပ်နေတဲ့ မသမာသူ အချို့သွေးထိုးတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစာမပေးနိုင်တော့တာလိုမျိုး အခြေအမြစ်မရှိအမျိုးမျိုးကို စိုးရိမ်ကြောင့်ကြမှုမရှိစေဖို့ အသိပေးချက်တွေ ထုတ်ပြန်တာ၊ ကောလာဟလသတင်းတွေကို ရှင်းလင်းပေးတာအပြင် ဆရာဝန်၊ အင်ဂျင်နီယာနဲ့ ဆရာ ဆရာမတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းအသီးသီးကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့ အကြိမ်ကြိမ်အထပ်ထပ် အသိပေးပြောဆိုခဲ့တာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပေမယ့် ထိုလွတ်လပ်မှုဟာ သူတစ်ပါးကို ထိပါးစေတာမျိုး ပြုလုပ်လို့မရပါဘူး။ မိမိနဲ့ သဘောထား အယူအဆမတူညီတဲ့အခါမှာလည်း ကွဲလွဲခွင့်ပေးရတာရှိပါတယ်။ မတားဆီးသင့်၊ မထိပါးသင့်ဘူးဆိုတာကို ပြည်သူကို အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်တားဆီးဖျက်ဆီးတဲ့ ကျူးလွန်မှုတွေကို ထိထိရောက်ရောက် ဟန့်ထားပါတော့မယ်။ ဥပဒေတွေအရ အရေးယူဆောင်ရွက်သွားပါတော့မယ်ဆိုပြီး ဖေဖော်ဝါရီ ၈ ရက်ကတည်းက ပြည်သူကို မေတ္တာရပ်ခံထားခဲ့ပြီးဖြစ်တာကိုလည်း မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မည်သို့ပင် အသိပေးတာ၊ ပန်ကြားတာနဲ့ မေတ္တာရပ်ခံတာတွေကို ပြုလုပ်ခဲ့ပေမယ့်လည်း၊ ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်တွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ပေမယ့်လည်း အဖျက်အမှောင့်လုပ်ဆောင်သူတွေဟာ ရပ်တန့်မသွားဘဲ ရှေ့ဆက်တိုးဆောင်ရွက်ချက်တွေ ပြုလုပ်ခဲ့တာဟာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်ခဲ့တာတွေဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ကျောက်ဆည်မြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ ကြက်သွန်နီများ စိုက်ပျိုးထွက်ရှိ



ကျောက်ဆည် မတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီများကို အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူ စားသုံးနိုင်ရန်အတွက် Door to Door စနစ်ဖြင့် သမဝါယမကဏ္ဍမှ No Profit, No Loss မူအတိုင်း ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၄၅၇၇၂၀ | ၂၀၀၀၃၃၃၉ | ၅၃၁၆၇၈ |
| ၂။ | အိန္ဒိယ | ၁၁၁၅၈၉၂၂ | ၁၀၈၂၆၀၇၅ | ၁၅၇၄၈၇ |
| ၃။ | ဘရာဇီး | ၁၀၇၂၂၂၂၁ | ၉၅၉၁၅၉၀ | ၂၅၉၄၀၂ |
| ၄။ | ရုရှား | ၄၂၉၀၁၃၅ | ၃၈၆၉၈၅၇ | ၈၇၈၂၃ |
| ၅။ | ဗြိတိန် | ၄၁၉၄၇၈၅ | ၃၀၀၅၇၂၀ | ၁၂၃၇၈၃ |
| ၆။ | ပြင်သစ် | ၃၈၁၀၃၁၆ | ၂၆၁၂၈၉ | ၈၇၅၄၂ |
| ၇။ | စပိန် | ၃၁၃၆၃၂၁ | ၂၇၂၂၃၀၄ | ၇၀၂၄၇ |
| ၈။ | အီတလီ | ၂၉၇၆၂၄၇ | ၂၄၄၀၂၁၈ | ၉၈၆၃၅ |
| ၉။ | တူရကီ | ၂၇၃၄၈၃၆ | ၂၅၉၃၂၆၄ | ၂၈၇၇၁ |
| ၁၀။ | ဂျာမနီ | ၂၄၇၄၄၀၄ | ၂၂၈၃၄၀၀ | ၇၁၇၄၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၆၁၀၉၈ | ၁၁၇၆၃၅၆ | ၃၆၈၉၇ |
| ၂။ | ဖိလစ်ပိုင် | ၅၈၄၆၆၇ | ၅၃၅၀၃၇ | ၁၂၄၀၄ |
| ၃။ | မလေးရှား | ၃၀၇၉၄၃ | ၂၈၃၆၂၉ | ၁၁၅၃ |
| ၄။ | မြန်မာ | ၁၄၂၀၀၀ | ၁၃၁၅၇၁ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၅၉၉၉၈ | ၅၉၈၃၇ | ၂၉ |
| ၆။ | ထိုင်း | ၂၆၁၆၂ | ၂၅၅၆၂ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၄၈၈ | ၁၉၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၉၀၉ | ၄၈၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၇ | ၁၈၁ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင် မဲရုံပေါင်း ၂၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၃၀၄ ဖြစ်ပြီး မဲပေး အသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၀၅၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၂၄၉၊ မြေပြင်လက်ကျန် ၁၁၀၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၃၀၆ ဖြစ်ပြီး တရားမဝင်အပိုသုံး မဲလက်မှတ် အရေအတွက်မှာ ၉၆ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၅၃၀၀ | ၁၄၅၅၃ | ၁၀၇၄၇ | ၁၀၅၃၇ | ၃၀၆ | ၉၆ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၃၃ | ၅၀၂ | ၃၁ | ၃၁ | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၁ | - | ၄၇၁ | ၄၇၁ | - | - | |
| | စုစုပေါင်း | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ | |

ကျောက်တံတားမြို့နယ်တွင် ရပ်ကွက်အလိုက် ကြိုတင်မဲများကောက်ခံရာတွင် ကြိုတင်မဲလက်ခံဖြတ်ပိုင်းများ ထည့်သွင်းအပ်နှံရန် ပျက်ကွက်မှုများရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဇ)တွင် “မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်-

(၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊
(၂) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊
(၃) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊
(၄) ပယ်မဲ ပုံစံ(၁၇)များ။” ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ရပ်ကွက်မဲရုံ ၈ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ်အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်-

### ကျောက်တံတားမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၁ | ၉၀၀ | ၉၃၄ | ၃၄ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၉၀၀ | ၉၀၂ | ၂ |
| ၃ | အမှတ်(၆)ရပ်ကွက် | ၃ | ၇၀၀ | ၇၀၂ | ၂ |
| ၄ | အမှတ်(၇)ရပ်ကွက် | ၁ | ၁၃၅၀ | ၁၃၅၁ | ၁ |
| ၅ | အမှတ်(၇)ရပ်ကွက် | ၃ | ၉၀၀ | ၉၅၀ | ၅၀ |
| ၆ | အမှတ်(၉)ရပ်ကွက် | ၁ | ၉၅၀ | ၉၅၁ | ၁ |
| ၇ | အမှတ်(၉)ရပ်ကွက် | ၃ | ၁၁၅၀ | ၁၁၅၃ | ၃ |
| ၈ | အမှတ်(၉)ရပ်ကွက် | ၄ | ၁၂၀၀ | ၁၂၀၃ | ၃ |
| | စုစုပေါင်း | | ၈၀၅၀ | ၈၁၄၆ | ၉၆ |

ရပ်ကွက်မဲရုံ ၁၀ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ကျောက်တံတားမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ် ပျောက်ဆုံးစာရင်း

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၅၀၀ | ၄၇၃ | ၂၇ |
| ၂ | အမှတ်(၁)ရပ်ကွက် | ၃ | ၈၀၀ | ၇၉၆ | ၄ |
| ၃ | အမှတ်(၂)ရပ်ကွက် | ၃ | ၉၀၀ | ၈၉၉ | ၁ |
| ၄ | အမှတ်(၃)ရပ်ကွက် | ၁ | ၈၅၀ | ၈၄၉ | ၁ |
| ၅ | အမှတ်(၃)ရပ်ကွက် | ၃ | ၁၁၅၀ | ၁၀၀၀ | ၁၅၀ |
| ၆ | အမှတ်(၅)ရပ်ကွက် | ၁ | ၈၀၀ | ၇၉၉ | ၁ |
| ၇ | အမှတ်(၆)ရပ်ကွက် | ၄ | ၈၀၀ | ၇၉၉ | ၁ |
| ၈ | အမှတ်(၇)ရပ်ကွက် | ၂ | ၁၃၀၀ | ၁၂၅၀ | ၅၀ |
| ၉ | အမှတ်(၈)ရပ်ကွက် | ၁ | ၁၂၀၀ | ၁၁၅၃ | ၄၇ |
| ၁၀ | အမှတ်(၈)ရပ်ကွက် | ၃ | ၁၀၀၀ | ၉၇၆ | ၂၄ |
| | စုစုပေါင်း | | ၉၃၀၀ | ၈၉၉၄ | ၃၀၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင် စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံ

**ထားဝယ် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ကုန်သည်စက်မှုအသင်းနှင့် ညီနောင်အသင်းများ၊ အသေးစား၊ အငယ်စား၊အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေရာတွင် အဆင်ပြေနိုင်ရေး အခက်အခဲများလည်းရှိနိုင်ကြောင်း၊ ကျွန်တော်တို့အဖွဲ့အနေဖြင့် တိုက်ရိုက်ဆုံးဖြတ် ပံ့ပိုးကူညီရမည့် လုပ်ငန်းများကို ကြန့်ကြာနှောင့်နှေးခြင်းမရှိစေဘဲ သွက်သွက်လက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် လက်လှမ်းမမီသောလုပ်ငန်းများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် တွေ့ကြုံရသော အခက်အခဲများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်အသင်းအဖွဲ့များက လက်ရှိဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းအခြေအနေများနှင့် တွေ့ကြုံရသော အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အန္တရာယ်တွင်းသို့ အတင်းတွန်းပို့နေမှုများကို ချင့်ချိန်သိရှိကာ ရှောင်ရှားသင့်

နေပြည်တော်  မတ်  ၄

ဆန္ဒပြမှုဖြစ်စဉ်များတွင် နောက်ကွယ်မှ သွေးထိုးမြှောက်ပင့် စည်းရုံးလှုံ့ဆော်မှုများရှိနေကြောင်း သတင်းများ ထုတ်ပြန်သတိပေးနေသော်လည်း လူငယ်ထုအနေဖြင့် စိတ်ခံစားမှုများကို ရှေ့တန်းတင်ကာ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် ယမန်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် တွေ့ရှိရသည့် CCTV မှတ်တမ်းအရ ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ လူခြောက်ယောက်က အုပ်စုဖွဲ့ပြီး မီးခိုးဗုံးပစ်လက်နက်ဟု ယူဆရသည့် လက်နက်များကို အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားပြီးလည်း ဖြစ်သည်။

ထို့ပြင် လက်နက်ငယ်ဖြင့် ထိခိုက်သေဆုံးသည့် ဖြစ်စဉ်အချို့တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမဟုတ်ဘဲ နောက်ကွယ်မှ လုပ်ကြံသူများရှိနေကြောင်း နားလည်သိရှိသူများ၏ ဖော်ထုတ်တွေ့ရှိချက်အရ သတိထားကြရန် လိုအပ်နေသည့်အချိန်အခါဖြစ်သည်။

တည်ဆဲအစိုးရအား ဖီဆန်ရန် နှစ်ဖက်ညှပ်ပြီး တိုက်ပွဲဝင်နေသည့် ဖြစ်စဉ်များအရ ပြည်သူလူထုအနေဖြင့် ဆန္ဒပြအုပ်စုများတွင် ပါဝင်ခြင်းမပြုသင့်ကြောင်း၊ လူငယ်ထုအား သွေးဆောင်ဖြားယောင်းနေသူများက အန္တရာယ်တွင်းသို့ အတင်းတွန်းပို့နေမှုများကို ပညာဉာဏ်ဖြင့် ချင့်ချိန်သိရှိကာ ရှောင်ရှားသင့်ကြောင်း အတွေ့အကြုံရင့်ကျက်ပြီး မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သူများက စေတနာဖြင့် သတိပေးလျက်ရှိသည်။ **သတင်းစဉ်**



# ကော့သောင်းမြို့ ခရိုင်/မြို့နယ်တရားရုံးအား မသမာသူအကြမ်းဖက်လူတစ်စုက လာရောက် မီးရှို့

နေပြည်တော်  မတ်  ၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အောင်သုခရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ခရိုင်/မြို့နယ်တရားရုံးအား မသမာသူအကြမ်းဖက်လူတစ်စုက မီးရှို့ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ခရိုင်/မြို့နယ်တရားရုံးဝင်းအတွင်း၌ ထိန်းသိမ်းထားရှိသော သိမ်းဆည်းရမိသက်သေခံပစ္စည်းများဖြစ်သည့် ဆိုင်ကယ်များအား မသမာသူအကြမ်းဖက်လူတစ်စုက လာရောက်မီးရှို့ခဲ့ရာမှ ဆိုင်ကယ်များမီးလောင်ကျွမ်းခဲ့ပြီး ၎င်းမှတစ်ဆင့် တရားရုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။ မီးလောင်ကျွမ်းမှုအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများဖြစ်သည့် ဆိုင်ကယ် အစီး ၇၀၊ မြို့နယ်တရားသူကြီးရုံးခန်း၊ ခရိုင်တရားသူကြီးရုံးခန်းတို့ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တရားဥပဒေမဲ့ လုပ်ရပ်များဆောင်ရွက်လာမှုအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့**

# သဒ္ဓါ နဲ့ ပညာ မျှတပါမှ

ပုညကပ္ပိယ

"သဒ္ဓါ နဲ့ ပညာဟာ မျှတရမယ်" လို့ ကျေးဇူးရှင် ပါမောက္ခချုပ်ဆရာတော်ကြီး မိန့်ကြားတဲ့ တရားတော်ကို ၂-၂-၂၀၂၁ ရက်နေ့၊ မွန်းလွဲ ၂ နာရီက Channel 9 မှာ လွှင့်ထုတ်တဲ့ ဓမ္မဒါန အစီအစဉ်မှာ နာယူမှတ်သားခဲ့ရပါတယ်။ တရားတော်ကို အစပိုင်းတော့ မမီလိုက်ပါ။

အခုလို နာကြားရတဲ့အတွက် "သဒ္ဓါ" ယိုဖိတ်လွန်းမက ယိုဖိတ်လာတာမို့ ဒီစာကို "ပညာ"နဲ့ သဟဇာတမျှတစွာ ရေးသားဖို့ စိတ်ကူးရလို့ ရေးတာဖြစ်ပါတယ်။

ပထမဆုံးတော့ ဖတ်မှတ်လေ့လာဖူးသမျှကို မျှဝေချင်ပါတယ်။

"သဒ္ဓါ" နဲ့ "ပညာ"ဟာ စေတသိက်တွေပဲ ဖြစ်ပါတယ်။

မိမိတို့ရဲ့ "စိတ်"နဲ့ အတူဖြစ်၊ စိတ်နဲ့အတူချုပ်တာက "စေတသိက်"ပါ။ စေတသိက် ၅၂ ပါးရှိပါတယ်။ စိတ်အားလုံးနဲ့ယှဉ်တဲ့ စေတသိက် ခုနစ်ပါး၊ စိတ်တချို့နဲ့သာ ရောရောပြွမ်းပြွမ်း ယှဉ်တတ်တဲ့စေတသိက်ခြောက်ပါး၊ အကုသိုလ်စိတ်တွေနဲ့ သာယှဉ်တဲ့ စေတသိက် ၁၄ ပါး၊ ကုသိုလ်စိတ်တွေနဲ့ သာယှဉ်တဲ့ စေတသိက် ၂၅ ပါးရှိပါတယ်။ အားလုံးပေါင်းတော့ စေတသိက် ၅၂ ပါးပေါ့။

"သဒ္ဓါ နဲ့ ပညာ" စေတသိက် နှစ်ပါးကတော့ ကောင်းတဲ့စိတ်၊ အပြစ်ကင်းတဲ့စိတ်၊ ကုသိုလ်စိတ်တွေမှာယှဉ်တဲ့ "ကုသိုလ်စေတသိက်" တွေဖြစ်ပါတယ်။

ပြုတတ်တဲ့၊ ချမ်းသာတဲ့၊ မျိုးရိုးကောင်းလူသားဘဝ ရနိုင်သလို အကုသိုလ်ပြုတတ်တဲ့၊ ဆင်းရဲတဲ့၊ ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ လူသားဘဝ၊ ဒါမှမဟုတ် အပါယ်တိရစ္ဆာန် ဘဝကို ရောက်နိုင်တယ်လို့ တရားနာရင်း အသိဉာဏ်ပွားမိပါတယ်။

သို့သော် ဘယ်ဘဝကိုရောက်ရောက် အရွယ်ရောက်လာလို့ လူလားမြောက်လာတဲ့အချိန်မှာ အသိဉာဏ်ပညာရှိလာတဲ့အချိန်မှာတော့ မိမိရှင်သန်လိုတဲ့ ပတ်ဝန်းကျင်၊ အပေါင်းအသင်းကို ရွေးချယ်နိုင်ဖို့ကတော့ မိမိကိုယ်တိုင် ရွေးချယ်ရမှာဖြစ်တယ်လို့ ဟောတော်မူတယ်လို့ မှတ်သားမိတယ်။

အလွန်အဖိုးတန်တဲ့ မှတ်သားရမယ့်၊ လိုက်နာရမယ့်၊ မိမိတို့ သိသလိုလိုနဲ့ မသိဖြစ်နေတဲ့ "ဓမ္မ"ကို ရှင်းနေအောင် ဟောသွားတော်မူတာ ဖြစ်ပါတယ်။

သည်နေရာမှာ "ပညာ"ဟာ ဦးဆောင်တယ်။ သည်နေရာမှာ ပညာဆိုတာ "အသိဉာဏ်ပညာ" ကို ညွှန်းတာပဲဖြစ်ပါတယ်။ အသိဉာဏ်မဲ့ပြီး အပေါင်းအသင်းမှားမယ်၊ အလုပ်မှား၊ အတွေးမှားမယ်ဆိုရင်တော့ ကိုယ်ပြုတဲ့ကံ(သင်္ခါရ)ရဲ့ အကျိုးပေးမှု "ဝိပါတ်" ဆိုးကျိုးတွေကို ခံစားရတော့မှာဖြစ်တယ်။ ကိုယ်ကျိုးနည်းတော့မှာဖြစ်ပါတယ်။

ကုဋေရှစ်ဆယ်သူဌေးသားဟာ လောကီပညာမတတ် အသိဉာဏ်မဲ့လို့ "နင်သာလူမိုက်၊ ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကြ----တောမှာသေသည်၊ ကောင်သေဋ္ဌင်းတကျ၏တည်း" ဆိုတဲ့ စာကို မိမိတို့ခေတ်

အရွယ်ရလာတဲ့အခါ ရွေးချယ်ရမယ့် ပတ်ဝန်းကျင်နဲ့ မိတ်ဆွေအပေါင်းအသင်းကိုတော့ အသိဉာဏ်ပညာနဲ့ယှဉ်ပြီးရွေးမှ ယခုဘဝ လာမယ့် အနာဂတ်ဘဝတို့ဟာ လှပသာယာကောင်းမွန်မယ်ဆိုတာကို အထက်က ဥဒါဟရုဏ်တွေက ပြဆိုနေတယ်ဆိုတာ သတိချပ်သင့်ပါတယ်။

ဆရာတင်တာမှားရင်၊ အပေါင်းအသင်းမှားရင်၊ သင့်လျော်လျောက်ပတ်တဲ့ ပတ်ဝန်းကျင်ကို မရွေးမိရင်("ပဋိရူပဒေသဝါသောစ" မဖြစ်ရင်) လက်ငင်းသေချာတာကတော့ အခုလက်ရှိဘဝမှာ ဆိုးကျိုးတွေ တွေ့ရမယ်၊ ခံစားရမယ်ဆိုတာ သေချာနေတာပေါ့နော်။ ချင့်ချိန်နိုင်အောင် ပြောရတာဖြစ်ပါတယ်။

ပစ္စုပ္ပန်တောင် မကောင်းရင် နောင်လာမယ့် "အနာဂတ်"ဆိုတာတော့ ဝေလာဝေးပေါ့။ စဉ်းစားသာကြည့်တော့။

သည်လို ရွေးချယ်မှုမျိုးမှာ "ပညာ"လို့ဆိုတဲ့ အသိဉာဏ်က ဘာလို့ဦးဆောင်သလဲဆိုရင် "သဒ္ဓါ" ဆိုတဲ့ ရတနာသုံးပါးနဲ့ ကံ, ကံ၏ အကျိုးကို ယုံကြည်လေးမြတ်တတ်တဲ့သဘောက ထောက်ပံ့ပေးထားလို့ပဲ ဖြစ်ပါတယ်။

ပညာနဲ့သဒ္ဓါမျှတအချိုးကျစွာပေါင်းစပ်မိပြီး ကောင်းမှုပြုတော့ ရလာမယ့်အကျိုးဆက်က ကောင်းတဲ့အကျိုးရတာပေါ့။

အကြောင်းနဲ့အကျိုးဆက်စပ်မှုလို့ ရှုမှတ်လို့လည်းရမယ် ထင်မိပါတယ်။

သဒ္ဓါနဲ့ပညာမမျှတရင် ဘာဖြစ်မလဲ။ ဒါကို

**"သဒ္ဓါ" ဆိုတဲ့ ယုံကြည်မှုတရားက လွန်ကဲပြီဆိုမှဖြင့် "မျက်ကန်းတစ္ဆေမကြောက်တဲ့ Blind Faith ယုံကြည်မှုမျိုး"ဖြစ်မှာပေါ့။ မမြင်မစမ်းဆိုရင်ဖြင့် အန္တရာယ်များလှပေါ့နော်။ ကိုယ့်ဘာသာကိုယ် ဆင်ခြင်ကြည့်စေလိုပါတယ်။ ကိုယ့်ရဲ့ယုံကြည်မှုက ကျိုးကြောင်းဆီလျော်တဲ့ ယုံကြည်မှုလား။ အပြစ်ကင်းတဲ့ ယုံကြည်မှုလား။ မိမိ၊သူတစ်ပါး အကျိုးများမယ့် ယုံကြည်မှုလား။ မိမိကို အကျိုးယုတ်စေမယ့် ယုံကြည်မှုလား။ သေချာဆန်းစစ်ဖို့လိုတယ်။ အင်မတန် နက်နဲသိမ်မွေ့ပါတယ်။**

"သဒ္ဓါ"စေတသိက်ဆိုတာ "ရတနာ သုံးပါး၊ ကံ,ကံ၏အကျိုး စတာတွေကို ကြည်ညိုလေးမြတ် ယုံကြည်တတ်သော"သဘောရှိပါတယ်။

"ပညာ" စေတသိက်ကတော့ "အာရုံ၏ သဘောအမှန်ကို ထိုးထွင်း၍သိခြင်း၊ အမှားအမှန်ကို ခွဲခြားချင့်ချိန် သိမြင်နိုင်ခြင်း"သဘောရှိပါတယ်။

အန္တပုထုဇဉ်မို့ ပါဠိတွေတော့ နာချိန်မှာ မှတ်သားမိသော်လည်း ခုပြန်ရေးရင်ဖြင့် မရတော့တာမို့ စကားပြေသက်သက်သာ၊ လူပြိန်း (လူပိန်း) ရေး ရေးရတော့မှာဖြစ်ပါတယ်။

မိမိစတင်နာကြားတဲ့အချိန်မှာ ဆရာတော်ကြီးဟောကြားတော်မူနေတာကတော့ ရွေးချယ်၍မရတဲ့ လူ့ဘဝအစနဲ့ ရွေးချယ်၍ရတဲ့ လူ့ဘဝနဲ့ ပတ်ဝန်းကျင် အပေါင်းအသင်းတွေနဲ့ ဆက်နွှယ်ဟောကြားနေခြင်းဖြစ်ပါတယ်။

"ကိလေသဝဋ္ဋ"ဆိုတဲ့ အဝိဇ္ဇာအရင်းခံ၊ တဏှာခြံရံပြီး "ကမ္မဝဋ္ဋ"ဆိုတဲ့ ပြုမိမှားတွေကြောင့် "ဝိပါကဝဋ္ဋ" ဆိုတဲ့ အကျိုးဆက် "ဘဝသစ်" တစ်ခုကိုရခဲ့ကြတာမို့ ဘယ်မိဘမျိုးရိုး၊ ဘယ်လိုအမိဝမ်းကြာတိုက်ကိုမှ ဝင်စားချင်တယ်ဆိုတဲ့ ရွေးချယ်မှုကိုတော့ မိမိတို့ ရွေးချယ်ပိုင်ခွင့်မရှိဘဲ "ကံပစ်ချရာဘဝ"ကို ရတာမို့ ကုသိုလ်ကောင်းမှု

ကစလို့ သည်နေ့ခေတ်အထိ သင်ခဲ့ရ၊ ကြားခဲ့ရတာမို့ သင်ခန်းစာယူစရာဖြစ်ပါတယ်။

ဆရာတင်မှားတဲ့ အဇာတသတ်မင်းရဲ့ နိဂုံးကိုလည်း အထွေအထူးရှင်းပြစရာမလိုအောင် မိမိတို့ အပါအဝင် ခေတ်သုံးခေတ်မျိုးဆက်တွေအားလုံး သေသေချာချာသိပါတယ်။

ဆရာတင်မမှားဖို့လိုပါတယ်။ အရေးကြီးပါတယ်။

နောက်တစ်ခု။

ကျေးညီနောင်ပုံပြင်ရှိသေးတယ်။ ဒါလည်း အရွယ်သုံးပါးလုံးသိကြပါတယ်။

"အသေဝနာစ ဗာလာနံ"၊ "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ"ဆိုတဲ့ မင်္ဂလာသံပေါက်ကိုသာ တွင်တွင်ကြီး တွေးမြင်ကြ၊ ကြံဆကြစေလိုပါတယ်။

ဆွေမတော်မျိုးမစပ် တစ်ပြည်သား ဘာသာခြားဇင်ကာနဲ့ပေါင်းမိတဲ့ နတ်သျှင်နောင်ရဲ့ ဇာတ်သိမ်းကိုလည်း စာသင်ဖူးတဲ့သူတိုင်း လူငယ်လူရွယ်၊ လူကြီးအားလုံးသိကြတာမို့ အထူးအကျယ်ချဲ့မရေးလိုတော့ပါ။

မိမိတို့ဟာ ရခဲလှတဲ့ လူ့ဘဝကို ဘယ်လိုဘဝမျိုးမှ ရချင်ပါတယ်လို့ ရွေးချယ်ပိုင်ခွင့် မရှိပေမယ့် အသက်

လည်း သည်လို ကြားနာမှတ်သားရမိပါတယ်။

"သဒ္ဓါ" ဆိုတဲ့ ယုံကြည်မှုတရားက လွန်ကဲပြီဆိုမှဖြင့် "မျက်ကန်းတစ္ဆေမကြောက်တဲ့ Blind Faith ယုံကြည်မှုမျိုး"ဖြစ်မှာပေါ့။ မမြင်မစမ်းဆိုရင်ဖြင့် အန္တရာယ်များလှပေါ့နော်။ ကိုယ့်ဘာသာကိုယ် ဆင်ခြင်ကြည့်စေလိုပါတယ်။ ကိုယ့်ရဲ့ယုံကြည်မှုက ကျိုးကြောင်းဆီလျော်တဲ့ ယုံကြည်မှုလား။ အပြစ်ကင်းတဲ့ ယုံကြည်မှုလား။ မိမိ၊သူတစ်ပါး အကျိုးများမယ့် ယုံကြည်မှုလား။ မိမိကို အကျိုးယုတ်စေမယ့် ယုံကြည်မှုလား။ သေချာဆန်းစစ်ဖို့လိုတယ်။ အင်မတန်နက်နဲသိမ်မွေ့ပါတယ်။ တော်ရုံ "ပညာ"နဲ့တော့ မရနိုင်ဘူး ထင်ပါတယ်။

"ပညာ" များသွားရင်ရော ဘာဖြစ်မလဲ။ ကုရာနတ္ထိဆေးမရှိ။ ဆေးပေးမှားလို့ဖြစ်တဲ့ ရောဂါဟာ ကုရခက်သတဲ့။

ကျေးဇူးရှင် ပါမောက္ခချုပ်ဆရာတော်ကြီး ဟောကြားသွားတော်မူတာတွေဟာ ပီဘိ "ဓမ္မစစ်" တွေပဲဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။ လက်ခံယုံကြည်မိပါတယ်။

ကာလသုံးပါးနဲ့ ကိုက်ညီ၊ ဆီလျော်၊ ညီညွတ်တာမို့လည်း မြတ်စွာဘုရားသခင်ရဲ့ နှုတ်တော်ထွက်တရားဓမ္မတွေကို လူပြိန်း(လူပိန်း)တွေ နားလည်အောင် ထပ်ဆင့်ရှင်းလင်းဟောကြားပေးတော်မူတဲ့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ တရားတော်တွေဟာ ဓမ္မစစ်တွေလို့ ပူဇော်ရေးသားမိတာဖြစ်ပါတယ်။

အကြောင်းအကျိုး၊ အမှားအမှန်၊ မိမိ၊ သူတစ်ပါးတို့ရဲ့ အကျိုးကိုဖြစ်စေသလား၊ မဖြစ်စေဘူးလားဆိုတာကို မှန်ကန်စွာ တွေးတောတတ်၊ မှန်ကန်စွာလုပ်တတ်ဖို့က မှန်ကန်သောယုံကြည်မှု အားကောင်းဖို့လိုတယ်။

မှန်ကန်စွာယုံကြည်မှ မှန်ကန်စွာလက်ခံတတ်တယ်။ မှန်ကန်စွာလက်ခံတတ်မှ မှန်ကန်စွာကျင့်ကြံတတ်တယ်။ မှန်ကန်စွာကျင့်ကြံတတ်မှ ကောင်းကျိုးသုခတွေရတယ်ဆိုတာ စွဲမြဲမှတ်သားမိပါတယ်။

ဘုန်းတော်ကြီး မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို နတ်သားတစ်ပါးက မေးခွန်း ပုစ္ဆာလေးခု မေးမြန်းလျှောက်ထားမှုအပေါ် ဘုရားရှင်က ပြန်လည်ဖြေကြားပုံတွေနဲ့ ဆရာတော်ကြီး တရားကို ချသွားတယ်။

အမေးအဖြေတွေ အားလုံးကို ရေးနေရင် စာသိပ်ရှည်နေမယ်။

(အရေးအကြီးဆုံးလို့ မိမိထင်တဲ့) နောက်ဆုံး ပုစ္ဆာကိုပဲ ရေးပါရစေ။

နတ်သားကမေးလျှောက်တယ်။ "နောင်လာမယ့်ဘဝ(အနာဂတ်)"အတွက် အရေးအကြီးဆုံး မိတ်ဆွေဆိုတာ ဘာပါလဲဘုရား"တဲ့ (မိမိနားလည်သလို စကားပြေနဲ့ရေးတာနော်)။

သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ရဲ့ ဖြေကြားပုံက လူပြိန်း(လူပိန်း)တွေ ရှင်းလင်းစွာ နားလည်စေနိုင်ခဲ့တယ်လို့ ယုံကြည်မိပါတယ်။

နောင်လာမယ့် "အနာဂတ်ဘဝ"အတွက် အကောင်းဆုံးမိတ်ဆွေကတော့ ယခု ပစ္စုပ္ပန်ကာလမှာ ကိုယ်ပြုခဲ့တဲ့ "ကံ"ဟာ အကောင်းဆုံးမိတ်ဆွေပါပဲတဲ့။ အဲဒီကံက အနာဂတ်ကို ပေးစွမ်းမှာလို့ သဘောပိုက်မိပါတယ်။ မိတ်ဆွေဆိုတာ "သဟာယ"အပေါင်းအသင်းလို့နားလည်မိပါတယ်။ "အပေါင်းအသင်းကြောင့်ဂုဏ်တက်၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်"တယ်ဆိုတဲ့စကားကို အများနားလည်ကြပါတယ်။

သတိထောက်ပေးတဲ့သဘောကို နားလည်ပေးစေလိုပါတယ်။

"ကောင်းသောကံ၊ ကောင်းသောအမှုကိုပြုရင် ကောင်းကျိုးခံစားရမယ်။"

"မကောင်းသောကံ၊ မကောင်းသောအမှုကို ပြုရင် မကောင်းသောအကျိုးကို ခံစားရမယ်"လို့ ရိုးရိုးရှင်းရှင်း နှလုံးသွင်းမိပါတယ်။ ဒါကြောင့်မို့

မဂ္ဂင်ရှစ်ပါးမှာပါတဲ့---

"သမ္မာဒိဋ္ဌိ- ကောင်းသောအယူရှိခြင်း"

"သမ္မာ သင်္ကပ္ပ-ကောင်းစွာကြံစည်ခြင်း"

"သမ္မာကမ္မန္တ- ကောင်းစွာ ပြုမူကျင့်ကြံခြင်း" တို့ကို အရင်းတည်လျက်-

"သဒ္ဓါ နဲ့ ပညာ"ကို မျှတစွာ ပေါင်းစပ်ကာ ကုသိုလ်ကောင်းမှုတွေကိုသာပြုခြင်းဖြင့်

"ကောင်းကျိုးကိုယ်၌ တည်စေမင်း"လို့ မေတ္တာဖြင့် ရေးသားအပ်ပါတယ်။ ။

**(မေတ္တာဖြင့် ဟောကြားဆုံးမပေးတော်မူထသော ကျေးဇူးရှင်ပါမောက္ခချုပ်ဆရာတော်ကြီးအား စုံဆယ်ဖြာလက်စုံမိုး၍ ရှိခိုးဦးတင်ပါ၏ဘုရား)**




## အမေရိကန်ပါလီမန်အဆောက်အအုံအတွင်း ဝင်ရောက်စီးနင်းမှု ဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု သတိပေးချက်ထွက်ပေါ်လာပြီးနောက် အောက်လွှတ်တော်အစည်းအဝေး ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် မတ် ၄**

အမေရိကန်ပါလီမန် အဆောက်အအုံအတွင်း ဝင်ရောက်စီးနင်းမှု ဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု သတိပေးချက်ထွက်ပေါ်လာခဲ့ပြီးနောက် ယမန်နေ့ အောက်လွှတ်တော်အစည်းအဝေးကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပါလီမန်အဆောက်အအုံသို့ ဝင်ရောက်စီးနင်းလာ နိုင်ဖွယ်ရှိသည်ဆိုသည့် သတင်းများရရှိထားကြောင်း အမေရိကန်ရဲတပ်ဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဝင်ရောက်စီးနင်းလာနိုင်မှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်အတိအကျ ပြောကြားခြင်းမရှိသော်လည်း ပါလီမန်အဆောက်အအုံဝန်းကျင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားခဲ့ကြောင်း သိရသည်။

ပါလီမန်အဆောက်အအုံအား ဝင်ရောက်စီးနင်းနိုင်ဖွယ်ရှိသည်ဆိုသည့် ခြိမ်းခြောက်မှုသည် မတ် ၄ ရက်တွင် သမ္မတဟောင်း ဒေါ်နယ်ထရမ့် အာဏာပြန်လည်ရရှိရမည်ဟု အခိုင်အမာပြောကြားလျက်ရှိသည့် ထရမ့်၏ ထောက်ခံသူများနှင့် ဆက်စပ်မှုရှိနိုင်ဖွယ်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

ဇန်နဝါရီ ၆ ရက်တွင်ဖြစ်ပွားခဲ့သည့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ ထောက်ခံသူများက ပါလီမန်အဆောက်အအုံအား ဝင်ရောက်စီးနင်းမှုပြုခဲ့သည့် အချိန်မှစပြီး မြို့တော်ဝါရှင်တန်ဒီစီတွင် လုံခြုံရေးများ တိုးမြှင့်ချထားလျက်ရှိသည်။

လူငါးဦးသေဆုံးခဲ့သည့် အဆိုပါစီးနင်းမှုဖြစ်စဉ်တွင် လုံခြုံရေးဆောင်ရွက်မှု အားနည်းခဲ့ခြင်းအပေါ် ဥပဒေပြုအထက်လွှတ်တော်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထို့ပြင် အဆိုပါဖြစ်စဉ်၏ မူလဇာစ်မြစ်ကို သေချာစွာစုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတု ဖြန့်ဖြူးရောင်းချသူများအား နိုင်ငံတကာမှုခင်းရဲတပ်ဖွဲ့က ဖမ်းဆီး

**ပါရီ မတ် ၄**

နိုင်ငံတကာမှုခင်းရဲတပ်ဖွဲ့(အင်တာပို)က တောင်အာဖရိကနှင့် တရုတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုရောင်းချသည့် အဖွဲ့များကို ၎င်းတို့၏ ကာကွယ်ဆေးအတုများနှင့်အတူ ယမန်နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးအတုများဖမ်းဆီးရမိမှုအပေါ် အင်တာပိုရဲတပ်ဖွဲ့က ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

တောင်အာဖရိကနိုင်ငံ မြောက်ပိုင်း ဂေါင်တန်းခရိုင်ရှိ ဂိုဒေါင်တစ်ခု၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတု အလုံးရေ ၂၄၀၀ နှင့်အတူ တရုတ်နိုင်ငံသားသုံးဦးနှင့် ဇမ်ဘီယာနိုင်ငံသားတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း အင်တာပိုရဲအရာရှိများက ဆိုသည်။

အလားတူ အင်တာပိုရဲအရာရှိများက တရုတ်နိုင်ငံအတွင်း ကာကွယ်ဆေးအတုများ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အဖွဲ့တစ်ဖွဲ့အား ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ သံသယဖြစ်ဖွယ် လူ ၈၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယခုဖမ်းဆီးရမိမှုများသည် ကိုဗစ်-၁၉ ရောဂါနှင့်ဆိုင်သော ရာဇဝတ်မှုများအနက် အစပထမသာလျှင်ဖြစ်ကြောင်း အင်တာပိုနိုင်ငံတကာရဲတပ်ဖွဲ့အကြီးအကဲ ဂျာဂျင်စတော့ခ်က ပြောကြားခဲ့သည်။

ထို့ပြင် ရာဇဝတ်သားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုများ ဖြန့်ဖြူးရောင်းချခြင်းကို အွန်လိုင်းတွင်သာမက ပြင်ပဈေးကွက်နယ်ပယ်တွင်ပါ လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့အကြီးအကဲ ဂျာဂျင်စတော့ခ်က သတိပေးပြောကြားခဲ့သည်။


**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ

**မနီလာ မတ် ၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အရ AstraZeneca ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၄၈၇၂၀၀ သည် ပထမအသုတ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့ကြောင်း သိရသည်။




ယခုသီတင်းပတ်အစောပိုင်းတွင် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာပြီးနောက် ယခု COVAX အစီအစဉ်အရ AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးများရောက်ရှိလာခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဆုံးလက်ခံရရှိသည့် နိုင်ငံဖြစ်လာခဲ့သည်။ ကျွန်တော်တို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိဖို့အတွက် စောင့်ခဲ့ရတဲ့နေ့ရက်တွေ လွန်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ယခုရောက်ရှိလာတဲ့ ဆေးဝါးတွေဟာ ကြီးမားသောအကူအညီကို ပေးပါလိမ့်မည်ဟု ကျန်းမာရေးဝန်ကြီး ဖရန်စစ်ဒူကူးက ပြောကြားသည်။

ကျွန်တော်တို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်လုံးထိုးနှံပြီးတိုင်းမှာ ကပ်ရောဂါကလွတ်မြောက်ဖို့ နီးကပ်လာသကဲ့သို့ မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော CoronaVac ကာကွယ်ဆေးများဖြင့် ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်းရှိ မက်ထရိုမနီလာဒေသနှင့် အလယ်ပိုင်း၊ တောင်ပိုင်းဒေသများရှိ ဆေးရုံများတွင် CoronaVac ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ယနေ့ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၈၄၆၆၇ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၁၂၄၀၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဗြိတိန်နိုင်ငံက အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၀ သန်း လက်ခံရရှိမည်

**လန်ဒန် မတ် ၄**

ဗြိတိန်နိုင်ငံက AstraZeneca ဆေးဝါးကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံ ဆီယမ်အင်စတီကျုတို့ ပူးပေါင်းထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀ သန်း လက်ခံရရှိမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀ သန်းသည် ဗြိတိန်နိုင်ငံက AstraZeneca ဆေးဝါးကုမ္ပဏီမှ မှာယူထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သန်း ၁၀၀ အနက် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဗြိတိန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

အိန္ဒိယနိုင်ငံ ဆီယမ်အင်စတီကျုသည် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့နှင့်ပူးပေါင်းပြီး ဝင်ငွေနည်းပါးသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများအတွက် ရည်ရွယ်လျက် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထုတ်လုပ်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘရာဇီးနိုင်ငံအထိ ဝင်ငွေနည်းပါးသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် အဆိုပါ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မှီခိုအားထားလျက်ရှိကြောင်း သိရသည်။ ဆီယမ်အင်စတီကျုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အား Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးလျက်ရှိကြောင်းလည်း သိရသည်။

ဗြိတိန်နိုင်ငံသည် လွန်ခဲ့သောနှစ် ဒီဇင်ဘာလတွင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့သည့် ပထမဆုံးသောနိုင်ငံဖြစ်သည်။ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုလျက်ရှိသည်။ နိုင်ငံအတွင်း၌ လက်ရှိအချိန်အထိ ပြည်သူ ၂၀ ဒသမ ၅ သန်းအား ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူ

**ဖနွမ်းပင် မတ် ၄**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ယနေ့ ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြန့်ဖြူးရေး COVAX အစီအစဉ်အရ အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၂၄၀၀၀ ကို ပထမအသုတ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံက ယမန်နေ့တွင် လက်ခံရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆန်၏ သားများအပါအဝင် အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ယခုနှစ်မကုန်မီ နိုင်ငံ၏လူဦးရေ သုံးပုံနှစ်ပုံကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၀၉ ဦး ရှိသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူမရှိသေးသည့် ကမ္ဘောဒီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၇ ရက်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ ကို လက်ခံရရှိခဲ့သည်။ အဆိုပါအရေအတွက်သည် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေးအလုံးရေ တစ်သန်း၏ ကနဦးတင်ပို့မှုဖြစ်သည်။




တရုတ်နိုင်ငံထုတ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် ၁၈ မှ ၅၉ နှစ်အရွယ်များအတွက်သာ ထိရောက်မှုရှိသည့်အတွက် အသက် ၆၈ နှစ်အရွယ်ရှိသည့် ဝန်ကြီးချုပ် ဟွန်ဆန်သည် အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လူဦးရေ သုံးပုံနှစ်ပုံဖြစ်သည့် ပြည်သူ ၁၀ သန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံအလောက်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြင် ဩစတြေးလျနိုင်ငံကလည်း ကာကွယ်ဆေးအလုံးရေ သုံးသန်းဝယ်ယူနိုင်ရန် အမေရိကန်ဒေါ်လာ ၂၈ သန်း ထုတ်ချေးပေးခဲ့သည်။ ထို့ပြင် COVAX အစီအစဉ်အရ ကမ္ဘောဒီးယားနိုင်ငံသည် ကာကွယ်ဆေးအလုံးရေပေါင်း ခုနစ်သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တူရကီနိုင်ငံ၌ နိုင်ငံသားများ ကိုဗစ်-၁၉ရောဂါဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေး

**အစ္စတန်ဘူလ် မတ် ၄**
တူရကီနိုင်ငံတွင် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက ယနေ့တွင် ကြပ်မတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက အစ္စတန်ဘူလ်မြို့ရှိ လူစည်ကားသော လမ်းများ၊ အပန်းဖြေရိပ်သာများနှင့် ရင်ပြင်များတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို နိုင်ငံသားများလိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ကြသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ကပ်ရောဂါဖြစ်ပွားနေသောကာလတွင် နိုင်ငံသားများအနေဖြင့် မိမိတို့၏ လူနေမှုဘဝများကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များတွင် လာရောက်စားသောက်သူ အရေအတွက်ကို ထက်ဝက်သာခွင့်ပြုပြီး ကျန်းမာရေးစည်းမျဉ်းများကိုလိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ကြသည်။



နိုင်ငံအတွင်း ချမှတ်ခဲ့သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ နိုင်ငံသားများ၏ လူမှုဘဝအခြေအနေ ပုံမှန်အနေအထားပြန်လည်ရောက်ရှိရေး အစီအမံအရ နိုင်ငံအတွင်းရှိ ပြည်နယ် ၈၁ ခုကို ၎င်းပြည်နယ်များ၏ ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်ဆေးထိုးနှံမှုအနေအထားအရ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးသည့် ပြည်နယ်၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အလယ်အလတ်အဆင့်ရှိသည့် ပြည်နယ်၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားသော ပြည်နယ်နှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အလွန်များပြားသော ပြည်နယ်များအဖြစ် သတ်မှတ်ခဲ့သည်။

လူဦးရေ ၁၆ သန်းရှိသော အစ္စတန်ဘူလ်ဒေသအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသော ဒေသအဖြစ် သတ်မှတ်ခဲ့သည်။ အစ္စတန်ဘူလ်မြို့တော်အား ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး အစီအမံများချမှတ်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနည်းပါးအောင် ဆောင်ရွက်သွားမည်ဟု မြို့တော်ဝန် အလီယာလီကာယာက ပြောကြားသည်။ ပင်လယ်နက်ဒေသ အမိဇယာမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် များပြားလျက်ရှိသောကြောင့် ဒေသခံများအား မိမိတို့၏နေအိမ်တွင် ၁၄ ရက်ခန့် နေထိုင်ရန်နှင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

ပင်လယ်နက်ဒေသရှိ အခြားပြည်နယ်များဖြစ်သော ဆန်ဆွန်၊ တရီဇုန်၊ အော်ဒူနှင့် ဂျာဆန်ပြည်နယ်များတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ဇန်နဝါရီလလယ်မှစတင်ကာ တရုတ်နိုင်ငံ Sinovac ဆေးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၇ ဒသမ ၃ သန်းရှိပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၂ ဒသမ ၂ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်း

**ဂျီနီဗာ မတ် ၄**
ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည့် တစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ ကျောင်းနေအရွယ်ကလေးငယ် ၁၆၈ သန်းကျော်သည် စာသင်ကျောင်းများတွင် ပညာသင်ယူမှုနှင့် အလှမ်းဝေးကွာခဲ့ရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ ယမန်နေ့ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်အရ သိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နိုင်ငံပေါင်း ၂၀၀ ကျော်ရှိ စာသင်ကျောင်းများ ပိတ်ပင်ထားရှိမှုအပေါ် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

နိုင်ငံ ၁၄ နိုင်ငံတွင် စာသင်ကျောင်းများ တစ်နှစ်လုံးနီးပါး ပိတ်ပင်ထားသည်ကို တွေ့ရှိရကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

အဆိုပါနိုင်ငံအများစုတွင် အင်တာနက် အသုံးပြုမှုတွင် ကျယ်ပြန့်မှုမရှိသေးသည့်အတွက် ကလေးငယ်များသည်လည်း အဝေးရောက်သင်ယူမှုစနစ် (အွန်လိုင်းစနစ်)ဖြင့် သင်ယူလေ့လာနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရသည်။

စာသင်ကျောင်းများ ပိတ်ပင်ထားခြင်းသည် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသင်ခန်းစာများ လေ့လာသင်ယူနိုင်ခြင်းနှင့် အာဟာရပြည့်ဝသော အစားအစာများ စားသုံးနိုင်သည့် အခွင့်အရေးများ လက်လွတ်ဆုံးရှုံးလျက်ရှိသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။




ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စာသင်ကျောင်းများအား ပြန်လည်ဖွင့်လှစ်ရန် ယူနီဆက်က ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံထုတ် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၈၁ ရာခိုင်နှုန်းခန့် ထိရောက်မှုရှိ




**နယူးဒေလီ မတ် ၄**

အိန္ဒိယနိုင်ငံ၏ Bharat Biotech ဆေးဝါးကုမ္ပဏီထုတ် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဒုတိယအကြိမ်ခံယူထားပြီး ယခင်က ရောဂါကူးစက်ခံရမှု မရှိသူများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ကြားဖြတ်ထိရောက်မှု ၈၁ ရာခိုင်နှုန်းခန့်ရှိကြောင်း ကုမ္ပဏီက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စမ်းသပ်မှု တတိယအဆင့်ကို အိန္ဒိယဆေးဝါး သုတေသနကောင်စီနှင့် ပူးပေါင်းပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ ကာကွယ်ဆေး၏ ကြားဖြတ်ထိရောက်မှုမှာ ၈၁ ရာခိုင်နှုန်းခန့်ရှိကြောင်း Bharat Biotech ဆေးဝါးကုမ္ပဏီက မတ် ၃ ရက်တွင် ကြေညာသည်။

Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အောင်မြင်စွာစမ်းသပ်နိုင်ခြင်းသည် အိန္ဒိယနိုင်ငံအတွက် အရေးကြီးသော သမိုင်းမှတ်တိုင် တစ်ခုပင်ဖြစ်ကြောင်း အိန္ဒိယဆေးဝါးကုမ္ပဏီက ထပ်မံပြောကြားသည်။

"ဒီနေ့ဟာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနဲ့ သိပ္ပံပညာရပ်အတွက် ကာကွယ်ဆေး စူးစမ်းရှာဖွေမှုနယ်ပယ်မှာ အရေးကြီးတဲ့ သမိုင်းမှတ်တိုင်ပဲဖြစ်ပါတယ်။ ကာကွယ်ဆေးသုံးကြိမ် စမ်းသပ်မှုကနေ ကျွန်တော်တို့ ရရှိထားတဲ့ ရလဒ်တွေနဲ့အတူ ကာကွယ်ဆေးစမ်းသပ်မှု အဆင့် ၁၊ ၂ နှင့် ၃ အထိ စမ်းသပ်မှုတွေရဲ့ အချက်အလက်တွေကို ဒီနေ့ ထုတ်ပြန်တာပါ" ဟု Bharat Biotech ဆေးဝါးကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ခရစ္စနားအယ်လာက ဆိုသည်။ အိန္ဒိယဆေးဝါးကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လူ ၂၇၀၀၀ ခန့်တွင် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ကာကွယ်ဆေးသည် ဗြိတိန်နိုင်ငံတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်နှင့် အခြားမျိုးကွဲ ဗိုင်းရပ်စ်များကိုလည်း ပျက်ပြယ်စေနိုင်ကြောင်း အမျိုးသားရောဂါပိုးမွှားဗေဒဆေးရုံမှ ဆန်းစစ်လေ့လာချက်က ညွှန်ပြထားကြောင်း ကုမ္ပဏီက ပြောကြားသည်။ "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစမ်းသပ်မှုနဲ့ ပတ်သက်လို့ အချက်အလက်တွေ ထပ်ပြီးရရှိရင် စမ်းသပ်မှုရလဒ် အသေးစိတ်ကို ဆက်လက်မျှဝေပေးမှာပါ" ဟု ကုမ္ပဏီက ဆိုသည်။

Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အိန္ဒိယအစိုးရက အတည်ပြုထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်မျိုးအနက် တစ်မျိုးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တောင်အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ကျဆင်း၊ ရောဂါပြင်းထန်သောလူနာများလည်း မရှိ

**တင်မ်ဘီဆာ မတ် ၄**

တောင်အာဖရိက ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါအား တစ်နှစ်ကြာ တိုက်ဖျက်ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကျဆင်းလာသည်။

သို့သော် ယခုအချိန်မှစ၍ လာမည့်လများတွင် တောင်အာဖရိက၌ ပြန်လည်ဖြစ်ပွားလာဖွယ်ရှိသော ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိကြကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ကျဆင်းလာခဲ့ပြီး အဆိုပါရောဂါ ကူးစက်ခံရသောအတည်ပြုလူနာများတွင် ရောဂါပြင်းထန်သောလူနာများ မရှိတော့သည့်အတွက် မိမိတို့သက်သာလာကြောင်း သူနာပြုတစ်ဦးက ဂျိုဟာနီစဘာ့ခ်မြို့၏ အရှေ့ဘက်တွင်တည်ရှိသော တင်မ်ဘီဆာဆေးရုံတွင် အေအက်ဖ်ပီ သတင်းထောက်အား ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရှိန်မြင့်မားလာခဲ့ပြီးနောက် နေ့စဉ်ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါလူနာ အပြည့်နီးပါးရှိကြောင်း၊ ဆေးရုံ၏ ဆေးကုဆောင်များတွင် ကိုဗစ်-၁၉ ရောဂါလူနာမရှိသောအချိန် မရှိကြောင်း အဆိုပါ သူနာပြုက ရှင်းလင်းပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်က ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ပထမဆုံးတွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၅ သန်း ကျော်ရှိပြီး ၎င်းတို့အနက် ၅၀၀၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ယခုအခါ တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပြီး အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

သို့သော်တောင်အာဖရိကသမ္မတ ဆီရီးလ်ရာမာဖိုဆာက အင်္ဂလန်၌ ပထမဆုံးတွေ့ရှိခဲ့သည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်ကြောင့် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့ခဲ့သော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းသည် ကုန်ဆုံးသွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် ကြေညာလိုက်သည်။

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လမှသာ စတင်ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံအတွင်း ဖြစ်ပွားလာဖွယ်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိကြသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

❍





# ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်တွင် စတိုးဆိုင်များ၊ ဘားဆိုင်များနှင့် စားသောက်ဆိုင်များအား သီတင်းနှစ်ပတ်ကြာပိတ်ထားမည်

**ဆော်ပေါလို မတ် ၄**

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှ တားဆီးရန်အတွက် စတိုးဆိုင်များ၊ ဘားဆိုင်များနှင့် စားသောက်ဆိုင်များအား သီတင်းနှစ်ပတ်ကြာ ပိတ်ထားမည် ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှ တားဆီးရန် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း ဆော်ပေါလိုပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိုဒိုရာက ယမန်နေ့က ပြောကြားသည်။

လူဦးရေ ၄၆ သန်းနေထိုင်ရာ ဆော်ပေါလိုပြည်နယ်တွင် မတ် ၆ ရက်မှ ၁၉ ရက်အထိ စတိုးဆိုင်များ၊ ဘားဆိုင်များနှင့် စားသောက်ဆိုင်များအား ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ဆော်ပေါလိုပြည်နယ်နဲ့ ဘရာဇီးနိုင်ငံမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲမည့်အခြေအနေနဲ့ ကြုံတွေ့နေရပြီး ဒီအချက်ကို အမြန်ဆုံး ထိန်းသိမ်းနိုင်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အရေးပေါ် အစီအစဉ်အရ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်ဟု ဂျိုဒိုရာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယခုအစီအမံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ တားဆီးရန် အသွားအလာကန့်သတ်မှု အပြည့်အဝမချမှတ်မီ အဆင့်တွင် ဆောင်ရွက်သော အစီအမံဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်းရှိ ကျောင်းများတွင် လူကိုယ်တိုင်တက်ရောက် သင်ကြားသောစနစ်ဖြင့် သင်ကြားနေကြောင်း သိရသည်။ နိုင်ငံ၏ စီးပွားရေးအချက်အချာနေရာဖြစ်သော ဆော်ပေါလိုပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်များပြားလျက်ရှိသည်။ ပြည်နယ်အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်နှင့် ဆေးဝါးရောင်းချသော ဆိုင်များကိုသာ ဖွင့်လှစ်ခွင့်ပြုသွားမည်ဟုသိရသည်။ ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများ၊ ပြခန်းများ၊ အားကစားလေ့ကျင့်ရေးခန်းမများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ တားဆီးရန် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၅၈၇၃၁၆၅ | ဦး |
| သေဆုံးသူ | ၂၅၇၃၇၁၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၁၅၅၃၁၈ | ဦး |

# မြင်းခြံမြို့၌ အကြမ်းဖက်သူလူတစ်စုက သံဃာတော်တစ်ပါးအား ဖမ်းဆီး၊ လူဝတ်လဲ၊ ရိုက်နှက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၄**

မြင်းခြံမြို့၌ အကြမ်းဖက်သူလူတစ်စုက သံဃာတော်တစ်ပါးကို ဖမ်းဆီး၊ လူဝတ်လဲ၊ ရိုက်နှက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



**ကယ်တင်နိုင်ရေး**

ယင်းသတင်း ထုတ်ပြန်ချက်အရ မတ် ၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ဆူပူဆန္ဒပြသူလူစုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း၊ ယင်းနေ့ ညနေပိုင်းတွင် Online Media ၌ မြင်းခြံမြို့ ရပ်ကွက်(စိစစ်ဆဲ) အတွင်း သံဃာတော်တစ်ပါးအား ဆူပူသူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်၍ သေဆုံးခဲ့ကြောင်း သတင်းအား တွေ့ရှိရသဖြင့် ဖြစ်စဉ်မှန်ကန်ပါက သံဃာတော်အား ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများ ပေါင်းစပ်ကာ သတင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း။

သတင်းဆက် စုံစမ်းမှုအရ ယနေ့နံနက် အစောပိုင်းတွင် ၎င်းသံဃာတော်မှာ ဒဏ်ရာအများအပြားရရှိထားကာ လူဝတ်လဲ၍ မြင်းခြံမြို့ပြင်ရှိ တောရကျောင်းရှေ့တွင် ယာဉ်တစ်စီးဖြင့် လာရောက် ချသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ စိစစ်ခဲ့ရာ မြင်းခြံမြို့တွင် မတ် ၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူသူလူအုပ်စုအားဖြိုခွဲစဉ် ၎င်းသံဃာတော်သည် သီတင်းသုံးနေထိုင်ရာ မန္တလေးမြို့ တံခွန်တိုင်အဝိုင်း အနီးရှိ ဘုန်းကြီးကျောင်းမှ မြင်းခြံမြို့သို့ ဒါယကာနှစ်ဦးနှင့်အတူ မော်တော်ယာဉ်ဖြင့် လာရောက်စဉ် ဆူပူဆန္ဒပြသူလူအုပ်စုနောက်သို့ ရောက်ရှိခဲ့ကြောင်း၊ မော်တော်ယာဉ်ကို ဆက်လက်မောင်းနှင်လာစဉ် လူအုပ်စုက မော်တော်ယာဉ်နောက်မှ လိုက်ပါလာပြီး ယာဉ်ပေါ်မှ လူအုပ်စုကို သေနတ်ဖြင့် ပစ်ခတ်သွားကြောင်း ကောလာဟလ ထုတ်လွှင့်ကာ မော်တော်ယာဉ်ကို ပိတ်ဆို့ဖမ်းဆီးပြီး ယာဉ်အား ထုခွဲဖျက်ဆီးခြင်း၊ ယာဉ်ပေါ်ပါ သံဃာတော်အား ရိုက်နှက်ခြင်းတို့ ပြုလုပ်ခဲ့ပြီး အထက(၂)အနီးတွင် လူဝတ်လဲကာ ထိန်းသိမ်း၍ ယနေ့နံနက်တွင် တောရကျောင်းရှေ့သို့ ကားဖြင့် လာရောက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ခေတ္တထားရှိ**

ယင်းသံဃာတော်အား နယ်မြေခံတပ်တွင် ခေတ္တထားရှိကာ လိုအပ်သော ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သံဃာတော် အစစ်အမှန်အား သာမန်လူကဲ့သို့ သဘောထား ရိုက်နှက်ခြင်း၊ အရပ်ဝတ်လဲခြင်းများဖြင့် သာသနာတော်အား ထိခိုက်ညှိုးနွမ်းအောင် ပြုမူလုပ်ဆောင်ခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် လူထုအနေဖြင့် ၎င်းလုပ်ရပ်အပေါ် စက်ဆုပ်ရွံရှာ မုန်းတီးရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



# မြင်းခြံမြို့ရှိ မြဝတီဘဏ် ATM ငွေထုတ်စက်ကို လူစုလူဝေးဖြင့် ဖျက်ဆီး

**နေပြည်တော် မတ် ၄**

မြင်းခြံမြို့ရှိ မြဝတီဘဏ် ATM ငွေထုတ်စက်ကို လူစုလူဝေးဖြင့် ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် ဆူပူဆန္ဒပြရန် ရည်ရွယ်ချက်ဖြင့် လူစုလူဝေးအင်အား ၈၀ ခန့်သည် မြင်းခြံမြို့နယ် (၁၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ မြဝတီဘဏ်ရှေ့တွင် စုဝေးရောက်ရှိနေကြောင်း။

မြဝတီဘဏ်အနေဖြင့် ယနေ့တွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှုမရှိဘဲ ဘဏ်ပိတ်ထားပြီး ဆူပူအကြမ်းဖက်လူအုပ်စုမှ ဘဏ်အဆောက်အအုံကို ကျောက်ခဲ၊ အုတ်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ဘဏ်ရှေ့ရှိ ATM စက်အား ရိုက်ချိုးဖျက်ဆီးခြင်းများပြုလုပ်ကာ စက်အတွင်းရှိ ငွေတန်ဖိုး (စိစစ်ဆဲ)ကို ယူဆောင်ထွက်ပြေးသွားကြောင်း။

ဆန္ဒပြသူလူစုလူဝေးများအနေဖြင့် ဆန္ဒပြခေါင်းစဉ်နှင့်အတူ အဖျက်အမှောင့်လုပ်ငန်းများကို ပူးတွဲပြုလုပ်ခြင်း၊ အကြမ်းဖက်မှုကျူးလွန်ခြင်းများကို နေရာအနှံ့အပြားတွင် အများအပြားလုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲရာတွင် မလိုလားအပ်သော ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်များ မဖြစ်ပွားရေးအတွက် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်ခြင်းမပြုကြရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်နှင့် ဆီဆိုင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ် စန်းလုကျေးရွာအနီး တာချီလိတ်–မိုင်းဆတ်သွားကားလမ်းတွင် အားအီးမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် အားဟီမောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ကျောင်းခုံကျေးရွာအနီး ဆီဆိုင်–မောက်မယ်သွားလမ်း၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် MARK–II အမျိုးအစားယာဉ်တစ်စီးသည် ကိုက် ၁၅၀ ခန့်အကွာမှ နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လွယ်ပွတ်ကျေးရွာအနီးအရောက်တွင် အဆိုပါယာဉ်ပေါ်မှ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)သည် ယာဉ်အားရပ်တန့်၍ လမ်းဘေးတောအုပ်အတွင်းသို့ ထွက်ပြေးသွားသောကြောင့် ပူးပေါင်းအဖွဲ့က ယာဉ်အားစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

# လူငယ်တွေကို လမ်းပေါ်ထွက်ဖို့ လှုံ့ဆော်မှုတွေရပ်တန့်ပေးပါ

**နေခြည်သွေး**

မန္တလေးက ဆယ်ကျော်သက် အမျိုးသမီးလေး တစ်ဦး ဆန္ဒပြပွဲအတွင်း သေဆုံးသွားတဲ့သတင်း တစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ ထို့အတူ အနယ်နယ်အရပ်ရပ်က လူငယ်မျိုးဆက်သစ်ကလေးတွေ သေဆုံးတဲ့သတင်းတွေကို မြင်တွေ့ရတဲ့အခါ ပြည်သူတစ်ဦးအနေနဲ့ ဝမ်းနည်းယူကျုံးမရဖြစ်မိပါတယ်။ ကိုယ့်သားအရွယ်၊ သမီးအရွယ်၊ တူ၊ တူမလေးတွေအရွယ်တွေမို့ ကရုဏာလည်း သက်မိပါတယ်။

**မျက်မြင်တွေ့သူတွေက ဖြေထား**

မန္တလေး လမ်း ၃၀ ထိပ်မှာ ဆန္ဒပြပွဲအကြောင်း ရိုက်ကူးထားတဲ့ သတင်းဗီဒီယိုမှတ်တမ်းတွေကို ကြည့်ရှုမိတဲ့အခါ လုံခြုံရေးတာဝန်ယူသူတွေက မျက်ရည်ယိုဗုံးတွေနဲ့ လူစုခွဲလို့ တဖြည်းဖြည်း ဆုတ်ခွာလာကြတယ်။ ဗိုက်ကိုကျည်မှန်ပြီးသေဆုံးတဲ့ လူငယ်ဆိုရင် လမ်းရဲ့အနောက်ဘက်မှာ သစ်ပင်ကိုလည်း ကွယ်ထားတယ်။ လူအုပ်ကြီးကိုကျော်ပြီး သေနတ်မှန်သွားတယ်လို့ မျက်မြင်တွေ့သူတွေက ဖြေထားကြပါတယ်။

အသက် ၁၉နှစ် အရွယ်သာရှိသေးတဲ့ မကြယ်စင်လေးဟာ ဆန္ဒပြလူအုပ်ကြီးထဲမှာ တစ်သားတည်းရှိနေခဲ့သူပါ။ သူ့ပတ်ပတ်လည်မှာ အမျိုးသားတွေ အများကြီးရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ မျက်နှာချင်းဆိုင် မကြယ်စင်ရဲ့အရှေ့မှာလည်း ရှေ့တန်းလူအုပ်ကြီး ရှိနေပါတယ်။ သံပီပါတွေနဲ့ ကာရံထားတဲ့ ခံစစ်တွေရဲ့ နောက်တန်းမှာရှိနေတဲ့ သမီးလေးဟာ ဦးခေါင်းအနောက်ဘက်ကနေ ဝင်သွားတဲ့ကျည်ဆန်ကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်လို့ သိရပါတယ်။

မနေ့ကအပစ်ခံရတဲ့သမီးငယ်ရဲ့မသေဆုံးမီက ဓာတ်ပုံတွေဟာ ရှုထောင့်မျိုးစုံကနေ ချက်ချင်းအွန်လိုင်းမှာ ပျံ့နှံ့လာခဲ့တာကိုလည်း သတိထားမိပါတယ်။ မန္တလေးက သမီးလေးတင်မကဘူး၊ နေပြည်တော်မှာ ပစ်ခတ်မှုကြောင့် ဦးခေါင်းထိပြီး သေဆုံးတဲ့ သမီးငယ်တစ်ဦးဆိုရင်လည်း ဦးခေါင်းကို ကျည်ဆန်ထိမှန်ပြီး သေဆုံးခဲ့ရသူဖြစ်ပါတယ်။ အဲဒီကျည်ဆန်ကိုစစ်ဆေးတဲ့အခါ ရဲတပ်ဖွဲ့ဝင်တွေသုံးတဲ့ ကျည်ဆန်မဟုတ်ဘဲ ညိုပုတ်ပုတ်ခဲကျည်ဆန် ဖြစ်နေတယ်ဆိုပြီး သိရပါတယ်။ ဒါပေမဲ့ ရဲတပ်ဖွဲ့က ချိန်ပြီးပစ်တဲ့ပုံတွေနဲ့ မမြဲသွဲ့သွဲ့ခိုင်လဲကျသွားပုံတွေကို အချိန်ကိုက်အွန်လိုင်းပေါ်တင်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

စာရေးသူအနေနဲ့ တွေးမိတာတစ်ခုက တစ်ယောက်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကများ လူငယ်တွေထဲကို ပစ်မှတ်ထားပြီး ကြိုတင်စီမံထားတာများဖြစ်မလားဆိုပြီးတောင် သံသယရှိလာပါတယ်။ လူအုပ်ကြီးကြားထဲမှာ တစ်သားတည်းရှိနေတဲ့ကလေးတစ်ယောက်ရဲ့ မသေဆုံးမီကပုံတွေကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား Emotional ပါပါ သေသေချာချာ မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ကလေးသေဆုံးသွားတဲ့ အချိန်ကိုက်အွန်လိုင်းမှာ မြင်တွေ့ရတာဟာ စိတ်ပူနေတဲ့ ပြည်သူတွေအားလုံးကို အမုန်းတရားတွေ၊ နာကျည်းမှုတွေ၊ ဝမ်းနည်းမှုတွေ ရိုက်သွင်းလိုက်တာနဲ့အတူတူပဲလို့ စာရေးသူတော့ ရှုမြင်မိပါတယ်။

**အွန်လိုင်းမှာ ချက်ချင်းပျံ့နှံ့လာ**

လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပထမအဆင့် သေနတ်ထောင်ဖောက်ချိန်မှာ လူတွေထိကြတယ်ဆိုပြီး မြေပြင်မှာ ပြောဆိုကြသံတွေအပြင် အချို့လူတွေဟာ စီစီတီဗွီမှတ်တမ်းတွေကို လိုက်လံဖျက်ဆီးခိုင်းတယ်ဆိုတာတွေလည်း မြင်တွေ့နေရတာ၊ သပိတ်လူအုပ်စုရဲ့ ရှေ့ဆုံးခံတပ်တွေမထိဘဲ အတွင်းထဲက လူငယ်တွေမှ သေနတ်ကျည်ထိတာ၊ စစ်ဆေးဖို့ကို ခွင့်မပြုတာနဲ့ ပစ်ပြီးတိုင်း အချိန်တောင်မကြာလိုက်ဘဲ ကျည်ခံ့တွေရဲ့ပုံတွေ အွန်လိုင်းမှာ ချက်ချင်းပျံ့နှံ့လာတာတွေအပြင် အဆိုးဆုံးကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေမဟုတ်တဲ့ လူတွေဆီမှာ သေနတ်ကိုင်ဆောင်တဲ့၊ ပါလာတဲ့ဖြစ်စဉ်တွေကို မြင်တွေ့လာရတာပါပဲ။

ဘယ်လောက်ကြီးမားတဲ့သစ်တုံးဖြစ်စေကာမူ ခွဲခြမ်းစိတ်ဖြာတဲ့အခါ သပ်လျှိုသွင်းလိုက်တာနဲ့ ခွဲစိတ်ရ လွယ်ကူသွားပါပြီ။ သပ်တစ်ချောင်းဟာ ဘယ်လောက်ထုထည်ကြီးကြီး ပြိုကွဲစေနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ ထောက်ကြန့်မှာ တူမီးသေနတ်ထွက်ကျလို့ ဝိုင်းဖမ်းကြတာ၊ မန္တလေးက ၇၃ လမ်းနဲ့ ၃၆လမ်းထောင့်မှာ ဆိုင်ကယ်မှောက်ရာကနေ ပစ္စတိုအမျိုးအစားသေနတ်တွေတွေ့လာတာ၊ ဒေါသထွက်ပြီး ယူကျုံးမရတဲ့လူအုပ်ကြီးက သေနတ်တွေလိုချင်ပါတယ်၊ ပြည်သူ့စစ်မှုထမ်းချင်ပါတယ်ပြောဆိုလာခြင်းတွေကို ထောက်ချင့်ရရင် မိမိတို့နိုင်ငံ ပိုမိုဆိုးရွားတဲ့အခြေအနေကို တွန်းပို့သူတွေကရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေပြီလို့ပဲ သတိပေးပါရစေ။

**ပေါက်ကွဲအားပိုပြင်း**

အခုအချိန်မှာ ဆန္ဒပြပွဲတွေ ရက်ရှည်လာတာနဲ့အမျှ ပြည်သူတွေ ပင်ပန်းဆင်းရဲလာကြပြီ၊ ငွေကြေးအခက်အခဲတွေ ကြုံတွေ့လာရပြီ၊ အသက်နဲ့ဘဝတွေ ထိခိုက်လာကြရပြီ၊ နိုင်ငံတည်ငြိမ်ရေးနဲ့ ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံရေးတွေ ထိခိုက်လာကြပြီဆိုတာ အားလုံးသိမြင်ခံစားရတဲ့အချက်တွေဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်သူတွေဟာ အကြောင်းကြောင်းကြောင့် ဆန္ဒပြပွဲတွေ လူအားကောင်းအောင်၊ အရှိန်ပြန်မြင့်အောင် သွေးထိုးလှုံ့ဆော်မှုတွေ ဖန်တီးလာနိုင်တယ်လို့ ယူဆမိပါတယ်။ ပြည်သူတွေ သွေးမြေကျမှ သွေးဆုမယ်၊ သွေးဆုမှ အရှိန်တက်လာပြီး ပေါက်ကွဲအားပိုပြင်းလာမယ်ဆိုပြီး သွေးထိုးမြှောက်ပင့်နေခြင်းတွေကို မြင်တွေ့လာရပြီဖြစ်ပါတယ်။

ပရဟိတကားတွေနဲ့ ဓာတ်ဆီလောင်စာတွေ သယ်တာ၊ အမေရိကန်နဲ့ ကုလလာရောက်ဖို့ အသက်တွေ ဘယ်လောက်စတေးရမလဲဆိုပြီး ဖိတ်ခေါ်တာတွေဟာ အပြုသဘောထက် အပျက်သဘောကို ဦးတည်လာနေကြပြီဖြစ်ပါတယ်။ လူမှုကွန်ရက်မှာ နေ့စဉ်မြင်တွေ့နေရတဲ့သတင်းတွေထဲမှာ အတုအယောင်သတင်းမျိုးစုံဟာလည်း လူထုစိုးရိမ်မှုကို ပိုမိုမြင့်တက်စေလာနေပါတယ်။

**လက်နက်ပွဲစားတွေ အကွက်ဆိုက်**


လူငယ်တွေသွေးဆူလာတဲ့အခါ မြှောက်ထိုးပင့်ကော်လုပ်သူတွေ အားရကျေနပ်ကြပါတယ်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံတုန်းက စာရေးသူတို့အတွေ့အကြုံအရ အခုလိုပဲ ဖြိုခွဲခံရခဲ့ဖူးပါတယ်။ အဲဒီအခါ သွေးထိုးသူတွေရဲ့ အကြိုက်ဖြစ်လာပြီး လက်နက်ရောင်းချင်တဲ့ လက်နက်ပွဲစားတွေ အကွက်ဆိုက်ခဲ့ရဖူးပါတယ်။ အခုလည်း လူငယ်တွေ မခံချင်အောင် လုပ်မယ်၊ လက်နက်ထုတ်ပေးမယ် မခံချင်တဲ့လူငယ်တွေဟာ တိုက်ခိုက်ကြမယ်။ ဒါပေမဲ့ လေ့ကျင့်သင်ကြားဖို့ အချိန်မလုံလောက်တဲ့အတွက် ထိခိုက်ခံစားကြသူတွေက ပြည်သူတွေဖြစ်ပြီး စစ်ဘေးသင့်ကြရပါလိမ့်မယ်။

**ဒီနေရာမှာ ဆန္ဒပြလူငယ်လေးတွေအားလုံးကို မေတ္တာရပ်ခံလိုတာက ထိပ်တိုက်ရင်ဆိုင်ဖို့ မကြိုးစားသင့်တော့ပါဘူး။** လူငယ်တွေကို အဆုံးအထိ တိုက်ကြဖို့ဆိုပြီး မြှောက်ပင့်ပေးနေသူတွေက လမ်းပေါ်ထွက်မလာကြပါဘူး။ သေနတ်နဲ့ပစ်တဲ့အခါ ရှေ့ကမားမားမတ်မတ် ကာကွယ်ပေးတာမဟုတ်ပါဘူး။ ဒါကြောင့် ကျည်ဆန်တွေဟာ အရှေ့ကလာနိုင်သလို လူငယ်တွေရဲ့အနောက်က မမြင်ရတဲ့လက်ပိုင်ရှင်တွေဆီကလည်း ရောက်လာနိုင်တယ်ဆိုတာကို သတိပြုကြဖို့ လိုနေပြီဖြစ်ပါတယ်။ ပြည်သူက အစိုးရကိုမုန်းတီးအောင်၊ အစိုးရက ပြည်သူတွေကို ချေမှုန်းအောင်ဆိုပြီး အကွက်ကျကျ သပ်လျှိုမြှောက်ပင့်ပေးသူတွေကို ကန့်ကွက်ရှုတ်ချပါတယ်။ လူငယ်တွေအသိတရားနဲ့ဆင်ခြင်ပြီး ဝေဖန်ပိုင်းခြားဆုံးဖြတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ။

**လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပထမအဆင့် သေနတ်ထောင်ဖောက်ချိန်မှာ လူတွေထိကြတယ်ဆိုပြီး မြေပြင်မှာ ပြောဆိုကြသံတွေအပြင် အချို့လူတွေဟာ စီစီတီဗွီမှတ်တမ်းတွေကို လိုက်လံဖျက်ဆီးခိုင်းတယ်ဆိုတာတွေလည်း မြင်တွေ့နေရတာ၊ သပိတ်လူအုပ်စုရဲ့ ရှေ့ဆုံးခံတပ်တွေမထိဘဲ အတွင်းထဲက လူငယ်တွေမှ သေနတ်ကျည်ထိတာ၊ စစ်ဆေးဖို့ကို ခွင့်မပြုတာနဲ့ ပစ်ပြီးတိုင်း အချိန်တောင်မကြာလိုက်ဘဲ ကျည်ခံ့တွေရဲ့ပုံတွေ အွန်လိုင်းမှာ ချက်ချင်းပျံ့နှံ့လာတာတွေအပြင် အဆိုးဆုံးကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေမဟုတ်တဲ့ လူတွေဆီမှာ သေနတ်ကိုင်ဆောင်တဲ့၊ ပါလာတဲ့ဖြစ်စဉ်တွေကို မြင်တွေ့လာရ။**

**ဒီနေရာမှာ ဆန္ဒပြလူငယ်လေးတွေ အားလုံးကို မေတ္တာရပ်ခံလိုတာက ထိပ်တိုက်ရင်ဆိုင်ဖို့ မကြိုးစားသင့်တော့ပါဘူး။ လူငယ်တွေကို အဆုံးအထိ တိုက်ကြဖို့ဆိုပြီး မြှောက်ပင့်ပေးနေသူတွေက လမ်းပေါ်ထွက်မလာကြပါဘူး။ သေနတ်နဲ့ ပစ်တဲ့အခါ ရှေ့ကမားမားမတ်မတ် ကာကွယ်ပေးတာမဟုတ်ပါဘူး။ ဒါကြောင့် ကျည်ဆန်တွေဟာ အရှေ့ကလာနိုင်သလို လူငယ်တွေရဲ့အနောက်က မမြင်ရတဲ့ လက်ပိုင်ရှင်တွေဆီကလည်း ရောက်လာနိုင်တယ်ဆိုတာကို သတိပြုကြဖို့ လိုနေပြီဖြစ်ပါတယ်။ ပြည်သူက အစိုးရကို မုန်းတီးအောင်၊ အစိုးရက ပြည်သူတွေကို ချေမှုန်းအောင်ဆိုပြီး အကွက်ကျကျ သပ်လျှို မြှောက်ပင့်ပေးသူတွေကို ကန့်ကွက်ရှုတ်ချပါတယ်။ လူငယ်တွေ အသိတရားနဲ့ ဆင်ခြင်ပြီး ဝေဖန်ပိုင်းခြား ဆုံးဖြတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။**

# အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများအပေါ် မိဘပြည်သူလူထုအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ထား




**နေပြည်တော် မတ် ၄**

နိုင်ငံတော်ဆန့်ကျင်ရေး အစုအဖွဲ့များအနေဖြင့် လူငယ်ထုများအား ရှေ့တန်းတင်ကာ ပိုစတာများ၊ ဆိုင်းဘုတ်များ၊ ဆန္ဒပြသူအဖွဲ့များအတွက် ပစ္စည်းမျိုးစုံတီထွင်ကာ နောက်ကွယ်မှ ထောက်ပံ့သောငွေကြေးအမြောက်အမြားကို အကုန်ကျခံပြီး နိုင်ငံရေးသမားအများစုက လှုံ့ဆော်မှုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ဆောင်ရွက်နေ**

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆူပူဆန္ဒပြသူလူအုပ်စုများအနေဖြင့် လမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီး၍ လူမဆန်စွာ ရိုက်နှက်ညှဉ်းပန်းခြင်း၊ သံဃာတော်များအား သာသနာညှိုးနွမ်းစေပြီး အကြမ်းဖက်ဆန်စွာ ဆောင်ရွက်ခြင်း၊ ဘဏ်ကို ဖျက်ဆီး၍ ATM ငွေထုတ်စက်ကို ချိုးဖျက်ကာ ငွေများလုယူခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံနှင့် ယာဉ်များကို ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့သုံးယာဉ်များကို ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကာ လုံခြုံရေးတပ်ဖွဲ့အနေဖြင့် လူစုလူဝေးပြိုကွဲရေးအတွက် အဓိကရုဏ်းဖြိုခွဲရေးလက်နက်များကို အသုံးပြုဆောင်ရွက်ရလျက်ရှိကြောင်း။

မတ် ၄ ရက်တွင် ဆူပူအကြမ်းဖက်ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များအနေဖြင့် နေပြည်တော် ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အလုံ၊ စမ်းချောင်း၊ ကျောက်တံတားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်၊ မြင်းခြံမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်များတွင် နောက်ကွယ်မှ သွေးခွဲမြောက်ပင့်စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေမှုများကြောင့် လူငယ်ထုအနေဖြင့် စိတ်ခံစားမှုများကို ရှေ့တန်းတင်ကာ အကြမ်းဖက်ပုံစံကဲ့သို့ တိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့မြင်နေရကြောင်း။

**အသိပေးထား**

နိုင်ငံရေးသမားအများစု အနေဖြင့် အန္တရာယ်ကင်းလွတ်သည့် နေရာများတွင် ပုန်းခိုကာ လူငယ်ထုကို လမ်းပေါ်ထွက်စေပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက် တွေ့ဆုံစေကာ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများ အပေါ် မိဘပြည်သူလူထုများ အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်ရပ်ကွက်များအတွင်း ကားလမ်းကြောင်းပိတ်ဆို့မှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားသောဒေသမြို့နယ်များအတွင်း (အေးချမ်းစွာဆန္ဒပြခြင်း) ခေါင်းစဉ်ဖြင့် နေ့စဉ်ရက်ဆက်ပြုလုပ်လျက်ရှိကြရာ လမ်းမကြီးများ၊ ရပ်ကွက်အတွင်းလမ်းများတွင် အခိုင်အမာကွန်ကရစ်တုံးများချထားခြင်း၊ တာယာကွင်းများချထားခြင်း၊ သဲအိတ်များချထားခြင်း၊ PVC ပိုက်လုံးကြီးများချထားခြင်း၊ သံချောင်းအလေးအပင်ပစ္စည်းများချထားခြင်း၊ အချို့သောနေရာများတွင် အမျိုးသမီးဝတ်လုံချည်များအား ယာဉ်များအပေါ်တွင် ကြိုးတန်း၍လှန်းထားခြင်း စသည့်လုပ်ရပ်များကို လူစုလူဝေးများက ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုမူလုပ်ဆောင်နေကြပြီး မတ် ၃ ရက်တွင်လည်း မြို့နယ်တစ်မြို့နယ်တွင် တာယာကွင်းများအား ဓာတ်ဆီလောင်းမီးရှို့ခြင်းအား အမျိုးသမီး တစ်ဦးမှ ပြုလုပ်ခဲ့ပြီး မီးငြိမ်းသတ်ခြင်းအား ချက်ချင်းဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးပြိုကွဲစေခြင်း ဆောင်ရွက်မှုများအပြင် ယင်းကဲ့သို့ ပြုလုပ်ထားရှိသော အတားအဆီးများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပေါင်းစပ်ကာ ပြည်သူများ (ညမထွက်ရ) အမိန့်ထုတ်ပြန်ထားချိန် ညပိုင်းတွင် ညလုံးပေါက် ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါကဲ့သို့ အတားအဆီးများပြုလုပ်ခြင်းသည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုလုပ်နေသော်လည်း လက်ရှိရာသီဥတုအချိန်ကာလအရ မီးဘေးအန္တရာယ်ဖြစ်ပွားမှုကို အလွန်စိုးရိမ်ရခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့များ ဖယ်ရှားရှင်းလင်းမှုမရှိဘဲ လမ်းပိတ်ဆို့ထားချိန်တွင် မီးဘေးအန္တရာယ်ကြီးမားစွာဖြစ်ပွားလာပါက မီးသတ်ယာဉ်များ အချိန်မီရောက်ရှိနိုင်မှုမရှိဘဲ ရပ်ရွာလူထုအနေဖြင့် အိုးအိမ်ပစ္စည်းများ မြောက်မြားစွာဆုံးရှုံးနိုင်ခြင်းများကို ကြုံတွေ့လာနိုင်သည့်အတွက် အေးချမ်းသာယာစွာ နေထိုင်လိုသူများမှာ စိုးရိမ်ပူပန်မှုများစွာဖြင့် နေထိုင်နေရကြောင်း သိရသည်။

အတားအဆီးများ နေ့စဉ်ဆက်လက်ပြုလုပ်ပြီး အကြမ်းဖက်ဆန္ဒပြဖြစ်စဉ်များ ဖြစ်ပွားနေမှုသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ထိခိုက်သေဆုံးမှု ဘေးအန္တရာယ်ဖြစ်ပွားမှုများ၊ ဘက်ပေါင်းစုံမှ ပိုမိုယိုယွင်းပျက်ဆီးမှုများကိုသာ လူထုအနေဖြင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ မြို့ရွာများတွင် လုံခြုံအေးချမ်းသာယာစွာနေထိုင်လိုသူ ပြည်သူလူထုအများစုက စိုးရိမ်ပူပန်မှုများစွာဖြင့် ဝေဖန်သုံးသပ်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**





# မတ် ၃ ရက်က မန္တလေးမြို့ရှိ ဆူပူအုံကြွမှုအတွင်း သေဆုံးခဲ့သည့် အသက် ၁၉ နှစ်အရွယ် အမျိုးသမီး၏ ဒဏ်ရာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၄**

မတ် ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း ၃၀ လမ်းထောင့်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့မှု သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးခဲ့သည့် ချမ်းအေးသာစံမြို့နယ်နေ မကြယ်စင်(၁၉) နှစ် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ social media များ၌ အမျိုးမျိုးသော အမြင်များဖြင့် ဖော်ပြခြင်း၊ စွပ်စွဲခြင်းဖြင့် ဆူပူသူအချင်းချင်း သံသယများနှင့် ဖော်ပြနေကြောင်း တွေ့ရှိရသည်။ မကြယ်စင်၏ ခေတ်ပုံပါဒဏ်ရာအရ အဓိကရုဏ်းလက်နက်နှင့် ထိခိုက်သောဒဏ်ရာမဟုတ်ကြောင်းနှင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက် သို့မဟုတ် ကျည်စစ်ကျည်မှန်ဖြင့် ထိခိုက်သော ဒဏ်ရာဖြစ်ပါက သေဆုံးသူ၏ ဦးခေါင်းအနေအထားမှာ အကောင်းပကတိရှိရန် မဖြစ်နိုင်ကြောင်း၊ အမှန်တရားလိုလားသည့် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်များလည်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မကြယ်စင်သေဆုံးမှုအတွက် ဖြစ်စဉ်အမှန်အမြန်ဆုံး ပေါ်ပေါက်စေရေး သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ရရှိချက်များအား အချိန်နှင့်တစ်ပြေးညီ ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရုံးအဝင်ခြံတံခါးကို သံကြိုးများဖြင့် သော့ခတ်တားဆီး၍ ဝန်ထမ်းများ ဝင်/ထွက်မှု မပြုနိုင်ရန် တားဆီးပိတ်ပင်ခံရ



**နေပြည်တော် မတ် ၄**

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြသူများဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရသူများဖြစ်ပါသည်။ အကယ်၍ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံရနိုင်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းခွင်များသို့ ဝင်ရောက်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြပါသည်။


ယခုအခါ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် အဖွဲ့အစည်းများသည် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူမှုမီဒီယာများ အသုံးပြု၍ အရှက်ရစေရန် ဆောင်ရွက်ခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြု၍ အဖျက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၄-၃-၂၀၂၁ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ လူအင်အား ၃၀ ခန့်က ပြည်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ စုရုံးရောက်ရှိလာပြီး ရုံးအဝင် ခြံတံခါးကို သံကြိုးများဖြင့် သော့ခတ်၍ ဝန်ထမ်းများ ဝင်/ထွက်မှုမပြုနိုင်ရန် တားဆီးပိတ်ပင် ဆောင်ရွက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှာ ပြည်သူများအား အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် ရုံးများဖြစ်သဖြင့် ယခုကဲ့သို့ ပိတ်ပင်တားမြစ်ခြင်းမှာ ဝန်ထမ်းများကိုသာမက စာပေဖတ်ရှုလေ့လာလိုသူ ပြည်သူများကိုပါ တားမြစ်ပိတ်ပင်ခြင်းဖြစ်သည့်အတွက် လွန်စွာအရုပ်ဆိုးအကျည်းတန်သည့် ကျူးလွန်မှုတစ်ခုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်ရန် ခြိမ်းခြောက်ဟန့်တားမှုမြောက်ပါသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **နွေးနွေးမောင်**

# ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဗုံးပစ်လက်နက်ကိုင်ဆောင်ထားသူအုပ်စုများ ပါဝင်လာမှုတွေ့ရှိ

**နေပြည်တော် မတ် ၄**

ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဗုံးပစ်လက်နက်ကိုင်ဆောင်ထားသူ အုပ်စုများပါဝင်လာမှု တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဖျာပုံလမ်းထောင့်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူအုပ်စုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့မှုအခြေအနေကို နီးစပ်ရာ CCTV ကင်မရာများမှတစ်ဆင့် ခြေရာခံပြန်လည်စိစစ်ကြည့်ရှုရာတွင် ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်းမှ မီးခိုးဗုံးပစ်လက်နက်ဟုယူဆရသည့် လက်နက်နှစ်ခု အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေနတ်အမျိုးအစားအနေဖြင့် ပုံသဏ္ဌာန်နှစ်မျိုးကွဲပြားနေပြီး ပစ်ခတ်ရာတွင် လူခြောက်ယောက်က အုပ်စုဖွဲ့အသုံးပြုပစ်ခတ်နေသည်ကို CCTV ကင်မရာမှတ်တမ်းအရ ပီပြင်ထင်ရှားစွာ တွေ့မြင်ရကြောင်း။

ဖြစ်စဉ်အပေါ် သုံးသပ်ချက်အရ ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်တွင် မရှိတော့ဘဲ ပေါက်ကွဲစေတတ်သော လက်နက်များစွဲကိုင်ကာ အကြမ်းဖက်မှုဆောင်ရွက်လာသည့်အခြေအနေသို့ ရောက်ရှိလာသည်ကို တွေ့ရှိရပြီး ထိခိုက်ဒဏ်ရာ ရရှိမှုဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြုလုပ်မှုကြောင့် ဖြစ်ရသည်ဟူ၍ ပုံဖော်ဆောင်ရွက်လာနေသည်ကို တွေ့မြင်သုံးသပ်ရရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မြစ်ကြီးနားမြို့နယ်၌ ရဲတပ်ဖွဲ့လှည့်ကင်းဆောင်ရွက်စဉ် လေးခွဖြင့် ပစ်ခတ်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

၂၀၂၁ ခုနှစ် မတ် ၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရဲတပ်ဖွဲ့ပိုင် မီးတန်းယာဉ်ဖြင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက် နယ်မြေ(၁) ကျောက်ကြမ်းလမ်းအရောက်၌ အောင်ဟိန်းပိုင်(ခ) မိုဟာမက် ၂၁ နှစ် (ဘ) ဦးတင်နိုင် အေးမြသာယာရပ်ကွက် မြစ်ကြီးနားမြို့နေသူနှင့် တူးတူးခွပ် ၁၉ နှစ် (ဘ) ဦးအင်စွမ်ယုံ (၂)ရပ်ကွက် မြစ်ကြီးနားမြို့နေသူတို့ နှစ်ဦးက လေးခွများဖြင့် ပစ်ခတ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ပိုင်မီးတန်းယာဉ်၏ အမိုးတွင်တပ်ဆင်ထားသည့် အရေးပေါ်မီးတန်းဝဲဘက် (တန်ဖိုးငွေစိစစ်ဆဲ) ကွဲအက်ပျက်စီးခဲ့ပါသည်။

ရဲတပ်ဖွဲ့ပိုင်မီးတန်းယာဉ်အား လေးခွများဖြင့် ပစ်ခတ်ဖျက်ဆီးသူ အောင်ဟိန်းပိုင်(ခ) မိုဟာမက်နှင့် တူးတူးခွပ်တို့ နှစ်ဦးအား မြစ်ကြီးနားနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားရှိပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

# ခြိမ်းခြောက်နေသူများကို ဥပဒေနှင့်အညီ မည်သို့တုံ့ပြန်ဆောင်ရွက်နိုင်သည်ကို ဖြေကြားပေးနိုင်ပါရန်

**အယ်ဒီတာခင်ဗျား –**

ကျွန်တော်သည် ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့ရုံးမှာ ရန်ကုန်မြို့လယ်တွင် တည်ရှိသည့်အတွက် ဘတ်စ်ကားဖြင့် နေ့စဉ် ရုံးတက်ပြီး နေအိမ်မှ ရုံးသို့ရောက်ရန် တစ်နာရီခွဲကျော်ခန့် အချိန်ပေးရပါသည်။

နေအိမ်မှ ရုံးသို့ အသွား၊ အပြန်ကုန်ကျစရိတ်သည် တစ်ထောင်နီးပါးခန့်ရှိရာ တစ်လလျှင် သုံးသောင်းကျပ်ဝန်းကျင် ကုန်ကျပါသည်။ ကျွန်တော့်၏လစာသည် ကျပ်နှစ်သိန်းကျော် ဖြစ်ပါသည်။ ဒီလောက်ငွေပမာဏလေးဖြင့် ဘာကြောင့် အလုပ်လုပ်နေရသလဲဟုမေးလာလျှင် အဖြေရှိပါသည်။ ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ရသည်ကို ဂုဏ်ယူသည့်အတွက်ကြောင့် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လာသည်မှာလည်း ဆယ်စုနှစ် တစ်ခုခန့်ရှိပြီဖြစ်ပါသည်။ ကိုယ်ပိုင်ဝင်ငွေဖြင့် သွားလာရန် မလွယ်ကူသည့် နိုင်ငံခြားတိုင်းပြည်များသို့လည်း လေ့လာရေးခရီးစဉ်များအဖြစ် နိုင်ငံတော်က စီစဉ်ပေးခဲ့သည့်အတွက် ရောက်ဖူး၊ မြင်ဖူးခဲ့ပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း အခါအားလျော်စွာ တက်ရောက်ခဲ့ရပြီး အဆင့်နှင့်လျော်ညီစွာ သိရှိနားလည်တတ်ကျွမ်းခဲ့ရသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးတရားများကို နားလည်လက်ခံထားပြီး နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ကျေပွန်ရမည်ဟု ခံယူထားပါသည်။

သို့သော် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ ဆန္ဒပြပွဲများ လုပ်ဆောင်နေသကဲ့သို့ ဝန်ထမ်းများကို အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement– CDM) တွင် ပါဝင်ရန် စည်းရုံးလှုံ့ဆော်လာကြပါသည်။

စည်းရုံးလှုံ့ဆော်မှုများမှသည် တဖြည်းဖြည်းအရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်မှုအသွင်သို့ကူးပြောင်းလာသည်ဟု ကျွန်တော်ခံစားရပါသည်။

ကျွန်တော်တို့ ရုံးသွားရသည်မှာ စိတ်လုံခြုံမှုမရှိဘဲ ခိုးကြောင်ခိုးဝှက်သွားလာနေရပါသည်။ ဘယ်အချိန်တွင် ကျွန်တော်တို့ကို ခေတ်ပုံရိုက်ပြီး လူမှုကွန်ရက်ပေါ်တင်မလဲဆိုသည်ကို ကြောက်နေရပါသည်။ ရုံးဝတ်စုံ ယူနီဖောင်းပင် မဝတ်ရဲကြတော့ပါ။

ထို့ပြင် အမြင်သဘောထား၊ ရပ်တည်ချက်မတူသည့်အတွက် လူမှုကွန်ရက်စာမျက်နှာတွင် Unfriend လုပ်ခြင်း၊ Block ခြင်းများ၊ Social Bullying လူမှုအသိုက်အဝန်းမှ ပစ်ပယ်ခြင်းများကိုလည်း ရင်ဆိုင်နေရပါသည်။

လူတစ်ဦးချင်းစီတိုင်းတွင် ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ အမြင်ကွဲလွဲခွင့်များရှိသည်ဟု ကျွန်တော်ထင်ပါသည်။ မတူကွဲပြားမှုများကို တန်ဖိုးထား လေးစားခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုပင်ဖြစ်ပါသည်။

ဘယ်အစိုးရတက်တက် နိုင်ငံနှင့်နိုင်ငံသားတို့၏ အကျိုးကို မပျက်မကွက် သယ်ပိုးထမ်းရွက်နေကြသည့် CDMတွင် မပါဝင်သော နိုင်ငံ့ဝန်ထမ်းများကို ဤသို့ အပြစ်ပေးသင့်ပါသလား။ ကိုယ့်တာဝန်ကို ကျေပွန်အောင်ထမ်းရွက်နေကြသူများအဖြစ် သဘောထားအမြင် ပြောင်းကြည့်ပေးရန် မသင့်ကြဘူးလားဟု ကျွန်တော်မေးလိုပါသည်။

CDM မလုပ်သည့် ကျွန်တော်တို့လို အောက်ခြေမှ နိုင်ငံ့ဝန်ထမ်းများကို တာဝန်ထမ်းဆောင်ခြင်းမပြုရန် နည်းလမ်းအမျိုးမျိုးသုံးပြီး နှောင့်ယှက်တားဆီးနေကြသူများ၊ အကျပ်ကိုင်ခြိမ်းခြောက်နေသူများကို ဥပဒေနှင့်အညီ မည်သို့တုံ့ပြန်ဆောင်ရွက်နိုင်သည်ကို ဖြေကြားပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ကိုထက်အောင်(နိုင်ငံ့ဝန်ထမ်းတစ်ဦး)**

# လုံခြုံရေးအတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်ကြုံတွေ့နေရပါသဖြင့် တာဝန်ရှိသူတို့က နိုင်ငံ့ဝန်ထမ်းများဘက်မှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးစေလို

**အယ်ဒီတာခင်ဗျား –**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် နေထိုင်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ယနေ့လက်ရှိ ရပ်ကွက်များအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို သက်ဆိုင်ရာ တာဝန်ရှိသူများ သိရှိ၍ လိုအပ်သလို စီမံဆောင်ရွက်ပေးစေလိုကြောင်း အယ်ဒီတာမှတစ်ဆင့် တင်ပြပါရစေ။

ကျွန်တော်တို့ ရပ်ကွက်အတွင်းတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်၍ မိသားစုဘဝကို ရပ်တည်နေသူများ အများအပြားရှိပါသည်။ ယခုအခါ CDM လှုပ်ရှားမှုကြောင့် အချို့ဝန်ထမ်းများ CDM တွင် ပါဝင်၍ ရုံးမတက်ဘဲရှိနေသော်လည်း တာဝန်ကျေပွန်သည့် ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏တာဝန်ကို ပုံမှန်ထမ်းဆောင်ရန် ရုံးတက်သည်ကိုပင် အပြစ်တစ်ခုကဲ့သို့ဖြစ်အောင် ပြစ်တင်ပြောဆိုခြင်း၊ လှောင်ပြောင်ခြင်းများ ပြုလုပ်လာကြသဖြင့် မိမိလုံခြုံရေးအတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်ကြုံတွေ့နေရပါသောကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က နိုင်ငံ့ဝန်ထမ်းများဘက်မှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်းပါခင်ဗျာ။

**ဝန်ထမ်းစစ်စစ်တစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ပျဉ်းမနားမြို့၌ အကြမ်းဖက်သူလူအုပ်စုမှ ရဲတပ်ဖွဲ့ဝင် တစ်ဦးကို အကြောင်းမဲ့ဖမ်းဆီးရိုက်နှက်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများ ပြုလုပ်

**နေပြည်တော် မတ် ၄**

ပျဉ်းမနားမြို့၌ အကြမ်းဖက်သူလူအုပ်စုမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အကြောင်းမဲ့ ဖမ်းဆီးရိုက်နှက်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မန်ကျီးတောရပ်ကွက် ဗိုလ်တာရာလမ်းကြားတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က ဆူပူအော်ဟစ်ဆန္ဒပြသူ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၁၀၀ ကျော်ခန့်သည် ဒေသန္တရပြုလုပ်ထားရှိသော ဒိုင်းများအား ကိုင်တွယ်၍ တာယာကွင်းများ၊ အုတ်ခဲများအသုံးပြု၍ လည်းကောင်း၊ ဝါးလုံးများဖြင့် ကန့်လန့်ဖြတ်တားဆီးခြင်း၊ ကျားလန်များထိုး၍ ကာရံခြင်းများပြုလုပ်ကာ လမ်းကိုပိတ်ဆို့၍ ဆူပူအော်ဟစ်ဆန္ဒပြခဲ့ကြကြောင်း။

ဆူပူဆန္ဒပြသူလူစုလူဝေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ဥပဒေနှင့်အညီ အကြိမ်ကြိမ်မေတ္တာရပ်ခံ အသိပေးပြောကြားခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ဆောင်ရွက်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကာအရံအတားအဆီးများကို ဖယ်ရှားရှင်းလင်းကာ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာမှ နံနက် ၉ နာရီကျော်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်ဖြစ်ပွားနေစဉ် ဆူပူအော်ဟစ်ဆန္ဒပြသူလူအုပ်စုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စတင်ထိတွေ့ချိန် အနီး၌သတင်းရယူနေသော နယ်မြေခံရဲတပ်ဖွဲ့ဝင် တစ်ဦးကို လူအုပ်စုအတွင်းမှ လူအချို့က အဓမ္မအင်အားသုံးဖမ်းဆီးပြီး မျက်နှာကိုအဝတ်ဖြင့်စည်း၍ ယာဉ်ပေါ်တွင် ထိန်းသိမ်းခေါ်ဆောင်သွားခဲ့ကြောင်း။




ဖမ်းဆီးခေါ်ဆောင်ခံရသည့် တပ်ဖွဲ့ဝင်ကို ပြန်လည်ခေါ်ဆောင်နိုင်ရေး ရှာဖွေနေစဉ် မွန်းလွဲ ၁၂ နာရီခွဲတွင် ကင်ပွန်းတန်းလမ်းဆုံ ဆောက်လုပ်ရေးဝင်းထိပ်တွင် ၎င်းတပ်ဖွဲ့ဝင်၏ ဆံပင်အား ကွက်ကျားတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများဖြင့် မျက်နှာကို အဝတ်ဖြင့်စည်းလျက် ယာမျက်လုံးအောက် ဖူးရောင်ဒဏ်ရာတို့ဖြင့် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း။

ဆန္ဒပြသူလူအုပ်စုအနေဖြင့် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းကို ဖမ်းဆီးချုပ်နှောင်ခြင်းအတွက် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လူမှုဝန်ထမ်းနှင့်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ မတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကေသီကျော် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အမျိုးသမီးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မသန်စွမ်းသူပြုစုစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများဝယ်ယူရေးများအပါအဝင် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအဆင့်ကော်မတီများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးက သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးဒဏ်ရာရလူနာများ ထောက်ပံ့ခြင်း၊ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုအခြေအနေများနှင့် ထောက်ပံ့မှုများ၊ သဘာဝဘေး ကိုးမျိုးကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။ ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအဆင့်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြည်သူလူထုကို အမြန်ဆုံးဝန်ဆောင်မှုပေးရန်၊ မူလတန်းကြိုကျောင်းဖွင့်လှစ်ခွင့်လျှောက်ထားမှု၊ သက်ကြီးစောင့်ရှောက်ရေးဂေဟာများနှင့် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ခွင့်လျှောက်ထားမှုအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်၊ အသက် ၈၅ နှစ်အထက် ဘိုးဘွားများကို သုံးလတစ်ကြိမ် ထောက်ပံ့ကြေးသုံးသောင်းကျပ် ထောက်ပံ့ပေးနေမှု စနစ်တကျရှိစေရေးနှင့် နွေရာသီတွင် သတိပြုရမည့် မီးဘေးနှင့် မိုးဦးကျကာလဖြစ်ပွားတတ်သည့် လေဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စနစ်တကျဖြစ်စေရေး၊ သိုလှောင်ရုံတွင် ထိန်းသိမ်းထားသော ထောက်ပံ့ရေးပစ္စည်းများ ပျက်စီးလေလွင့်မှု မရှိစေရေး၊ Cyclone Shelter များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံလူတန်းစားများ၏ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများမှာ ထိခိုက်ဆုံးရှုံးမှုများဖြစ်

## တွေ့ဆုံမေးမြန်း - လုလင်ငယ်

CDM (Civil Disobedience Movement) ကို စတင်ပြုလုပ်လာသည်မှာ ယခုဆိုလျှင် လေးပတ်နီးပါး ကြာမြင့်လာပြီဖြစ်သည်။ ထိုကာလအတွင်း အခြေခံလူတန်းစားများ၏ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများမှာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြရသည်။

CDM ကို မည်သည့်အချိန်အထိ လုပ်မည်၊ မည်သည့်အချိန်တွင် ရပ်နားမည်ဆိုပြီး တိတိကျကျမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအားဆန့်ကျင်ရေးကိုသာ အဓိကရည်ရွယ်ကာလုပ်ဆောင်နေသည့်ကြားမှ သာမန်ပြည်သူများကိုသာ အခက်အခဲကြုံတွေ့နေစေကြောင်း တွေ့ရသည့်အတွက် CDM ကြောင့် အခက်အခဲကြုံတွေ့ခံစားနေရသည့် အလွှာအသီးသီးမှ ပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

"ကျွန်မက မြို့နယ်ဦးစီးမှူးတာဝန်ထမ်းဆောင်နေတာဆိုတော့ ရုံးမှာက တာဝန်အရှိဆုံးသူလို ဖြစ်နေတယ်။ CDM ကြောင့် အငယ်ပိုင်းဝန်ထမ်းတွေကို အများကြီးထိန်းသိမ်းစည်းရုံးနေရတယ်။ အချို့ဝန်ထမ်းတွေ ရုံးမလာရဲတာက ရုံးတက်နေကြတဲ့ ဝန်ထမ်းတွေကို တချို့သူတွေက လှောင်သလိုလိုအကြည့်တွေနဲ့ ကြည့်ကြတာကြောင့် မလာရဲတာ။ ဒါကြောင့် သူတို့ကို အားပေးဖေးမပြီး ရုံးတက်ကြဖို့ တိုက်တွန်းရတယ်။ ရုံးတက်ရင်လည်း သူတို့တွေ သတိမထားမိအောင် ယူနီဖောင်းမဝတ်ဘဲ သာမန်လူတွေလိုသွားလာပြီး တက်ကြရတယ်။

"ကျွန်မတို့လို မြို့နယ်ရုံးအများစုက လူနေရပ်ကွက်ထဲမှာရှိတော့ ဆန္ဒလာပြတဲ့သူတွေက ရုံးရှေ့မှာလာပြီး 'ရုံးမတက်နဲ့ရုံးထွက်' လို့ အော်ခံရတာတွေ၊ ဖုန်းနဲ့ဓာတ်ပုံလိုက်ရိုက်ပြီး ဆိုရှယ်မီဒီယာပေါ် တင်တာတွေရှိတယ်။ တွေ့ရတာက ဘဏ်ဝန်ထမ်းတွေကို CDM မလုပ်လို့ ဘဏ်ရှေ့လာပြီး ဆန္ဒပြကြ၊ အရှက်ခွဲကြ၊ လိုင်းပေါ်တင်ပြီး အရှက်ခွဲကြတာတွေ လုပ်ကြတယ်။ ဒါတွေက မဖြစ်သင့်တာတွေပါ။ တစ်ဦးရဲ့လွတ်လပ်ခွင့်ကို တစ်ဦးက လေးစားရမှာပေါ့"ဟု ဌာနတစ်ခုမှ မြို့နယ်ဦးစီးမှူး တာဝန်ထမ်းဆောင်နေသူ ဒေါ်စန်းကြည် (အမည်လွှဲ)က ပြောသည်။

CDM မှာပါဝင်ရန် နိုင်ငံ့ဝန်ထမ်းများကို ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှု၊ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နေကြသည်။ မိမိတို့ပြည်သူများ သွားချင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် CDM က လုပ်ဆောင်ပေးနိုင်မလား၊ မလုပ်ဆောင်ပေးနိုင်ဘူးလား၊ CDM က ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များအတွက် အဖြေမှန်တစ်ခု ဟုတ်၊ မဟုတ်သည်တို့ကို စဉ်းစားရန်လိုသည်။

"ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ကြတဲ့အတွက် တချို့ဆေးရုံတွေမှာ ဆရာဝန်၊ သူနာပြုတွေမရှိကြဘူး။ ဒါကြောင့် ငွေကြေးမတတ်နိုင်ကြတဲ့ ပြည်သူတွေ ဒုက္ခရောက်ရတယ်။ ကလေးမီးဖွားမယ့်သူတွေ၊ အရေးပေါ်လူနာတွေဆိုရင် အရေးပေါ်အခြေအနေမှာ ဟိုပြေး၊ ဒီပြေးဖြစ်ကြရတယ်။ အပြင်မှာ အထူးကုဆေးခန်းတွေတော့ရှိတာပေါ့။ ဒါကလည်း ငွေကြေးလိုတယ်။ အစိုးရဆေးရုံတွေထက် ဈေးအများကြီးပိုပေးရတော့ သာမန်ပြည်သူတွေက ဘယ်လိုလုပ်ပြီး တတ်နိုင်မလဲ။ အပြင်ဆေးခန်းတွေမှာ ကလေးမွေးမယ်ဆိုရင် ငွေကျပ် ရှစ်သိန်းလောက်ကိုပေးရတယ်။ ဒါကြောင့် ငွေကြေးမတတ်နိုင်တဲ့ ပြည်သူတွေက ဘယ်လိုတတ်နိုင်မလဲ။ ကျွန်မရဲ့ညီမလေးဆို ကလေးမွေးခါနီး ဆေးရုံသွားတာ ဆရာဝန်တွေမရှိဘူး။ ဒါကြောင့် ပရဟိတတွေနဲ့ ချိတ်ဆက်ပြီး တပ်မတော်ဆေးရုံကို သွားခဲ့ရတယ်"ဟု ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲကြုံတွေ့ခဲ့ရသည့် ဒေါ်ဇင် (အမည်လွှဲ)က ပြောသည်။

ဌာနာဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်အိခိုင်(အမည်လွှဲ)က "ကျွန်မတို့ဌာနက CDM လှုပ်ရှားမှုမှာပါဝင်တဲ့ ဝန်ထမ်းတွေရဲ့ အမည်စာရင်းကို ရုံးချုပ်ကတောင်းတယ်။ တစ်ယောက်ချင်းစီကို ဝန်ခံကတိနဲ့ တောင်းတာ။ CDM လုပ်မယ်ဆိုလည်းလုပ်ပေါ့၊ မလုပ်ဘူးဆိုလည်း မလုပ်တဲ့အကြောင်း၊ ဝန်ခံကတိမှာ လက်မှတ်လာထိုးဖို့ခေါ်တဲ့အခါ ရုံးမတက်ဘဲနေကြသူတွေက လက်မှတ်လည်း လာမထိုးဘူး၊ ရုံးလည်း လာမတက်ဘူး။ အခု CDM လုပ်တဲ့ဝန်ထမ်းတွေရဲ့ အလုပ်တွေကို ကျွန်မတို့လို ကျန်တဲ့ဝန်ထမ်းတွေက လုပ်ပေးရတယ်။ ဒါကလည်း CDM လုပ်တဲ့ဝန်ထမ်းတွေကို အပြစ်မြင်လို့ပြောတာတော့ မဟုတ်ဘူး။ နှစ်ယောက်လုပ်ရမယ့်အလုပ်ကို တစ်ယောက်တည်းလုပ်ရတော့ အလုပ်ကြန့်ကြာသလို မနိုင်ဝန်ထမ်းနေရသလိုဖြစ်တယ်။

"ကျွန်မသိတဲ့ ရုံးကညီမလေးတစ်ယောက်ဆိုရင် အဖေမရှိတော့ဘူး။ အမေကို ဒီဝန်ထမ်းအလုပ်နဲ့ လုပ်ကိုင်ကျွေးမွေးနေတာ။ ပညာအရည်အချင်းကလည်း ၁၀ တန်းမအောင်တော့ ရုံးအကူနဲ့ ရုံးမှာလုပ်နေတာပါ။ အခု အွန်လိုင်းပေါ်က စာတွေဖတ်ပြီး CDM လုပ်သွားတယ်။ လူငယ်တွေသဘောသဘာဝ စိတ်လိုက်မာန်ပါလုပ်လိုက်မှုကြောင့် သူ့ကို မှီခိုနေရတဲ့မိသားစုက ဦးစွာဒုက္ခရောက်ရတယ်။ အခုအချိန်မှာ အလုပ်တစ်ခုရဖို့က မလွယ်ပါဘူး။ ဝန်ထမ်းဆိုတာက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ လိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေရှိတယ်။ ကျွန်မတို့က တိုင်းပြည်ကို အလုပ်အကျွေးပြုနေတဲ့ ဝန်ထမ်းတွေဖြစ်တာကြောင့် နိုင်ငံရေးထဲဝင်မပါစေချင်ဘူး။ နိုင်ငံ့ဝန်ထမ်းဆိုတာက ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဟုတ်ဘဲ ဘယ်အစိုးရပဲ တက်တက် ကိုယ့်ဌာနရဲ့ အလုပ်တာဝန်ကိုတော့ ဆက်လုပ်ရမယ့် တာဝန်ရှိတယ်။ အခုလို မထီမဲ့မြင်မလုပ်သင့်ဘူး"ဟု ပြောသည်။

ဒီမိုကရေစီတွင် အများစု၏ဆန္ဒကို လက်ခံရမည်ဖြစ်သော်လည်း အနည်းစု၏ ဆန္ဒကိုလည်း ပစ်ပယ်ထား၍ မရပါ။ ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မဲစာရင်းမှားယွင်းသည့် ကိစ္စရပ်များ အပြီးအပြတ်ဖြေရှင်းဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု ဆိုထားသည်။

ယင်းရွေးကောက်ပွဲကျင်းပပြီးချိန်တွင် အနိုင်ရရှိသည့်ပါတီထံ နိုင်ငံတော်၏အာဏာကို ပြန်လည်အပ်နှင်းလွှဲပြောင်းပေးမည်ဟု ကတိပြုထားသောကြောင့် မိမိတို့အနေဖြင့် ယင်းအချိန်အခါကောင်းကို စောင့်ဆိုင်း၍ မိမိနှစ်သက်သဘောကျသည့်ပါတီကို မဲပေးနိုင်ရန် စောင့်ဆိုင်းရပေမည်။ သို့မဟုတ်ပါပဲ ယခုကဲ့သို့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ လုပ်ဆောင်နေလျှင် မိမိတို့လိုလားတောင့်တနေသည့် ဒီမိုကရေစီစနစ်လမ်းကြောင်းမှ လွဲချော်သွားနိုင်သဖြင့် ရွှေပြည်တော်မျှော်တိုင်းမဝေးရလေအောင် အချိန်အခါကောင်းကို စောင့်ဆိုင်းသင့်ပါကြောင်း အကြံပြု ရေးသားတင်ပြလိုက်ရပါသည်။

# ချိုသည်တိုင်း သကာ ချဉ်သည်တိုင်း သံပရာမဟုတ်ပါ

## မောင်သမ္မာဒိဋ္ဌိ

**ကောလာဟလထက်မြန်သော အရာဟူသည် ကမ္ဘာပေါ်တွင် မရှိနိုင်**

သကာတိုင်း ချိုကြပါသည်။ သို့တစေ ချိုသည့်အရာမှန်သမျှ သကာတော့ မဟုတ်ကြပါ။ ထန်းလျက်ချိုသည်က တစ်ဖုံ၊ သကြားချိုသည်က တစ်နည်း၊ ပျားရည်ချိုသည်က တစ်မျိုး၊ ချိုပုံချိုနည်းများ ကွာခြားကြပါသည်။ သို့ဖြစ်၍ ချိုသည့်အရာတိုင်းကို သကာဟူ၍ ပြော၍မရပါ။ ထို့အတူ သံပရာသီးတိုင်း ချဉ်ကြပါသည်။ သို့တစေ ချဉ်သည့်အရာမှန်သမျှ သံပရာတော့ မဟုတ်ကြပါ။ ရှောက်သီး ချဉ်သည်က တစ်မျိုး၊ မရန်းသီး ချဉ်သည်က တစ်နည်း၊ မန်ကျည်းသီးချဉ်သည်က တစ်ဖုံ၊ ချဉ်ပုံချဉ်နည်း အသီးသီးကွာခြားကြပါသည်။ သို့ဖြစ်၍ ချဉ်သည့်အရာမှန်သမျှကို သံပရာဟူ၍ ပြော၍မဖြစ်ပါ။

ရာဇနီတိကျမ်းကြီးတွင် –

(၁) တစ်ဆင့်ပြော၍ သိရသောစကား၊

(၂) မျက်ကွယ်ရာအရပ်၌ ပြောဆိုသောစကား၊

(၃) နှစ်ခွန်းနှစ်ဝ ပြောဆိုသောစကား၊

(၄) အမျက်ဒေါသ အာဃာတဖြင့် ပြောဆိုသော စကားမှန်သမျှတို့ကို ယုံကြည်စွဲမြဲစွာ လက်မခံထိုက်ဟု သတိပေး လမ်းညွှန်ဖော်ပြထားသည်ကို တွေ့ရပါသည်။

လူနေမှုလောက၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအရပ်ရပ်၌ မိမိတို့၏ အတ္တလွန် ဝိသမလောဘ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရည်ရွယ်၍ ပွဲလန့်တုန်းဖျာခင်းလိုသူ၊ သည်ယုန်မြင်၍ သည်ချုံထွင်လိုကြသည့် မသမာသူများက မဟုတ်မမှန် လုပ်ကြံသတင်း (Disinformation)၊ အတင်းအဖျင်း၊ ကောလာဟလသတင်းမျိုးစုံကို ရေလဲသုံးစွဲလေ့ရှိကြသည်။ ထိုကောလာဟလ လုပ်ကြံစကားသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၊ အတ္တလွန် အခွင့်အရေးသမားများ၏ ဖျက်လိုဖျက်ဆီး တီးတိုးဝါဒအဖြစ်လည်းကောင်း၊ အရှက်မဲ့ မျက်နှာပြောင်တိုက် သတင်းစကားများအဖြစ်လည်းကောင်း အစဉ်အမြဲ အသုံးတော်ခံရသည့် မုသာဝါဒစကားများပင်ဖြစ်သည်။

ကမ္ဘာ့သမိုင်းတွင် (ဘီစီ ၄၆၉ မှ ၃၉၉ ) ပေါ်ပေါက်ခဲ့သည့် ဂရိနိုင်ငံရေး တွေးခေါ်ပညာရှင်ကြီး "ဆိုကရေးတီး" (Socrates) သည် လူသားတို့အတွက် အသိဉာဏ်ပညာဖွံ့ဖြိုးရေး၊ ဆင်ခြင်တုံတရားတိုးတက်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကို ဦးတည်၍ ဟောပြောပညာပေးခဲ့ရာ မလိုလားသူများက အေသင်မြို့မှ လူငယ်လူရွယ်များအား ပုန်ကန်ထကြွရန် လှုံ့ဆော်ပေးသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းများ လွှင့်ထုတ်ခဲ့မှုကြောင့် "ဆိုကရေးတီး"အား အာဏာပိုင်တို့က အဆိပ်ကျွေး၍ သေဒဏ်ပေးခဲ့လေသည်။

**အနောက်တိုင်းစကားပုံတစ်ခု၌ "ကောလာဟလထက် မြန်ဆန်သော အရာဟူသည် ကမ္ဘာပေါ်တွင် မရှိနိုင်"ဟု ဆိုရိုးပြုထားပါသည်။**

**ဝန်ထမ်းဘဝရခဲလှ**

ဝန်ထမ်းဘဝကို တော်ရုံတန်ရုံ ပါရမီကုသိုလ်ဖြင့် ရရှိရသည်မဟုတ်ပါ။ အခြေခံအားဖြင့် ကျန်းမာရေးနှင့် ပြည့်စုံရမည်။ သတ်မှတ်သည့် ပညာအရည်အချင်း ရှိရပါမည်။ အကျင့်စာရိတ္တလည်း ကောင်းရမည်။ ပြစ်မှုပြစ်ဒဏ်များနှင့် ကင်းရှင်းသူဖြစ်ရမည်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ တည်ဆဲနိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့်အပြင် ဝန်ထမ်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကြရပါမည်။ ပြည်သူကို ဖြောင့်မတ်စွာ အလုပ်အကျွေးပြုပြီး နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် မည်သည့် လုပ်ဆောင်လှုပ်ရှားမှုများကိုမဆို ရှောင်ကြဉ်ရပါမည်။ ပါတီစုံနိုင်ငံရေးစနစ်တွင် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေး ကင်းရှင်းကြရပါမည်။

**ကျားကိုသမင် မေတ္တာဝင်လျှင် သမင်မေတ္တာ ကျားအစာ**

အသားမစားသော ကျားသတ္တဝါဟူ၍ မရှိနိုင်သကဲ့သို့ မသမာသည့် အဖျက်သမားတို့သည် ပူလောင်သော မီးတောက်မီးလျှံများနှင့်တူပြီး ကိုယ်တိုင်လောင်ကျွမ်းရုံမျှမက အနီးပတ်ဝန်းကျင်ကိုပါ ဆက်စပ်ကူးစက်လောင်ကျွမ်းစေသကဲ့သို့ ဆိုးရွားလှပါသည်။ မသမာသူ အဖျက်သမားတို့၏ အမျက်မှိုင်းမိသူများမှာ ကျားကို မေတ္တာသက်ဝင်မိသော သမင်ကဲ့သို့ နောက်ဆုံးတွင် ကျားအစာအဖြစ် မရှုမလှ နိဂုံးချုပ်ရမည်မှာ မြေကြီးလက်ခတ် မလွဲပါ။

တစ်နည်းဆိုရလျှင် အရသာ ချိုမြိန်လွန်းလှသည့် သရက်သည် ခွေးတောက်မြစ်နှင့် ပေါင်းယှက်မိလျှင် သရက်ပင်၏ အသီးသည် ချိုရာမှ ခါးသွားသည့် ဆိုးကျိုးသာ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မသမာသည့် အဖျက်သမားတို့သည် "ဝိသမအတ္တလွန် တစ်ကိုယ်ကောင်းဝါဒ" ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်နှင့် ပြည်သူ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းသို့ ရောက်ရှိအောင် ပင်ကိုအဖြူထည် သက်သက် ဝန်ထမ်းများကို အဖျက်မှိုင်းအမျိုးမျိုး တိုက်ကာ "အစိုးရအမိန့် အာဏာဆန့်ကျင်ရေး လှုပ်ရှားမှုများ" (Civil Disobedience Movement– CDM) ပြုလုပ်စေပြီး အကြမ်းဖက်လုပ်ရပ်များနှင့် မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာအောင် နောက်ကွယ်က ကြိုးကိုင်၍ လှုပ်ရှားနေကြသည်မှာ မှန်ကန်ဖြောင့်မတ်သော ပြည်သူအားလုံး သိရှိကြပြီးဖြစ်ပါသည်။ မသမာသူများနှင့် ၎င်းတို့ ဦးဆောင်သော အဖွဲ့အစည်းများ၏ မြူဆွယ်မက်လုံးများနှင့် မာယာထောင်ချောက်များထဲသို့ မဆင်မခြင် သက်ဆင်းမိကြသည့် ပြည်သူ့ဝန်ထမ်းအချို့မှာ နိုင်ငံတော်နှင့် ပြည်သူတို့ကို သစ္စာဖောက်သည့် ပြစ်မှုကို ကျူးလွန်ရာရောက်သဖြင့် မိမိသာလျှင် ဒုက္ခရောက်မည်ဖြစ်ပါသည်။

**ဒီမိုကရေစီသည် အုပ်စုဖွဲ့ အကြမ်းဖက်ဝါဒ လုံးဝမဟုတ်ဘဲ "မင်းမဲ့စရိုက်"များကို အမြဲဆန့်ကျင်သည်**

ဒီမိုကရေစီကျင့်စဉ်သည် " အုပ်စုဖွဲ့အကြမ်းဖက်ဝါဒ" လုံးဝမဟုတ်ဘဲ မင်းမဲ့စရိုက်များကို အမြဲဆန့်ကျင်သည်ဟူသော ဒီမိုကရေစီ အနှစ်သာရနှင့်အညီ ဆင်ခြင်တုံတရား လက်ကိုင်ထားစေလိုပါသည်။ "သတိမမူ ဂူမမြင်"၊ " ပညာရှိ သတိဖြစ်ခဲ့" မဖြစ်စေချင်ပါ။

နိုင်ငံရေးမသမာသူတို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဗန်းပြကာ "ဒီမိုကရေစီ အာဏာရှင်စနစ်" ဖက်တွယ်ထားကြသူများပီပီ မင်းမဲ့စရိုက် အဖျက်အမှောင့် အကြမ်းဖက်လုပ်ငန်းများကို ဖန်တီးကာ ပြည်သူအချို့နှင့် လူငယ်လူရွယ်များကို အသုံးချစေခိုင်းဖို့ ဝန်မလေးကြပါ။

နိုင်ငံရေးမသမာသူတို့၏ ဘက်စုံတိုက်ပွဲ ထိုးနှက်မှုလုပ်ရပ်ဆိုးများကို လေ့လာကြည့်ပါက–

(၁) ထိုးဖောက်စိမ့်ဝင် လွှမ်းမိုးခြင်း၊

(၂) အတွင်းသူလျှိုထား၍ ဖျက်ဆီးခြင်း၊

(၃) သစ္စာဖောက်များ မွေးမြူခိုလှုံစေခြင်း၊

(၄) အဖျက်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ခြင်း၊

(၅) နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခြင်း၊

(၆) ဩဇာခံရုပ်သေးများကို အသုံးပြုခြယ်လှယ်ခြင်း၊

(၇) ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်ခြင်း၊

(၈) မတည်မငြိမ်ဖြစ်မှုအရှိန်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(၉) လိုရာပုံသွင်းခြင်း၊

(၁၀) ပိတ်ဆို့ခြင်း၊

(၁၁) ချေမှုန်းချုပ်ကိုင်ခြင်း၊

(၁၂) ယာယီမက်လုံးများဖြင့် ပေးကမ်းထောက်ပံ့ခြင်း၊

(၁၃) လူစုပြုံအောင် ဖန်တီးဆောင်ရွက်ခြင်း၊

(၁၄) သံတမန်အခွင့်အရေးများကို အသုံးပြု၍ နောက်ကွယ်မှ လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမည်ဖြစ်သည်။

စာမျက်နှာ ၂၁ သို့ ❂

**နိုင်ငံရေးမသမာသူတို့၏ ဘက်စုံတိုက်ပွဲ ထိုးနှက်မှုလုပ်ရပ်ဆိုးများကို လေ့လာကြည့်ပါက-**

**(၁) ထိုးဖောက်စိမ့်ဝင် လွှမ်းမိုးခြင်း၊**

**(၂) အတွင်းသူလျှိုထား၍ ဖျက်ဆီးခြင်း၊**

**(၃) သစ္စာဖောက်များ မွေးမြူခိုလှုံစေခြင်း၊**

**(၄) အဖျက်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ခြင်း၊**

**(၅) နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခြင်း၊**

**(၆) ဩဇာခံရုပ်သေးများကို အသုံးပြုခြယ်လှယ်ခြင်း၊**

**(၇) ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်ခြင်း၊**

**(၈) မတည်မငြိမ်ဖြစ်မှုအရှိန်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊**

**(၉) လိုရာပုံသွင်းခြင်း၊**

**(၁၀) ပိတ်ဆို့ခြင်း၊**

**(၁၁) ချေမှုန်းချုပ်ကိုင်ခြင်း၊**

**(၁၂) ယာယီမက်လုံးများဖြင့် ပေးကမ်းထောက်ပံ့ခြင်း၊**

**(၁၃) လူစုပြုံအောင် ဖန်တီးဆောင်ရွက်ခြင်း၊**

**(၁၄) သံတမန်အခွင့်အရေးများကို အသုံးပြု၍ နောက်ကွယ်မှ လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမည်ဖြစ်သည်။**





## စစ်တွေမြို့ လောကာနန္ဒာစေတီတော်ကြီး၌ကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက်ရောက်ပူဇော်

**စစ်တွေ မတ် ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ကျင်းပသော အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်း သိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းက လောကာနန္ဒာစေတီတော် မြတ်ကြီးအတွင်း၌ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာန ဆိုင်ရာများ တက်ရောက်ဖူးမြော်ပူဇော်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များ က နမောတဿသုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကိုဖွင့်လှစ် ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် (အနားယူ) အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ မဏိရတနာကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ ဧည့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော် များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဆရာတော်အရှင်သူမြတ် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ဓမ္မသုခ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အကျိုး ကျေးဇူးတရားတော်ကိုနာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော်က အနုမောဒနာတရားကို ရွတ်ဖတ်ပူဇော်ပြီး ဆရာတော် ဘဒ္ဒန္တ သောဘိတက ပဋ္ဌာန်းတရားတော်နာယူရန် ဖိတ်ကြားရောက်ရှိ လာကြသော နတ်ဗြဟ္မာများအား သူတို့စံရာ ဘုံဌာနသို့ပြန်လည် ပို့ဆောင်ပေးကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ် တပေါင်းလဘုရားပွဲတော် မကျင်းပနိုင်သော်လည်း ဘုရားဖူးသူများ လာရောက်ဖူးမြော်နိုင်ရေး ဆောင်ရွက်ထားမည်

**ရမည်းသင်း မတ် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြမြင်းနားအုပ်စု နိုင်ငံတော် ဂေဇက်ဝင် နှင့် သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ဘုရား၌ တပေါင်းလပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် ဘုရားပွဲတော် ကျင်းပမည်မဟုတ်ကြောင်း သိရသည်။

ဩဝါဒါစရိယဆရာတော်များ၏ လမ်းညွှန်မှုအား အမှူးထား၍ ဆရာတော်များနှင့် ဘုရားဂေါပကအဖွဲ့များက တပို့တွဲလပြည့်ကျော် ၁ ရက်တွင် ရွှေမြင်တင် တောင်တော် မြတ်ဘုရား တန်းခိုးကြီးရင်ပြင်တော်၌ ညှိနှိုင်းအစည်းအဝေးကျင်းပ၍ တပေါင်းလ ဘုရားပွဲတော် ကျင်းပနိုင်ခြင်းမရှိသော်လည်း ရွှေမြင်တင်တောင်တော်မြတ်ဘုရားသို့ ဘုရားဖူးသူများ ငြိမ်းချမ်းသာယာစွာဖြင့် လာရောက်ဖူးမြော်နိုင်ရေးအတွက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ကြိုတင်ပြင်ဆင်မှုများ၊ ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



## ရခိုင်ပြည်နယ် စစ်တွေမြို့၌ စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေး သီးနှံပုံစံသုတေသနများကို တောင်သူလယ်သမားများအား ရှင်းလင်းပြသ

**စစ်တွေ မတ် ၄**

ရခိုင်ပြည်နယ်၌ တောင်သူလယ်သမား များသည် ပုံမှန်အားဖြင့် တစ်နှစ်လျှင် စပါးတစ်သီးသာ စိုက်ပျိုးလေ့ရှိသည်။ သီးနှံတစ်သီးသာစိုက်ပျိုးမှုများမှ သီးထပ် သီးနှံစိုက်ပျိုးပါက အောင်မြင်မှုရရှိ နိုင်ကြောင်း တောင်သူလယ်သမားများ လက်တွေ့သိရှိစေရန်စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှမြောင်းဘွေစိုက်ပျိုးရေးသုတေ သနစခန်း တာဝန်ခံလက်ထောက် သုတေသနအရာရှိ ဦးနိုင်မျိုးအောင်က စစ်တွေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်ပူးပေါင်း၍ စပါးအပြီး သီးထပ်စိုက်ပျိုးစမ်းသပ်မှုများ ဆောင်ရွက် လျက်ရှိသည်။



ထိုသုတေသနစိုက်ခင်းသို့ ဖေဖော်ဝါ ရီ ၂၈ ရက်တွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသိုက်စိုး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ ပူးပေါင်း၍ စစ်တွေမြို့နယ် ကြို့တဲကျေးရွာ မှ တောင်သူလယ်သမား ၂၀ အား စပါး အပြီး သီးထပ်သီးနှံစိုက်ပျိုးစမ်းသပ်မှု များကို ရှင်းလင်းပြသခဲ့သည်။

ယင်းသုတေသနပြုလုပ်ပြသရခြင်း ၏ ရည်ရွယ်ချက်မှာ သီးထပ်စိုက်ပျိုးမှုဖြင့် တောင်သူလယ်သမားများ ဝင်ငွေပိုမို တိုးတက်ရရှိလာစေရန်ဖြစ်ပြီး ရေချိုရှားပါး ခြင်း၊ လုပ်ခဈေးနှုန်းမြင့်မားခြင်း တို့ကြောင့် မြေတွင်းရှိ အစိုဓာတ်နှင့် ဆီနှင်းကျရောက်မှုဖြင့် စိုက်ပျိုးဖြစ်ထွန်း နိုင်သည့် သီးနှံများ ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။

ယခင် ၂၀၁၉- ၂၀၂၀ ကာလအတွင်း စမ်းသပ်မှုများအရ ရခိုင်ပြည်နယ်၌ စပါးအပြီး သီးထပ်သီးနှံအဖြစ် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပန်းနှမ်း၊ ဗိုလ်ကိတ်ပဲနှင့် ဆီမုန်ညင်းသီးနှံတို့ကို ရေမသွင်းရဘဲ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး စီးပွား ရေး တွက်ခြေကိုက်မှုရှိကြောင်း တောင်သူလယ်သမားများအား ရှင်းလင်း ပြသခဲ့သည်။ တောင်သူလယ်သမားများ ကလည်း စိတ်ပါဝင်စားစွာ သုတေသန စိုက်ခင်းများကို ကြည့်ရှုကြပြီး သိရှိလို သည့်အကြောင်းအရာများကို အပြန် အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○

❂ စာမျက်နှာ ၂၀ မှ

အထက်ဖော်ပြပါ အဖျက်လုပ်နည်းလုပ်ဟန် များကို မြင်အောင်ကြည့်တတ်ကြဖို့ လိုပါမည်။ အမြင်မှားနေသမျှ အရာအားလုံးကို အမှားသာ မြင်နေမည်ဖြစ်ပြီး အမှန်တရားနှင့် ကင်းဝေးသည် ထက် ကင်းဝေးသွားမှာစိုးပါသည်။

**ဝန်ထမ်းကောင်းကျင့်ဝတ်ကို စောင့်ထိန်းပါ**

နိုင်ငံ့ဝန်ထမ်းဟူသည် “နိုင်ငံတော်နှင့်ပြည်သူ ကို သစ္စာခံလျက် နိုင်ငံတော်က ပေးအပ်သော တာဝန်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွား ပါမည်” ဟူသော နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် ခြောက်ပါးကို ခံယူကျင့်သုံးကြသူများပင် ဖြစ်ကြ ပါသည်။ တစ်နည်းဆိုပါလျှင် နိုင်ငံတော်၏ စီမံ အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး အထစ်အငေါ့မရှိဘဲ ပုံမှန်လည်ပတ်နေစေရန် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ သစ္စာရှိရှိ ထမ်းဆောင်ကြရသော နိုင်ငံတော်တည်ဆောက်ရေးသမားများသာ ဖြစ်ကြ ပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ထမ်း များ၊ ဝန်ထမ်းကောင်းများ ဖြစ်နေစေရေးနှင့် ပတ်သက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ည ၆ နာရီ ၃၃ မိနစ်အချိန်တွင် မိန့်ကြားလမ်းညွှန် ခဲ့သည့် အသံလွှင့်မိန့်ခွန်း၌ ဗိုလ်ချုပ်က-

“ကျွန်တော်တို့ ရှေ့အဖို့ ရဲရဲကြီးလုပ်တော့မယ်၊ ပြတ်ပြတ်သားသား လုပ်တော့မယ်၊ ကျွန်တော်တို့ တတွေ ဟိုအကြောင်းထောက် ဒီအကြောင်းထောက် ပြီး ချီတုံချတုံ ဖြစ်နေမှုကြောင့် လူထုမနစ်နာစေချင် တော့ဘူး၊ ကျွန်တော်တို့လုပ်သလိုပဲ အစိုးရ အရာ ထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ် တရားသဖြင့် ကျရောက်တဲ့တာဝန်ဝတ္တရားတွေကိုလူထုနဲ့တိုင်းပြည် မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ် သားသား ဆောင်ရွက်ကြစေချင်တယ်၊ ဒီလိုမှ ပြတ်ပြတ်သား သား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။

အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန် စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ၊ ဟိုလူကို ကြောက်သလိုလို၊ ဒီလူကို ကြောက်သလိုလို၊ ဟိုလူကို မျက်နှာချို သွေးချင်သလိုလို၊ ဒီလူကို မျက်နှာချိုသွေးချင် သလိုလို ဒီလိုလုပ်လို့မရဘူး၊ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်ရင် ဘယ်သူ့မှလဲ ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလဲ လက်ဖျားနဲ့ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ”ဟု မိန့်ကြားခဲ့ရာ ထိုမိန့်မှာချက် မှာ ယနေ့အထိ ရှင်သန်သက်ဝင်လျက်ရှိပြီး ဝန်ထမ်း များအတွက် ဆင်ခြင်တုံတရားရဖွယ်ဖြစ်ပါသည်။

မိမိကိုယ်မိမိ သကာလား၊ တမာလား၊ သံပရာ လား ဆိုသည်ကို ကွဲပြားအောင် ဆန်းစစ်ကြည့် ရပါမည်။ မင်းသားကြီး မလုပ်ရ၍ ပတ်မကြီးကို ထိုးဖောက်သည့် နိုင်ငံရေးမသမာသူများ၊ ပွဲလန့်တုန်း ဖျာခင်းလိုကြသူများ၊ နိုင်ငံရေးအမြတ်ထုတ် လိုသူများ၊ သည်ယုန်မြင်၍ သည်ချုံထွင်နေကြသူ များကို သတိထား၍ အသိတရားဖြင့် ရှောင်ကြဉ်ကြ ရပါမည်။

လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကိုယ်ရေး နေကြသူများဖြစ်ရာ “ မိမိကိုယ်ကို မိမိ အသိဆုံးဖြစ် သလို” “ ဘယ်သူမပြု မိမိမှုသာ” ဖြစ်သောကြောင့် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ဆင်ခြင်သိမြင်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံ တော်နှင့် ပြည်သူတို့၏ ကျေးဇူးသစ္စာကို အမြဲစောင့် သိလျက် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်း ကောင်းများပီသစွာ ရိုးသားနိုးကြားစွာ ကြိုးစား ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

“နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား”(Natio- nal Interest & Public Interest) တိုးတက်ဖွံ့ဖြိုး အောင် မိမိတို့၏ ကျေးဇူးရှင် မိခင်ဌာနအဖွဲ့အစည်း (Mother Unit) များတွင် မပျက်မကွက် ဆက်လက် ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆွေသဟာ အပေါင်းအား စေတနာကောင်းဖြင့် အရေးထား လေးစားစွာ ရေးသားဆန္ဒပြုအပ်ပါသည်။ ။

## မန္တလေးနန်းမြို့အတွင်းရှိ လေ့လာစရာ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်စွယ်တော်စင်



**မန္တလေး မတ် ၄**

မန္တလေးနန်းမြို့အတွင်းတွင် လေ့လာဖူးမြော်စရာ စေတီများစွာရှိသည်။ ထိုအထဲတွင် မြနန်းစံကျော် ရွှေနန်းတော်ထက် စောစွာတည်ထားခဲ့သော နန်းဦး ဆုတောင်းပြည့်ဘုရားမှာထူးခြားလှသည်။ အရှေ့ မျက်နှာတစ်ခုတည်းတွင်ပင် ခြသေ့်လေးကောင်ထား ရှိပြီး ဆုတောင်းပြည့်သည့်စေတီအဖြစ်ထင်ရှား သည်။ နန်းမြို့ဆုတောင်းပြည့်စေတီနည်းတူနန်းမြို့ အတွင်းရောက်သူတိုင်းအလေးထားဖူးမြော်စရာ တစ်ခုမှာ စွယ်တော်စင်ပင် ဖြစ်သည်။

စွယ်တော်စင်မှာ ထူးခြားလှသော ရတနာပုံခေတ် လက်ရာတစ်ခုပင်ဖြစ်သည်။ စတုရန်းပုံအဆောက် အအုံဖြစ်ပြီး ပြာသာဒ်အပေါ်တွင် အင်္ဂတေပန်းတော့ လက်ရာဘုံခုနစ်ဆင့်ပြာသာဒ်များဖြင့်အလှဆင်ထား သည်။ စွယ်တော်စင်ကို စိန်တောင်သုံးဆင့်ဖြင့် ဝန်းရံထားပြီး စိန်တောင်ထောင့်တိုင်ပေါ်တွင် စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် မနုသီဟ ခြောက်ကောင်တပ်ဆင်ထားသည်။ အပေါ်ပိုင်း ပြာသာဒ်မုခ်များတွင် မကန်းအကောင် ၂၀ ဖြင့် ထူးခြားအောင် ဖန်တီးထားသည်။

စွယ်တောင်စင်မှာ ဆန်းသစ်သောရတနာပုံခေတ် လက်ရာအဆောက်အအုံဖြစ်ပြီး အထွတ်အမြတ် ထားရာနေရာအဖြစ်သိရသည်။ ရှေးအခါကဘုရားရှင် ၏စွယ်တော်နှင့်တကွ မွေတော်အပေါင်းကိန်းအောင်း ရာဖြစ်သဖြင့် စွယ်တော်စင်ဟု ခေါ်ဝေါ်ကြောင်း သိရ သည်။ ဘုရားရှင်၏စွယ်တော်ကိန်းဝပ်ခြင်းမရှိတော့ သည့်နောက်ပိုင်းတွင် အခြားဓာတ်တော်၊ မွေတော် များနှင့်အတူ တန်ခိုးကြီးနန်းစဉ်ဘုရားဆင်းတုတော် များ ကိန်းဝပ်စံပယ်ရာနေရာဖြစ်ခဲ့သည်။ စွယ်တော် စင် တည်ဆောက်ရခြင်း ရည်ရွယ်ချက်တွင် သီဟိုဠ်ကျွန်းမှ မင်းကောင်းမင်းမြတ်များ၏ ကောင်းမွန်သော အပြုအမူကို အတုယူထားခြင်းဖြစ်သည်။ သီဟိုဠ်ကျွန်းမှ ကိတ္တိစီရိမေဃဝဏ္ဏမင်း အစရှိသော မင်းများသည် ဘုရားရှင်စွယ်တော်မြတ်ကိန်းဝပ်စံပယ်ကာ ကိုးကွယ်ခဲ့ကြသည်။ ထိုနည်းကိုမင်းတုန်းမင်း တရားကြီးက အတုယူတည်ဆောက်ကိုးကွယ်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် ရတနာပုံခေတ်လက်ရာ အဆောက်အအုံ စွယ်တော်စင်ကို နန်းမြို့အတွင်း ရွှေတော်ယူတံခါးတောင်ဘက်တွင် အနောက်မျက်နှာပြုကာ မုခ်ဦးလှေကားတို့ဖြင့် တင့်တယ်စွာ တည်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**



### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ဆီဆိုင် မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးအဆောက်အအုံသစ်ဆောက် လုပ်နေမှု ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းသက်နောင်ထံမှ သိရသည်။

အဆိုပါရုံးသစ်သည် အလျားပေ ၄၀၊ အနံပေ၃၀ရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်၃၂ ဒသမ ၅သန်းဖြင့် ဘုန်းမြတ်အောင်မြင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ လုပ်ငန်းအရည်အသွေးပြည့်မီရေး အတွက် မတ် ၃ ရက် နံနက် ၉ နာရီခွဲခန့်က မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ် လမ်းဦးစီးဌာနဦးစီးအရာရှိ (မြို့ပြ) ဦးဘဆန်းလှ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းသက်နောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

### အင်းတော်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဆောင်ရွက်

**အင်းတော် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ဗျူဟာလမ်းနှင့် တုံမဖွဲကျေးရွာ ဂျင်းလမ်းခင်းခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ကြသည်။

အင်းတော်ဗျူဟာလမ်းနှင့် တုံမဖွဲကျေးရွာလမ်း(6.44Km x 5.49mx 200mm)ကို ဦးအောင်မြင့်မြတ်(AGTi Civil) က အနီးကပ်ကြီးကြပ်တာဝန်ယူပြီး (S.S.M) Indaw ကုမ္ပဏီက ဂျင်းလမ်းခင်းခြင်းကို ဆောင်ရွက်နေကြောင်း သိရသည်။

လမ်းခင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ရဟန်းသံဃာများ၊ ကျေးလက်နေပြည်သူများ၊ မော်တော်ယာဉ်များဖြင့် ကုန်စည်ကူးသန်းသွားလာမှု အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

**ခင်မောင်ဆွေ(မော်လူး)**

## မယ်စဲ့မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ မတ် ၄**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယခုဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီငါးခုက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှိုက်ကျင်းလမ်း ၂၂၃x၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၃ ဒသမ ၉၂ သန်းဖြင့် လည်းကောင်း၊ ဗိုလ်ဆွန်ပက်လမ်း ၂၀၀x၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကိုငွေကျပ် ၃ ဒသမ ၅၂၈သန်းဖြင့် လည်းကောင်း၊မြို့ကွက်လမ်း Box Culvert ၂၆ပေx၆ပေx၃ပေ ၆လက်မ တည်ဆောက်ခြင်း လုပ်ငန်းကိုငွေကျပ် ၂ ဒသမ ၆၄၆ သန်းဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်လမ်းပလက်ဖောင်း အရှည် ပေ ၃၆၃၀ တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၂၄ ဒသမ ၄၆ သန်းဖြင့် လည်းကောင်း၊ အမှိုက်ကျင်းဘီးတားတုံး ၂၀x ၃၀ ပေပြုလုပ်ခြင်းလုပ်ငန်းကိုငွေကျပ် ၉ ဒသမ ၈သန်းဖြင့် လည်းကောင်း၊ ဘုန်းကြီး ကျောင်းအဝင်တံတားချဲ့ခြင်းလုပ်ငန်း ၁၆x ၆x၈ ပေကို ငွေကျပ် ၃ ဒသမ ၄၃သန်းဖြင့် လည်းကောင်း၊ ရုံးခြံစည်းရိုးအရှည် ၁၈၈ ပေပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၇ ဒသမ ၈၄ သန်းဖြင့် လည်းကောင်း ငွေနှင်းတောင်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၉၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရေပေးရေးလုပ်ငန်းကို အောင်မောင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့်၊ မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သီရိဒေါစဲကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၂၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့်ပန်းခြံလုပ်ငန်းကိုကယားလှကုမ္ပဏီ၊ လမ်းမီးဆောင်ရွက်ခြင်းလုပ်ငန်းကို Lighting Specialist ကုမ္ပဏီတို့က လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းပွန်းထံမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်တွင် အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း အခမဲ့ဖွင့်လှစ်

**မိတ္ထီလာ မတ် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို မုန်တိုင်ကျေးရွာအုပ်စု ဖလံကျင်းကျေးရွာတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ ကျေးလက်နေပြည်သူများအနေဖြင့် အလုပ်အကိုင်



အခွင့်အလမ်းများရရှိစေပြီး လုပ်ငန်းရှင်များ အတတ်ပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နိုင်ပြီး အိုးမကွာအိမ်မကွာ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများတိုးပွားလာစေရန်နှင့် တစ်ဦးချင်းဝင်ငွေတိုးပွားလာပြီး မိသားစုဝင်ငွေကိုအထောက်အကူဖြစ်စေ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေကာ ဆင်းရဲမှုလျှော့ချရေးတို့အတွက် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို မတ် ၁ ရက်မှ ၃၀ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညန ၄ နာရီအထိ ဖလံကျင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၂၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောလမ်းညွှန်ချက်များနှင့်အညီ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝ ထံမှ သိရသည်။

အဆိုပါအခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတွင် မော်တောင်ဆိုင်ကယ် အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံ၊ ဆိုင်ကယ်ကိုယ်ထည်ကာဗာများဖြုတ်/တပ် လုပ်ဆောင်ခြင်း၊ ကလပ်အုံနှင့် သံလိုက်အုံဖြုတ်/တပ် လုပ်ဆောင်ခြင်း၊ အင်ဂျင်ဟတ်နှင့် ဘလောက်များဖြုတ်/တပ် လုပ်ဆောင်ခြင်း၊ ဂီယာဘောက် ဖွဲ့စည်းပုံနှင့် အင်ဂျင်နိုးရန် မီးစနစ်လုပ်ဆောင်ခြင်း၊ မော်တော်ဆိုင်ကယ် မီးပေးစနစ်ဆိုင်ရာချိတ်ဆက် အလုပ်လုပ်ပုံနှင့် သွယ်တန်းခြင်းစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နှလုံးလှုဆရာဝန်တွေ CDM မှာ အချိန်ကုန်ဆုံးနေတဲ့ခြေလှမ်းတွေကို အမြန်ဆုံးရပ်တန့်သင့်ပြီ

**ကိုလင်း**

မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ လူနာများအနက် ၆၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိဘဲ ပြင်ပအမြင်တွင် လူကောင်း ပကတိသဖွယ် ဖြစ်နေကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိဘဲ ရောဂါရှိနေသူများဟာ ရောဂါပိုးသယ်ဆောင်သူများ ဖြစ်နေတတ်ပြီး အခြားသူများသို့ ရောဂါကူးစက်စေနိုင်တယ်ဆိုတဲ့အချက်ကို လက်ရှိအခြေအနေမှာ နိုင်ငံသူ နိုင်ငံသားအချို့က မေ့မေ့ပျောက်ပျောက် ဖြစ်နေတာကို တွေ့ရှိနေရပါတယ်။

**ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလ အတွက် ကန့်သတ်ထားတဲ့ စည်းကမ်းတွေမှာ ရုပ်သိမ်းထားခြင်းမရှိသေးတဲ့အပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ပါ တားမြစ်ထုတ်ပြန်ထားတဲ့ ယခုလိုအချိန်ကာလမှာ ပြည်သူတချို့ဟာ အမိန့်တွေကို လိုက်နာမှုမရှိဘဲ လမ်းပေါ်ထွက် စုရုံးပြီး စည်းကမ်းမဲ့ ဆန္ဒထုတ်ဖော်နေကြတာကို တွေ့လာရပါတယ်။ ဥပဒေဘောင်အတွင်းမနေဘဲ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ရပ်တွေကြောင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတွေက ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိနေတာကလည်း ဆန္ဒထုတ်ဖော်သူတွေရဲ့ ထိခိုက်သေဆုံးမှုအရေအတွက် နည်းပါးမှုကိုကြည့်ရင် သိနိုင်ပါတယ်။

'မည်သူမဆို ဆန်းစစ်ချက် မပြုလုပ်ဘဲ ပေါ့ဆစွာဆောင်ရွက်မှု တစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း' ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ မှာ ဖော်ပြထားသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အရ တားမြစ်ထုတ်ပြန်ထားတဲ့ တားမြစ်မိန့်ကို လိုက်နာမှုမရှိပါက 'ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၈၈အရ ခြောက်လထိထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း' ကို လေ့လာတွေ့ရှိရပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့နောက်ပိုင်း ရွေးကောက်ပွဲအပြီးကာလ အောင်ပွဲခံမှုတွေ ပြုလုပ်ခဲ့ချိန်မှာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူတွေ ရှိလာခဲ့ပေမယ့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူမှုတွေ မရှိသလောက်ဖြစ်ခဲ့ပြီး လူစုလူဝေးတွေ၊ ပျော်ပွဲရွှင်ပွဲတွေကိုလည်း အရေးယူမှုမရှိခဲ့ပေ။ ဥပဒေတစ်ရပ် ထုတ်ပြန်အတည်ပြုပြီးရင် ထုတ်ပြန်သူ အစိုးရက တိကျစွာအရေးယူမှု ရှိရမှာဖြစ်ပြီး ဒါမှလည်း လိုက်နာရမယ့်ပြည်သူလူထုက စည်းကမ်းရှိမှာ ဖြစ်ပါတယ်။ အကျိုးမျှော်ကိုးပြီး ဥပဒေအတိုင်း တိကျစွာဆောင်ရွက်မှု မရှိခဲ့တာကြောင့်လည်း ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဖြစ်ပေါ်ခဲ့ရကာ ထိုထိုသောကိစ္စတွေကြောင့်ပဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ နဲ့အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရတာပဲ ဖြစ်ပါတယ်။

**အမြန်ဆုံးရပ်တန့်ဖို့သင့်**

ဒီလိုအချိန်ကာလမှာ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကို မျက်ကွယ်ပြုပြီး နိုင်ငံ့တာဝန်တွေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွေကို ကျောခိုင်းကာ Civil Disobedience Movement (CDM) ကို ပြုလုပ်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် ပြည်သူ့ဆေးရုံအချို့ ပိတ်ထားရတဲ့အခြေအနေဟာ စိတ်မကောင်းစရာပါပဲ။ နှလုံးလှုဆရာဝန်တွေအနေနဲ့ CDM မှာ အချိန်ကုန်ဆုံးရင်း တိုင်းရင်းသားပြည်သူတွေရဲ့ အသက်ကိုစတေးကာ ဘဝရဲ့နေဝင်ချိန်တွေဆီ လျှောက်လှမ်းနေတဲ့ ခြေလှမ်းတွေကို အမြန်ဆုံးရပ်တန့်ဖို့ သင့်နေပါပြီ။ ကျန်းမာရေးဝန်ထမ်းတွေဟာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ပြည့်ဝစွာမထမ်းဆောင်ဘဲ လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်နေကြတာကြောင့် ပြည်သူတွေရဲ့ ကိုဗစ်-၁၉ ရောဂါအပါအဝင် အခြားကျန်းမာရေး လိုအပ်ချက်တွေအတွက် တပ်မတော်ဆေးရုံတွေက ကုသစောင့်ရှောက်မှုပေးနေတာကို ကြားသိမြင်တွေ့နေရပါတယ်။

**ဒီလိုအချိန်ကာလမှာ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကို မျက်ကွယ်ပြုပြီး နိုင်ငံ့တာဝန်တွေ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကျောခိုင်းကာ Civil Disobedience Movement (CDM) ကို ပြုလုပ်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် ပြည်သူ့ဆေးရုံအချို့ ပိတ်ထားရတဲ့အခြေအနေဟာ စိတ်မကောင်းစရာပါပဲ။ နှလုံးလှုဆရာဝန်တွေအနေနဲ့ CDM မှာ အချိန်ကုန်ဆုံးရင်း တိုင်းရင်းသားပြည်သူတွေရဲ့အသက်ကိုစတေးကာ ဘဝရဲ့နေဝင်ချိန်တွေဆီ လျှောက်လှမ်းနေတဲ့ ခြေလှမ်းတွေကို အမြန်ဆုံးရပ်တန့်ဖို့ သင့်နေပါပြီ။**

**အထူးလိုက်နာဖို့လို**

ကိုဗစ်-၁၉ ရောဂါ မကူးစက်အောင် တတ်နိုင်သမျှ အိမ်မှာနေပါ၊ အိမ်ပြင်ထွက်တိုင်း ပါးစပ်နဲ့နှာခေါင်းစည်းတပ်ပါ၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ ခပ်ခွာခွာနေပါ၊ လူစုလူဝေး ရှောင်ကြဉ်ပါ၊ လက်ကို စက္ကန့် ၂၀ ကြာအောင် မကြာခဏ စနစ်တကျဆေးကြောပါ၊ အသက်အရွယ် ကြီးရင့်သူတွေ၊ ရောဂါအခံရှိသူတွေနဲ့ အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ရန်ဆိုတဲ့ ကျန်းမာရေးအသိတွေ အထူးလိုက်နာဖို့ လိုပါတယ်။

ဤသို့ဆိုလျှင် တိုင်းရင်းသားပြည်သူတွေ အနေနဲ့ လက်ရှိကာလမှာ စည်းကမ်းမဲ့စွာ လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်၊ စည်းရုံးမှုတွေကို နားမယောင်ဖို့ မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း တစ်ဦးနဲ့တစ်ဦး အသိပေးပါ။ သတိပေးပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စတဲ့သံသယရောဂါလက္ခဏာတွေ ခံစားရပါက နီးစပ်ရာပြည်သူ့ဆေးရုံ၊ တပ်မတော်ဆေးရုံတွေကို ချက်ချင်းသွားရောက်ပြသကြဖို့ မဆုတ်ခွာသေးတဲ့ ကိုဗစ်-၁၉ ရောဂါဘေးအရေး အသိပေးရေးသားလိုက်ရပါတယ်။ ။

## အပူပိုင်းဒေသသစ်သီးဝလံသုတေသနဗဟိုဌာန (မယ်အောင်ကန်) မန္တလေးတိုင်းဒေသကြီး၌ သုတေသနများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ တည်ရှိသော အပူပိုင်းဒေသသစ်သီးဝလံသုတေသန ဗဟိုဌာန (မယ်အောင်ကန်)သည် အပူပိုင်းဒေသ သစ်သီးဝလံများဖြစ်သည့် သရက်၊ စပျစ်၊ ရှောက်၊ သံပရာ၊ ဆီးသီး စသည့် သီးနှံသုတေသနလုပ်ငန်းများကို ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးသစ်များ ရှာဖွေဖော်ထုတ်ရန်၊ သီးနှံအလိုက် အကျိုးအမြတ်အများဆုံးရရှိနိုင်သည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများဖော်ထုတ်ရန်၊ ဒေသအတွင်းရှိ သစ်သီးဝလံဆိုင်ရာ ပြဿနာများ သုတေသနပြု ဆောင်ရွက်ရန်၊ တောင်သူများအတွက် အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် သုတေသနပြုရရှိလာသည့် သီးနှံမျိုးသစ်များနှင့် နည်းပညာများအား လက်တွေ့ပညာပေး ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် သုတေသနများ ဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသသစ်သီးဝလံသုတေသန ဗဟိုဌာန (မယ်အောင်ကန်)သည် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် မယ်အောင်ကန်သုတေသနနှင့် မျိုးပွားခြံမှ အပူပိုင်းဒေသသစ်သီးဝလံ သုတေသနဗဟိုဌာန (မယ်အောင်ကန်)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အပူပိုင်းဒေသ သစ်သီးဝလံများဖြစ်သည့် သရက်၊ စပျစ်၊ ရှောက်၊ သံပရာ၊ ဆီးသီးစသည့် သစ်သီးပင်များ၏ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေမည့် စိုက်နည်းစနစ်များကို သုတေသနပြုဖော်ဆောင်ခြင်း၊ ချိန်ခါမဲ့ ပွင့်သီးနိုင်မှုသုတေသနများ ဆောင်ရွက်ခြင်း၊ စားသုံးသူ အန္တရာယ်ကင်းစေပြီး ထုတ်လုပ်သူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးအနည်းဆုံးဖြစ်စေမည့် စိုက်နည်းစနစ်၊ အပင်ပုံသွင်းနည်းစနစ်များ၊ အပင်ကိုင်းဖြတ်နည်းစနစ်များကို သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် မိုးရာသီတွင် နဂါးမောက်နှင့် လောင်ဂန်သစ်သီးပင်များကို တိုးချဲ့ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အဆိုပါခြံသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး သုတေသနဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ရာ သုတေသနပညာရှင် ဝန်ထမ်းများအနေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းအဖွဲ့ပုံစံဖြင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်းအားဖြင့် သုတေသနများ ပိုမိုစနစ်ကျ၍ အဆင့်မြင့်လာမည် ဖြစ်ပါကြောင်း၊ ညှိနှိုင်းပေါင်းစပ်လုပ်သည့် အလေ့အကျင့်ကြောင့် မိမိတို့၏ စွမ်းဆောင်ရည်လည်း တိုးတက်လာမည်ဖြစ်သည့်အပြင် လုပ်ငန်းခွင်တွင်လည်း အနေပျော်မည်ဖြစ်ကြောင်း၊ သစ်သီးဝလံသုတေသနများအား အထူးအလေးပေး၍ တောင်သူများ၏ လိုအပ်ချက်နှင့် ပြဿနာများကို အမှန်တကယ် ထိထိရောက်ရောက် အကျိုးရှိစွာ ဖြေရှင်းပေးနိုင်စေမည့် အဆင့်မြင့်သိပ္ပံနည်းကျသုတေသနလုပ်ငန်းများ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ ၎င်းအပြင် နည်းစနစ်ဆိုင်ရာဖွံ့ဖြိုးမှု သုတေသနများသာမက သစ်သီးဝလံများ၏ မျိုး၊ ဗီဇဖွံ့ဖြိုးမှုအတွက်လည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ဘက်မှလည်း အဆင့်မြင့်သုတေသနများ ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် ဓာတ်ခွဲခန်း၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးနိုင်ရေးကို အလေးပေးဆောင်ရွက်နေသကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု ပိုမိုရရှိလာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ သုတေသနလုပ်ငန်းများ မှန်ကန်တိကျစေရန်အတွက် အထူးဂရုပြု ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ သုတေသနပြုဆောင်ရွက်လျက်ရှိသည့် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည့် စပျစ်သီးနှံမျိုး သုံးမျိုးဖြစ်သည့် Redglobe၊ Italyနှင့် ချွန်းသီးအစရှိသည့် မျိုးများ၏ အပင်ဖြစ်ထွန်းမှု၊ သီးထွက်၊ အရည်အသွေးနှင့် ဈေးကွက်အခြေအနေအား လေ့လာခြင်း သုတေသနကိုလည်းကောင်း၊ ၎င်းမျိုးများ၏ အရွက်၊ အညွန့်နှင့် အသီးခြွေခြင်းဖြင့် အထွက်နှုန်းနှင့် အရည်အသွေးအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းနှင့် စိုက်နည်းစနစ်နှင့် Training စနစ်အလိုက် အထွက်နှုန်းနှင့် အရည်အသွေးကို လေ့လာခြင်း သုတေသနစမ်းသပ်ကွက်များအား ခြံတာဝန်ခံ ဒေါက်တာဝင်းနိုင်နှင့် စမ်းသပ်ကွက်တာဝန်ခံများက ရှင်းလင်းပြသ၍ ထူးခြားသော သုတေသနတွေ့ရှိချက်များ တင်ပြခဲ့ရာ မှတ်တမ်းများ ကောက်ယူရာတွင် တိကျမှန်ကန်၍ ကိုယ်စားပြုနိုင်သည့် နမူနာများဖြစ်စေရန်၊ သို့မှသာ ဆောင်ရွက်ခဲ့သည့် သုတေသနအဖြေများကို လက်ဆင့်ကမ်းဖြန့်ဝေရာတွင် ခိုင်မာမှန်ကန်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မည့် တောင်သူများအတွက် အသုံးတည့်၍ တိုက်ရိုက်အကျိုးရှိစေမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**



## တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှု၊ မြို့မဘောလုံးကွင်း အုတ်တံတိုင်းကာရံနေမှု၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်နေသည့် လမ်းတံတားများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုစသည့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေး၊ အချိန်မီပြီးစီးရေးနှင့် အဆောက်အအုံ အရည်အသွေး ပြည့်မီစေရေးအတွက် မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ စီမံကိန်းဦးစီးရုံးမှ မြို့နယ်ဦးစီးမှူးဒေါ်နန်းဆေးယျ၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာဦးထက်ဝေတင့်၊ ဦးစီးအရာရှိ(မြို့ပြ)၊ စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုး၊ ကျေးလက်လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးညီညီထက်နှင့် သက်ဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းမှ ကုမ္ပဏီ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ချင်းပြည်နယ် တီးတိန်နှင့် မင်းတပ်မြို့နယ်ရှိ ကျေးရွာနှစ်ခုတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း လုပ်ဆောင်မည်

**တီးတိန် မတ် ၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် ပိန်းပိကျေးရွာနှင့် မင်းတပ်မြို့နယ်ဘောင် ကျေးရွာနှစ်ခုတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ရောဂါကာလအလွန်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပိန်းပိကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၅၄ ပေတွင် တည်ရှိပြီး ဒေသခံများ၏ရိုးရာဓလေ့များ၊ ရိုးရာသီချင်းများဖြင့် ခရီးသွားဧည့်သည်များအကြား ရေပန်းစားသော နေရာတစ်ခုဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ခိုင်ကမ်း-ပိန်းပိ ကျေးရွာလမ်းကြောင်းအတိုင်း သွားရောက်နိုင်ကြောင်း၊ အဆိုပါကျေးရွာသည် ချင်းပြည်နယ်တွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည့် ကနေဒီတောင်၏ တောင်ခြေတွင်ရှိသောကြောင့် တောင်တက်ခရီးစဉ်များ၊ ကျေးရွာနှင့် မနီးမဝေးတွင်ရှိသော ကျောက်ဂူများ၊ ကနေဒီတောင်မှ အဆင်းတွင် ရှာလ်လုမ်းခံတပ်နှင့် ခိုင်ကမ်းဆင်စခန်းတို့ကိုလည်း ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ခရီးသွားတွေ လည်ပတ်မယ်ဆိုရင်တော့ လည်လို့ရတဲ့ အနေအထား ဖြစ်နေပါပြီ။ တည်းခိုနေထိုင်ဖို့ကတော့ ကျေးရွာအိမ်တွေ ရှိပါတယ်။ ကျေးရွာတွေမှာ ရိုးရာအစားအသောက်များအနေနဲ့ ဆာဘူးသီး၊ တန်ဟိုး၊ မဲဘု၊ အေတို၊ ကြက်သားချင်းသုပ်၊ ခေါင်ရည်နဲ့ တခြားချင်းရိုးရာအစားအသောက်တွေသုံးဆောင်နိုင်ပါမယ်။ ကိုဗစ်-၁၉ရောဂါကာလဖြစ်နေလို့ တရားဝင်မဖွင့်နိုင်သေးတာပါ” ဟု ချင်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘောင်ကျေးရွာသည် မင်းတပ်မြို့မှ ၂၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး ကားဖြင့် တစ်နာရီခန့် သွားလာရသည့် ခရီးစဉ်ဖြစ်ကြောင်း၊ ဘောင်ကျေးရွာရှိဒေသခံများသည်အသုံးအဆောင်များကို ဝါးဖြင့်ပြုလုပ်အသုံးပြုကြပြီး ယင်းလူမျိုးတို့၏ရိုးရာ ဝါးဂီတ၊ သစ်ပတ္တလားတီးခတ်မှုများကိုလည်း လေ့လာနိုင်သည့်အပြင် ကြက်ဥဗေဒင်တွက်ချက်နည်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းများ၊ ရိုးရာပါးရဲထိုးခြင်းများကို လေ့လာနိုင်ကြောင်း၊အဆိုပါကျေးရွာအခြေပြုခရီးစဉ်ဒေသတွင် ဒေသခံများနှင့်အတူရိုးရာအကကိုဝိုင်းဖွဲ့ကာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ထို့ပြင် ဘောင်ကျေးရွာအနီးတစ်ဝိုက်တွင် ဒေသခံများယုံကြည်သော မိမိအပြစ်ကိုတစ်ပါးသူထံမရောက်စေရန်နှင့် မကောင်းမှုမှန်သမျှပျောက်ကင်းအောင်ဆေးကြောရသည့် Kut M'shi Li ရေကန်၊ နာရေးကိစ္စနိမိတ်ပြသည့်အခါ ကလေးငိုသံကြားရသည့် Nau Hta Lung ကျောက်ဂူ၊ လပြည့်လကွယ်တွင် ဆားထွက်ပြီး တိရစ္ဆာန်များသောက်သုံး လေ့ရှိသည့် Bawng Sih ဆားရေတွင်းနှင့် နတ်ကွန်းသစ်ပင်၊ မျိုးနွယ်စုတစ်ခုချင်းစီ၏ အရိုးကျောက်ဂူများ၊ နှစ်စဉ် လုံယူးပွဲကျင်းပပြီး စိုက်ထူထားသည့် လုံယူးကျောက်ဖျာများ၊ လပြည့်လကွယ်ညများတွင် မောင်းသံများကြားရသည့် Pho BoLung ကျောက်ဆောင်၊ သဘာဝကျောက်ပန်းပွင့်များနှင့် သဘာဝအတိုင်းပွင့်သော လုံ့ခေကျောက်ဆောင်တို့ကို သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ချင်းတွင်းသား**



## တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင် ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရေးအတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးဒီဇယ်အင်ဂျင်စက်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဆင်းပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက ရာဇူဒိုင် ကညင်ချောင်းကျေးရွာအုပ်စု ရာဇူတိုင်ကျေးရွာ သစ္စဝါဒီဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်အတွက်ရည်ရွယ်ပြီး တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကိုဖွင့်လှစ် သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှရရှိသော အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိတို့ဘဝတိုးတက်ရာတိုးတက်ကြောင်းအတွက် လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့်တာရှိသူများက သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များအား သင်တန်းသားများထံသို့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

## ဝေါမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးခရိုင် ဦးစီးမှူးဒေါ်ခိုင်ရွှေဝါသည် ဝေါမြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့်အတူ မတ် ၄ ရက် နံနက်ပိုင်းက ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ဦးစီးမှူးဒေါ်ခိုင်ရွှေဝါနှင့် ဝေါမြို့နယ်ဦးစီးမှူးဦးဟိန်းဇော်တို့သည် Jame Brother Co.,Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အဗျားအောက်စုကျေးရွာ ကုန်ထုတ်မြေသားလမ်း (၃/၀ မိုင် x ၁၈' x ၃ ')၊ Box Culvert (၆'x၂၀'x၆') ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် Asia Welcome Co.,Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တာစုကျေးရွာ ကုန်ထုတ်မြေသားလမ်း (၁/၀ မိုင်x၁၈'x၃')၊ Box Culvert (၆'x၂၀'x၆') နှစ်စင်း၊ ကွန်ကရစ်တံတား (၂၀'x၁၄'x၁၀') တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာကော်မတီများကို လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**တင်စိုး**
**(ပဲခူး)**

## ကိုယ့်အားကိုယ်ကိုးကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**မော်လူး မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့မင်းရာဇာ ရပ်ကွက် ယုဇနလမ်းနှင့် သစ်ခွလမ်းအား ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မတ် ၃ ရက်တွင် အပြီးဆောင်ရွက်ခဲ့သည်။

"မော်လူးမြို့ မင်းရာဇာရပ်ကွက် အရှေ့ကျောင်းဘုရားကြီးလမ်းကနေ နိဗ္ဗာန်လမ်းကိုသွားတဲ့ လမ်းနှစ်လမ်းမှာ သစ်ခွလမ်းကိုခင်းကျင်းခဲ့ပြီး ဒီနေ့မှာတော့ ယုဇနလမ်းပိုင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုတော့ အပြီးသတ်ဆောင်ရွက်နေပါတယ်" ဟု လမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးအောင်ဝင်းက ပြောကြားသည်။

မော်လူးမြို့ပေါ်ရပ်ကွက်စည်ပင်သာယာ နယ်နိမိတ်လမ်းပိုင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀-၂၁ ခုနှစ် ဘဏ္ဍာရေးနှစ် မော်လူးမြို့စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေအိတ် ၈၅၀ ပံ့ပိုးကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဖြစ်သည့် သစ်ခွလမ်း အကျယ် ၁၄ပေ၊ အမြင့် ကိုးလက်မ၊ အရှည် ၃၂၄ ပေ နှင့် ယုဇနလမ်းအကျယ် ၁၆ ပေ၊ အမြင့်ကိုးလက်မ၊ အရှည် ၂၇၄ ပေတို့အား ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ မတ် ၃ ရက် တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**နီတိုး**

# သူ့ဘက်ကိုယ့်ဘက်မျှတတဲ့ မျှခြေတစ်ခုနဲ့ ပြဿနာကို ချဉ်းကပ်အဖြေရှာဖို့လို

ကိုထွန်းခင်

လူဆိုတာ အသင်းအဖွဲ့နဲ့နေတတ်တဲ့ သက်ရှိသတ္တဝါ အမျိုးအစား ဖြစ်ပါတယ်။ ဒါကြောင့်လည်း " Human is a social animals. " လူဆိုတာ ပေါင်းသင်းဆက်ဆံရေးသတ္တဝါလို့ ဆိုရိုးစကားရှိခဲ့တာ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေထဲမှာလည်း အုပ်စုဖွဲ့နေထိုင်တတ်တဲ့ သတ္တဝါတွေ ရှိပါတယ်။

လင်းယုန်၊ ကျား၊ ခြင်္သေ့တွေကလည်း မိသားစုလိုက် နေလေ့ရှိပါတယ်။ ကြောင်၊ မျောက်တွေကလည်း အလားတူပါပဲ မိသားစုနဲ့သာ နေလေ့ရှိကြပါတယ်။ ကျီးကန်းတွေ၊ စာကလေးတွေ၊ ခိုတွေကလည်း အုပ်စုလိုက်သာ နေထိုင်ကျက်စားတတ်တဲ့ ငှက်အမျိုးအစားတွေ ဖြစ်ပါတယ်။ ပျားလို၊ ခြလို အသိုက်အအုံနဲ့၊ အစုအဖွဲ့နဲ့ နေထိုင်တတ်တဲ့ အမျိုးအစားတွေထဲမှာ ဘာကြောင့် လူတွေပါဝင်နေပါသလဲ။

## အောင်မြင်မှုရ

အင်အားချင်းမမျှတဲ့ အချို့အန္တရာယ်တွေကို တစ်ဦးတစ်ယောက်ချင်းရင်ဆိုင်တာထက် စုပေါင်းကာကွယ်ဖြေရှင်းတဲ့အခါ အောင်မြင်မှုရတယ်ဆိုတာကို လူတွေက တွေ့ရှိလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အုပ်စုဖွဲ့ခြင်း၊ စုပေါင်းအင်အားရဲ့ စွမ်းအားကြောင့် အဆပေါင်းများစွာ သာလွန်တဲ့ အင်အားထုထည်ကို ရတယ်ဆိုတာကို လူတွေက သိရှိနားလည်လာတဲ့ အသိဉာဏ်ကြောင့် အုပ်စု အသင်းအဖွဲ့နဲ့ ညီညီညွတ်ညွတ် စုပေါင်းနေထိုင်လာကြတာပါ။

## လူသားတွေပဲဖြစ်

"သမဂ္ဂါနံ တပေါ သုခေါ- ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်း ဖြစ်သည်" ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ စုပေါင်းလုပ်ကိုင်တတ်တဲ့ စည်းလုံးညီညွတ်မှုရှိရင် အင်အားရှိတဲ့အတွက် အောင်မြင်စမြဲ ဖြစ်ပါတယ်။ အောင်မြင်မှုရရှိအောင်၊ ကမ္ဘာမြေကြီးကို ပြောင်းလဲတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်တာ သက်ရှိသတ္တဝါအမျိုးအစား လူသားတွေပဲ ဖြစ်ပါတယ်။

အဖွဲ့အစည်း၊ အစုအဖွဲ့တစ်ခုအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း၊ လူမျိုးတစ်မျိုးအတွင်း ညီညွတ်မှုမရှိရင် အင်အားလည်းမရှိတဲ့အတွက် ပျက်စီးတတ်ပါတယ်။ အကျိုးစီးပွားတွေ၊ ဦးတည်ချက်တွေ၊ ရည်ရွယ်ချက်တွေ၊ လားရာတွေ မတူတဲ့အခါ စိတ်ဝမ်းကွဲပြားမှုအက်ကြောင်းတွေ စတင်လာပါတော့တယ်။

သူ့ဆွေမျိုးနဲ့ ကိုယ့်ဆွေမျိုး၊ သူ့အုပ်စုနဲ့ကိုယ့်အုပ်စု၊ သူ့ရွာနဲ့ကိုယ့်ရွာ၊ သူ့မြို့နဲ့ကိုယ့်မြို့၊ သူ့နိုင်ငံနဲ့ ကိုယ့်နိုင်ငံ ဘောလုံးကန်တာ၊ သူကြီးရွေးတာ၊ နောက်ဆုံး အမတ်ရွေးတာအထိ ဖြစ်ချင်တဲ့ဆန္ဒတွေ၊ အကျိုးစီးပွားတွေ မတူညီတဲ့အခါ အုပ်စုတွေအတွင်း၊ နိုင်ငံအတွင်း ပဋိပက္ခတွေ ဖြစ်လာပါတယ်။

နောက်ဆုံးမှာ ရန်ပြုတိုက်ခိုက်တာတွေအထိ ဖြစ်လာတာတွေ ရှိပါတယ်။ ရန်ပြုတာ၊ အချင်းချင်း တိုက်ခိုက်ကြတာဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအတွင်း တွေ့ရတတ်တဲ့ လက္ခဏာတွေ မဟုတ်ပါဘူး။ ဒါ့အပြင် ပြဿနာတစ်ခုရဲ့ မှန်ကန်တဲ့အဖြေလည်း မဟုတ်ပါဘူး။

မြန်မာ့သမိုင်းမှာ မညီညွတ်ခဲ့လို့ ဆုံးရှုံးခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ များစွာရှိပါတယ်။ ၁၄ ရာစု အလယ်မှာ စတင်ခဲ့တဲ့ အင်းဝ-ဟံသာဝတီ နှစ်လေးဆယ်စစ်ကိုကြည့်ရင် သိနိုင်ပါတယ်။ အထက်ဘက် အင်းဝမှ မြန်မာတို့နဲ့ အောက်ဘက်ဟံသာဝတီမှ မွန်တို့ ဂုဏ်သတင်းကျော်စောလိုမှု၊ အနိုင်ယူရန်လိုမှုတို့ကြောင့် တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ကြပါတယ်။ အမိက စစ်ဘုရင်နှစ်ပါးဖြစ်တဲ့ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့နှစ်ဦးရဲ့ လက်ထက်ကစတင်ခဲ့ပြီး အစဉ်အဆက် နန်းတက်ကြတဲ့ မွန်-မြန်မာဘုရင်တွေကလည်း အစဉ်အလာမပျက် စစ်ကိုခင်းကျင်းကြတဲ့အတွက် ၁၄ ရာစုလယ်ကနေ ၁၅ ရာစုဦးအထိ ရာစုနှစ် တစ်ခုရဲ့ သုံးပုံနှစ်ပုံကျော် ကြာမြင့်ခဲ့ပါတယ်။ အတ္တနဲ့အယူအဆမှားတွေကြောင့် စိတ်ဝမ်းကွဲပြား စစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် နှစ်ဖက်စစ်ပန်းချိန်၊ ခြေကုန်လက်ပန်းကျချိန်၊ ဩဇာမှေးမှိန်ချိန်အရောက်မှာ သုရှင်တကာရွတ်ပိ အုပ်စိုးတဲ့ ဟံသာဝတီက အင်အားကြီးလာတဲ့ တောင်ငူဘုရင် တပင်ရွှေထီး လက်အောက်ကို ကျရောက်သွားပြီး အင်းဝကလည်း မြောက်ဘက်တစ်လွှား အင်အားကြီးလာတဲ့ ရှမ်းစော်ဘွားတို့ရဲ့ ရန်စမှုကိုခံရပြီး နောက်ဆုံး ဘုရင်ဖြစ်တဲ့ နရပတိလက်ထက်မှာ မိုးညှင်းစလုံလက်ထဲကို ကျရောက်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်က အတ္တနဲ့အယူအဆမှားတွေကြောင့် စိတ်ဝမ်းကွဲပြားပြီး ပျက်စီးဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ကုန်းဘောင်မင်းဆက်ကို ဆက်ခံတဲ့ သီပေါမင်းလက်ထက်ကို ကြည့်မယ်ဆိုရင်လည်း ကင်းဝန်-တိုင်တား မညီညွတ်ကြတဲ့အတွက် မြန်မာတွေ သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်ခေတ်ရောက်တော့ သွေးခွဲသပ်လျှိုဖို့အတွက် ဒါကိုပဲ မွန်-မြန်မာနှစ် ၄၀ စစ်ပွဲလို့ အမည်တပ်ခဲ့ပါတယ်။ အမှန်တကယ်မှာ ၃၇ နှစ်၊ ၃၈ နှစ်လောက် ကြာခဲ့တာဖြစ်ပေမယ့် အမြဲတိုက်နေတာလည်း မဟုတ်ပါဘူး။

သွေးခွဲလိုတဲ့အတွက် လိုရာဆွဲပြီး အမှန်နည်းနည်းကို အမှားမျက်နှာဖုံးတပ်၊ ရန်တိုက်ပေးခဲ့တာဖြစ်ပါတယ်။ အချင်းချင်း မညီညွတ်ကြတဲ့အတွက် အုပ်ချုပ်ရတာ လွယ်ကူခဲ့ပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးရဖို့ နှစ်ပေါင်းများစွာ စောင့်ခဲ့ရပြီး ကျွန်သက်ရှည်ခဲ့တာဖြစ်ပါတယ်။ နွားကွဲလျှင် ကျားဆွဲ ဆိုတဲ့စကားပုံလို မြန်မာနိုင်ငံဟာ ဆွေတော်မျိုးတော်အချင်းချင်း စိတ်ဝမ်းကွဲပြားတဲ့အတွက် အကျိုးဆုတ်ယုတ်ခဲ့ကြရတာ ဖြစ်ပါတယ်။

အုပ်စုနှစ်ခု အားပြိုင်ကြပြီဆိုရင် မှန်ကန်တဲ့ဘက်၊ တရားမျှတတဲ့ဘက်၊ စည်းလုံးညီညွတ်တဲ့ဘက်၊ အင်အား(အရည်အသွေး/အရေအတွက်) အားကြီးတဲ့ဘက်ကသာ အနိုင်ရခဲ့ကြပါတယ်။ စစ်ပွဲတွေရဲ့ အဖြေဟာ ဒါတွေပဲ ဖြစ်ပါတယ်။ မြန်မာ့သမိုင်းမှာလည်း အနိုင်၊အရှုံး၊ အတက်၊ အကျ၊ အနိမ့်၊ အမြင့်၊ အကောင်း၊ အဆိုးအမျိုးမျိုးတော့ ရှိခဲ့ပါတယ်။

## ရုန်းရင်းဆန်ခတ်မှုတွေကို ဖန်တီး

နိုင်ငံတစ်ခုအတွင်း အစုအဖွဲ့နှစ်ခု တိုက်ခိုက်ကြတယ်ဆိုတာ ဘယ်သူပဲ အထိနာနာ ကိုယ့်လူမျိုးတွေပဲဖြစ်ပါတယ်။ အခုအချိန်အခါမှာ အားလုံးသိကြတဲ့အတိုင်းပါပဲ။ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားရတာ ဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လည်း စည်းလုံးညီညွတ်မှုပျက်ပြားတာကို အခွင့်ကောင်းယူ လူထုအားကို ရယူပြီး ရုန်းရင်းဆန်ခတ်မှုတွေကို ဖန်တီးနေပါတယ်။ ကိုယ့်ဘက်ကို မထောက်ခံတဲ့သူမှန်သမျှကို ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ သတ်မှတ်ကြ၊ လှောင်ပြောင်၊ ရှုတ်ချနေကြပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနဲ့စုဖွဲ့ထားတဲ့ နိုင်ငံတစ်ခုအတွင်း လမ်းတွေပေါ်မှာ စုဝေးနေကြသူတွေရော၊ လူအုပ်စုကို ဖြိုခွဲနေရသူတွေရော အားလုံးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ အယူအဆတွေ၊ ခံယူချက်၊ ယုံကြည်ချက်တွေ မတူကြပေမယ့်လည်း ရန်သူတွေ မဟုတ်ကြပါဘူး။ ပေါင်းစပ်ညှိနှိုင်းတဲ့ နည်းနဲ့သာ အဖြေရှာရမှာ ဖြစ်ပါတယ်။ အခုလိုအချင်းချင်း မညီညွတ်ကြတာကို နိုင်ငံ့အကျိုးကို မလိုလားသူတွေကတော့ ဝမ်းသာအားရဖြစ်နေကြမှာ အမှန်ပါ။

## ပြဿနာကို ချဉ်းကပ်အဖြေရှာ

တကယ်တော့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲတွေနဲ့ အတ္တကို ရှေ့တန်းတင်ပြီး ကိုယ်နိုင်ဖို့သာ ရှေးရှုခရီးဆက်နေကြတဲ့အတွက် အခုလို အခြေအနေအထိ ဆိုက်ရောက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို မပျက်စီးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တည်တည်ငြိမ်ငြိမ် ခရီးဆက်နိုင်အောင် သူ့ဘက်ကိုယ့်ဘက်မျှတတဲ့ မျှခြေတစ်ခုနဲ့ ပြဿနာကို ချဉ်းကပ်အဖြေရှာရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားဆောင်ရွက်ရေး၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံတွေအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးစတဲ့ မူတွေကို ဆက်လက်လိုက်နာကျင့်သုံးသွားမှာ ဖြစ်တယ်လို့ နိုင်ငံရေးဦးတည်ချက်တွေအဖြစ် ထုတ်ပြန် ထားပါတယ်။

ဒါကြောင့် အတ္တနဲ့ မာနတွေကို ဘေးဖယ်ပြီး သမိုင်းကို သင်ခန်းစာယူကာ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်ထောင်စု မပြိုကွဲအောင်၊ ရှင်သန်ခိုင်မာ တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံနဲ့လူမျိုးကောင်းကျိုးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိတာမို့ သူ့ကျွန်အဖြစ် နှံ့မနစ်ရအောင် ညီညွတ်ကြပါစို့ ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

> တကယ်တော့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲတွေနဲ့ အတ္တကို ရှေ့တန်းတင်ပြီး ကိုယ်နိုင်ဖို့သာ ရှေးရှုခရီးဆက်နေကြတဲ့အတွက် အခုလိုအခြေအနေအထိ ဆိုက်ရောက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို မပျက်စီးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တည်တည်ငြိမ်ငြိမ် ခရီးဆက်နိုင်အောင် သူ့ဘက်ကိုယ့်ဘက် မျှတတဲ့မျှခြေတစ်ခုနဲ့ ပြဿနာကို ချဉ်းကပ်အဖြေရှာရမှာဖြစ်။

# မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေးမှုများ ဆောင်ရွက်ပေး

**ပဲခူး မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၃၂ ယူနစ်၊ ကျေးရွာ ၂၅၁ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်း၊ အတိုးပြန်လည်ပေးဆပ်ခဲ့ပြီး သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြန်လည်တင်ပြလာသည့် ချေးငွေလျှောက်လွှာများအပေါ် စိစစ်ပြီးဖြစ်သည့် ဒိုက်ဦးမြို့နယ်မှ ဘုရားကြီးကွင်းကျေးရွာ၊ အေးချမ်းစုကျေးရွာ၊ ဘိုးရင်စုကျေးရွာ၊ ပဲခူးမြို့နယ်မှ တမာပင်ကျေးရွာ၊ ကျွဲဒည်းကုန်းကျေးရွာ၊ ရွှေကျင်မြို့နယ်မှ ညောင်ပင်ကြီးကျေးရွာ၊ ဝေါမြို့နယ်မှ ကျိုက်လှကျေးရွာနှင့် သနပ်ပင်မြို့နယ်မှ ကျုံပါလေးကျေးရွာ ကျေးရွာ ရှစ် ယူနစ်အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးမှုများ ဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လအတွင်း မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ အရင်း/အတိုး ပြန်လည်ပေးဆပ်ပြီးသည့် ကျေးရွာများအား ပြန်လည်ထုတ်ချေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)အား ကျေးရွာ ၁၀၄ ရွာ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျေးရွာ ၁၃ ရွာ၌ ကျေးရွာလူထုမှ ရွေးချယ်ထားသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းများအား ဂဝံခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် မီးလင်းရေးလုပ်ငန်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကြေးမုံ

## စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် တိုင်ထောင်ပဲစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**စဉ့်ကိုင် မတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် တိုင်ထောင်ပဲတောင့်ရှည်များ စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိုင်ထောင်ပဲတောင့်ရှည်စိုက်ပျိုးမည်ဆိုပါက ပထမဦးဆုံး မြေကို သဘာဝမြေဩဇာများဖြစ်သော မြေဆွေးနှင့်နွားချေးတို့ကို သမအောင်ထွန်ယက်ပြီး ဘောင်စနစ်ဖြင့် စိုက်ပျိုးကာ တစ်ပင်နှင့်တစ်ပင် သုံးပေကွာတွင် စိုက်ပျိုးမည်ဆိုပါက လေဝင် လေထွက်ကောင်းမွန်ပြီး အသီးပိုမိုထွက်ရှိကြောင်း၊ ပဲတောင့်ရှည်သည် ပြပိုးနှင့်သီးလုံးဖောက်ပိုးများ ပိုးကြိုက်သည့်သီးနှံဖြစ်သည့်အတွက် ပိုးသတ်ဆေးများကို တစ်ပတ်တစ်ကြိမ် ဖျန်းပေးရကြောင်း သိရသည်။

တိုင်ထောင်ပဲတောင့်ရှည်ကို စတင်စိုက်ပျိုးသည်မှ လေးလခန့်တွင် စတင်ခူးဆွတ်ရပြီး တစ်ရက်ခြား တစ်ခါ ခူးဆွတ်၍ တစ်ဧကလျှင် ပိဿာအချိန် ၇၀ နှင့် ၈၀ ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်သိန်းကျော် ပတ်ဝန်းကျင်သာကုန်ကျကြောင်း၊ သွင်းဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၄၀၀နှင့် ၅၀၀ ခန့်ရသည့်အတွက် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း တိုင်ထောင်ပဲတောင့်ရှည် စိုက်ပျိုးသူ ကသဲကုန်းကျေးရွာမှ ဒေါ်အေးသီတာက ပြောကြားသည်။ **ဝင်းဝင်းသန်း(ပြန်/ဆက်)**





## အရောင်းသွက်ပြီး တွက်ခြေကိုက်၍ ဆူးပုပ်စိုက်သူများအဆင်ပြေ

**မင်းဘူး မတ် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာတွင် ဆူးပုပ်ပင်များစိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ဆူးပုပ်ပင်များစိုက်ပျိုးရာတွင် ခုနစ်ရက်တစ်ကြိမ် ရေသွင်းပေးရပြီး မြက်နုတ်ပေါင်းသင် ပြုလုပ်၍ မြေဩဇာကျွေးနိုင်ပါက သုံးရက်ခြားတစ်ခါခူးရောင်းရကာ ဆူးပုပ်တစ်ပိဿာငွေကျပ် ၃၅၀၀ ဈေးရှိကြောင်း သိရသည်။ ဆူးပုပ်ပင်သည် အခြားမုန်လာ၊ မုန်ညင်း၊ နံနံစသည့်ဟင်းသီးဟင်းရွက်ပင်များကဲ့သို့ထိကပ်၍ စိုက်ရသောအပင်များမဟုတ်ဘဲ ကိုင်းတက်များဖြာထွက်ပြီး တစ်ပင်နှင့်တစ်ပင် ကိုင်းချင်းယှက်နေသောကြောင့် သုံးပေ၊ လေးပေခြား၍ စိုက်ပျိုးရသည်။

"ကျွန်တော်ကတော့ ဆူးပုပ်၊ ဘူး၊ မေမြို့ပန်း စတဲ့ တို့တို့တိတိလေးတွေ စိုက်ပျိုးထားတဲ့ တစ်လက်သမားဖြစ်လေတော့ ဆူးပုပ်ပင်တွေကိုပေါင်းမြက်တွေလည်း မရှင်းနိုင်ပါဘူးဗျာ။ ပေါင်းမြက်တွေရှင်း၊ ရေမှန်မှန်သွင်းပေးပြီး ဂရုစိုက်နိုင်ရင်တော့ သုံးရက်တစ်ခါလောက် ခူးရောင်းလို့ ရပါတယ်။ အရောင်းလည်း သွက်တယ်လေ၊ တစ်ခြံလုံးဆို ၁၅ ပိဿာကျော်ကျော်လောက်ရတာတော့ တွက်ခြေကိုက်ပြီး အဆင်ပြေတာပေါ့ဗျာ" ဟု ကျောက်တန်းကျေးရွာမှ ဆူးပုပ်စိုက်ပျိုးသူ ကိုချစ်ထွေးက ပြောကြားသည်။

**ဇေယျာထက် (မင်းဘူး)**

## မိုင်းယောင်း၌ လက်ပံပွင့်ခြောက်များ ပုံမှန်ဈေးဖြင့် ရောင်းချနေရ

**မိုင်းယောင်း မတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းဒေသတွင် ယခုနှစ် လက်ပံပွင့်ခြောက်ကို ပုံမှန်ဈေးဖြင့် ရောင်းချနေရကြောင်း လက်ပံပွင့်ရှာဖွေရောင်းချသူထံမှ သိရသည်။

"လက်ပံပွင့်ကို အခြောက်လှန်းပြီး ရောင်းချရာမှာ လက်ပံပွင့်ခြောက်တစ်ပုံကို ကျပ် ၅၀၀နဲ့ ရောင်းချရပါတယ်။ တစ်ပုံကို အပွင့် ၅၀ လောက်ထည့်ရတယ်။ ကျွန်မတို့က နံနက်စောစောသွားပြီး တောင်ပေါ်မှာ သွားကောက်ရပါတယ်။ ကောက်လို့ရလာတဲ့ လက်ပံပွင့်တွေကို ကွင်းပြင်မှာ လေးရက်ခန့်လောက် နေလှန်းအခြောက်ခံရပါတယ်။ ပြီးမှ မြို့မဈေးမှာလာရောင်းချကြပါတယ်။ လက်ပံပွင့်ခြောက်ကို ဝယ်ယူစားသုံးသူတွေရှိတော့ ရောင်းချရတာလည်း အဆင်ပြေပါတယ်" ဟု အမျိုးသမီးတစ်ဦးက ပြောကြားသည်။

လက်ပံပွင့်သည့် အနီရောင်သန်းသည့် အပွင့်မျိုးဖြစ်ပြီး မိုင်းယောင်းဒေသမှ တောင်သူအချို့သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာရာ အပိုဝင်ငွေရရှိရေးအတွက် လက်ပံပွင့်များရှာဖွေရောင်းချနေကြပြီး နေ့ရက်အလိုက် ရောင်းချရမှုမတူသော်လည်း လက်ပံပွင့်ခြောက်ကို ရှာဖွေရောင်းချခြင်းဖြင့် ငွေကျပ် ၈၀၀၀ မှ ၁၅၀၀၀ အထိ ပုံမှန်ရောင်းချနေရကြောင်း ယင်းအမျိုးသမီးက ဆက်လက်ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**



## ပုဂံမြို့ရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ် ပြန်လည်ဖွင့်လှစ်ခွင့်ပြုချိန် ကမ္ဘာ့ရှားပါး အကြီးဆုံးကြယ်လိပ်ကြီးကို ကြည့်ရှုလေ့လာနိုင်



**ညောင်ဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်ဘုရားအနီးရှိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အတွင်းရှိသည့် ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကြီးကို ကြည့်ရှုလေ့လာနိုင်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်ထံမှ သိရသည်။

၂၀၂၁ ခုနှစ်တွင် တရားမဝင်ကုန်သွယ်မှုမှဖမ်းဆီးရမိသည့် မြန်မာ့ဒေသရင်းမျိုးစိတ် ဖြစ်သည့် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမ အကောင် ၄၀ အား လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင်ခြံလှောင်စနစ်ဖြင့် မွေးမြူခဲ့ကြောင်းသိရပြီး ပေါက်ပွားလာသည့် ကြယ်လိပ်များအား နေရင်းဒေသများသို့ ပြန်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။ တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိခဲ့သည့် ကြယ်လိပ် ၈၂ ကောင်တွင် ပါရှိလာသော ကြယ်လိပ်မတစ်ကောင်သည် ယခု ၂၀၂၁ ခုနှစ် ၂၁ နှစ်အကြာတွင် ကမ္ဘာပေါ်၌ အကြီးဆုံး ကြယ်လိပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ အရွယ်ရောက်ကြယ်လိပ်များ၏ အတန်းအစားတွင် အမှတ် ၁၄၆ ဖြစ်ကာ အသက်အားဖြင့် ၂၂ နှစ်ဖြစ်မည်ဟု ခန့်မှန်းရကြောင်း၊ ကြယ်လိပ်များ၏ ကျောပေါ်နှစ်စဉ်ပေါ်ထွက်လာလေ့ရှိသော လိုင်းများကို ရေတွက်၍ အနီးစပ်ဆုံးသက်တမ်းအား ခန့်မှန်းထားခြင်းဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က ရှင်းပြသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်မကြီး၏ ကိုယ်ရေးအချက်အလက်ကိုလည်း ကြယ်လိပ်များ၏မှတ်တမ်းစာအုပ်တွင်ရေးမှတ်ထားရာ လိပ်အမှတ် ၁၄၆ ဖြစ်ပြီး အတန်းအစားအနေဖြင့် အရွယ်ရောက်နေပြီဖြစ်ကာ ကျောခွံအလျား ၄၇ ဒသမ ၅ စင်တီမီတာ၊ ကျောခွံအနံ ၃၂ ဒသမ ၅ စင်တီမီတာ၊ ရင်ခွံအလျား ၃၉ ဒသမ ၇ စင်တီမီတာ၊ ရင်ခွံနံ ၂၆ ဒသမ ၅ စင်တီမီတာ၊ အလေးချိန် ၁၀ ဒသမ ၉၉ ပိဿာ၊ အမြင့် ၂၅စင်တီမီတာရှိပြီး ခန့်မှန်းအသက် ၂၂နှစ်ရှိမည်ဟုခန့်မှန်းကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က ရှင်းပြသည်။ ကြယ်လိပ်များ၏ပုံမှန်အနေအထားမှာ ကျောခွံအလျား ၃၀ စင်တီမီတာခန့်သာရှိကြရာ အရွယ်တူကြယ်လိပ်ထီးမရှိခြင်းကြောင့် မိတ်လိုက်သားပေါက်နိုင်ခြင်းမရှိကြောင်းသိရပြီး အရွယ်တူလိပ်ထီးရှိပါကလည်း ဝတ္တရားရှိသည်နှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က ပြောကြားသည်။

ကြယ်လိပ်များသည် ပျမ်းမျှသက်တမ်းမှာ ၈၀ ကျော်ထိ နေထိုင်နိုင်ကြပြီး ခြံလှောင် မွေးမြူရေးစနစ်တွင် ငါးနှစ်နှင့် ခြောက်နှစ်တွင် အရွယ်ရောက်ကြကာ သဘာဝတောတွင် ၁၀ နှစ်နှင့် ၁၁ နှစ်တွင် အရွယ်ရောက်ကြကြောင်းလည်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်မှပေါက်ပွားလာသည့် ကြယ်လိပ်များအား ၎င်းတို့နေထိုင်ရာကျက်စားရာဖြစ်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး/စကုမြို့နယ် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မင်းစုံတောင် ဘေးမဲ့တောဥယျာဉ်သို့ သဘာဝအတိုင်း ပြန်လွှတ်ပေးလျက်ရှိကြောင်း၊ ကြယ်လိပ်များသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာရှိသည့် ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်(KPD)**

# ‘ဂျပန်နှင့် ခရီးသွား အတွေးစများ’

**အောင်အောင် IR**

ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် ဧည့်သုတေသီအဖြစ် ခြောက်လတာ နေထိုင်ခဲ့စဉ်အတွင်း အားလပ်သည့် အချိန်များတွင် ကျိုတို၊ ယိုကိုဟားမား၊ အိုဆာကာ၊ နာဂိုယာ၊ ကိုဘေးစသည့် အဓိက ဂျပန်မြို့ကြီး များသို့ သွားရောက်လည်ပတ်ခဲ့ပြီး မိမိနေထိုင်ရာ ကျိုတိုမြို့ အနီးတစ်ဝိုက် နာရာမြို့၊ တိုကျိုမြို့တော် အနီးတစ်ဝိုက် ယူရှိုု၊ ကာမာကူရ၊ ကာဝါဂူချီကိုမြို့ များနှင့် အီနိုရှီးမားကျွန်းများဆီသို့လည်း သွားရောက် လည်ပတ်ခဲ့ပါသည်။ ထို့အပြင် ခရီးစဉ်များ တစ်လျှောက် ရထားစောင့်ချိန်၊ ကားစောင့်ချိန် များတွင် အခြားမြို့၊ ရွာများဆီသို့လည်း အချိန် ရသလောက် ဝင်ရောက်လည်ပတ်ခဲ့ပါသည်။ ဟိုကိုင်းဒိုး၊ ဟီယိုရှီးမား၊ တာခါးယာမကဲ့သို့ သွားရောက်ချင်သည့် နေရာများ ရှိသော်လည်း အချိန်မလုံလောက်သောကြောင့် သွားရောက်နိုင်ခဲ့ ခြင်းမရှိပါ။ မည်သို့ဆိုစေ ဂျပန်နိုင်ငံအနှံ့ မဟုတ် သည့်တိုင် ဂျပန်အဓိက မြို့ကြီးအများစုနှင့် ဂျပန်နိုင်ငံ တစ်ဝက်နီးပါးမကကို လှေ့လာလည်ပတ် ဖြစ်ခဲ့သည်။

### စနစ်တကျ ကြိုတင်ပြင်ဆင်

ဂျပန်တွင် နေထိုင်စဉ် စာရေးသူ၏အဓိက အလုပ်မှာ သုတေသနစာတမ်း ရေးသားပြီးစီးရန် ဖြစ်သည်။ ခရီးသွားလာခြင်းသည် ကိုယ့်စရိတ်နှင့် ကိုယ် သွားလာခြင်းဖြစ်ရာ ငွေကြေး၊ အချိန် အထူးသဖြင့် အချိန်မှာ အခက်အခဲရှိသဖြင့် သွားလာလိုသည့် ခရီးစဉ်များကို စစ်ဆင်ရေးတစ်ခု သဖွယ် စနစ်တကျ ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက် ခဲ့ရသည်။ ခရီးမထွက်မီကတည်းက သွားရောက် မည့် မြို့များ၏ သတင်းအချက်အလက်များ စုဆောင်းရပြီး ခရီးစဉ်အသေးစိတ်အစီအစဉ်များ ကြိုတင်ရေးဆွဲရသည်။ တည်းခိုခန်းများ ကြိုတင် ငှားရမ်းရသည်။ ကား၊ ရထားလက်မှတ်အချို့ ကြိုတင်ဝယ်ယူရသည်။ အချို့နေရာများ (ဂျပန် ဒိုင်းယက်လွှတ်တော်၊ တိုယိုတာကားစက်ရုံ) ကြိုတင်စာရင်း ပေးသွင်းရသည်။ မြို့၏ ထင်ရှားသောနေရာများကို စာရင်းပြုစုရသည်။ ထို့နောက် ကိုယ့်သွားလိုသော နေရာများနှင့် မသွားမဖြစ်သည့် နေရာများကို ရွေးချယ်ထုတ်နုတ် စာရင်းပြုစုရသည်။ အဆိုပါနေရာများသို့ အချိန် အသက်သာဆုံး ရောက်ရှိနိုင်မည့် ခရီးစဉ် လမ်းကြောင်းများ ရှာဖွေရသည်။ သွားရောက်မည့် နေရာများသို့ မသွားရောက်မီ သမိုင်းကြောင်းများ၊ အချက်အလက်များ ကြိုတင်ဖတ်ရှုရသည်။ မည်သည့်နေရာသို့ ပထမသွားမည်၊ ကျန်နေရာ များသို့ ဒုတိယ၊ တတိယစသဖြင့် စီစဉ်သတ်မှတ်ပြီး ဖြစ်သည်။ သို့မှသာ ရောက်ရှိချိန်အတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်သည်။ တည်းခို ခန်းသို့ ရောက်သည်နှင့် ပစ္စည်းများထားပြီးလျှင် ချက်ချင်းပြန်ထွက်၊ ခရီးသွားခြင်းကို စစ်ဆင်ရေး တစ်ခုအသွင် လုပ်ဆောင်ရန် အသင့်ဖြစ်နေလေပြီ။

စာရင်းတွင် ပြုစုထားသည့် သွားရောက် လိုသော နေရာပေါင်းမှာ ၇၀ ကျော်ခန့်ရှိပြီး ထိုနေရာအားလုံးသို့ ရောက်ရှိလည်ပတ်ရန်မှာ တစ်ရက်လျှင် အနည်းဆုံး သုံး၊ လေးနေရာခန့်သို့ ရောက်ရှိလည်ပတ်ရန် လိုအပ်သည်။ သို့ဖြစ်ရာ အနည်းငယ် လူအပင်ပန်းခံ ဝီရိယစိုက်ရန် လိုအပ် သည်။ ကျိုတိုပြင်ပ ခရီးစဉ်များအတွင်း နံနက် ၈ နာရီဝန်းကျင် တည်းခိုခန်းမှထွက်ကာ ည ၈ နာရီ ဝန်းကျင်မှ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိ သည်။ တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာ ရာတွင် အမြန်ရောက်ရှိစေရန် ဈေးနှုန်းမြင့်မား သော ရှင်ကန်ဆန် ကျည်ဆန်ရထားကို အသုံးပြု ခဲ့ရသည်။ ချုပ်ပြီးဆိုရလျှင် တိုကျိုမြို့တွင် သွားရောက်လိုသော နေရာသုံး၊ လေးနေရာခန့်မှ လွဲပြီး ရေးမှတ်ထားသော လည်ပတ်ရန် စာရင်းစာရွက် ရှိ ဂျပန်မြို့ကြီး ငါးမြို့ရှိ နေရာအားလုံးနီးပါးသို့ ရောက်ရှိလည်ပတ်နိုင်ခဲ့သည်။ တစ်နည်း ဂျပန်နိုင်ငံ တွင် နေထိုင်ခဲ့စဉ် ခြောက်လတာကာလအတွင်း နေရာပေါင်း ၇၀ ခန့်သို့ ရောက်ရှိလည်ပတ်ဖြစ်ခဲ့ပြီး မြန်မာသတင်းစာ၊ ဂျာနယ်များတွင် ဂျပန်အတွေး အမြင်နှင့် ခရီးသွားဆောင်းပါး ၈၀ နီးပါး ရေးသား နိုင်ခဲ့သည်။

ယခုဆောင်းပါးတွင် ဂျပန်အလည်အပတ် ခရီးစဉ် များအတွင်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး သတိပြုမိခဲ့သည်များကို မျှဝေပါမည်။ စာရေးသူသည် ခရီးသွားလုပ်ငန်းရှင်တစ်ဦး မဟုတ်သလို ခရီးသွား လာရေးဆိုင်ရာ ကျွမ်းကျင်သူလည်း မဟုတ်ပါ။

**ခရီးသွားလာခြင်းသည် ကိုယ့်စရိတ်နှင့်ကိုယ် သွားလာခြင်းဖြစ်ရာ ငွေကြေး၊ အချိန် အထူးသဖြင့် အချိန်မှာ အခက်အခဲရှိသဖြင့် သွားလာလိုသည့် ခရီးစဉ်များကို စစ်ဆင်ရေးတစ်ခုသဖွယ် စနစ်တကျကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ခဲ့ရသည်။ ခရီးမထွက်မီကတည်းက သွားရောက်မည့် မြို့များ၏ သတင်းအချက်အလက်များ စုဆောင်းရပြီး ခရီးစဉ်အသေးစိတ်အစီအစဉ်များ ကြိုတင်ရေးဆွဲရသည်။ တည်းခိုခန်းများ ကြိုတင်ငှားရမ်းရသည်။ ကား၊ ရထားလက်မှတ်အချို့ ကြိုတင်ဝယ်ယူရသည်။**

သို့သော် ဂျပန်အပါအဝင် နိုင်ငံတကာသို့ မကြာခဏ ခရီးထွက်ခဲ့ဖူးပြီး မြန်မာအီးယူသံရုံးတွင် နိုင်ငံရေး အရာရှိအဖြစ် ခြောက်နှစ်နီးပါးကြာ တာဝန်ထမ်းဆောင် ခဲ့စဉ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု စလုံးသို့ အလုပ်ကိစ္စဖြင့် ညအိပ်ခရီးစဉ်များ ထွက်ဖြစ် ခဲ့သည်။ လားရှိုးမြို့သို့ဆိုလျှင် ရှစ်ကြိမ်၊ မြစ်ကြီးနား မြို့သို့ ရှစ်ကြိမ်နှင့် စစ်တွေနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ၁၀ ကြိမ်မက ရောက်ရှိခဲ့သည်။ အီးယူသံရုံး ရုံးစရိတ်ဖြင့် သွားလာခြင်းဖြစ်လေရာ မြို့ကြီးများရှိ တန်ဖိုးကြီးမားသော ဟိုတယ်အများစု တွင် တည်းခိုနေထိုင်ဖူးပါသည်။ အလုပ်ချိန်ပြင်ပ အားလပ်ချိန်များတွင် ရောက်ရှိသည့် နေရာများ အနီးဝန်းကျင်နှင့် ထင်ရှားသောနေရာများသို့ သွားရောက်လည်ပတ်ခဲ့သည်ဖြစ်ရာ ပြည်တွင်း ခရီးသွားလာခြင်း အတွေ့အကြုံအချို့လည်း အတန် အသင့် ရခဲ့ပါသည်။ ဆိုရလျှင် နိုင်ငံတကာ ခရီးသွား ဝန်းကျင်နှင့် မြန်မာ့ခရီးသွားဝန်းကျင် ကွာခြားချက် များကို အထိုက်အလျောက် သိမြင်မှုရှိပါသည်။ ယခု တင်ပြမည့် ခရီးသွားဆိုင်ရာ အတွေးစများမှာ စာရေး သူ၏ ကိုယ်ပိုင်ထင်မြင်ချက်များသာ ဖြစ်ပါသည်။

### စီမံလုပ်ဆောင်ထား

ဂျပန်နှင့် မြန်မာ နှိုင်းယှဉ်ပြောဆိုမည်ဆိုလျှင် ကွာခြားလွန်းလှပါသည်။ စာရေးသူ ပြည်ပသို့ခရီးများ သွားလျှင် စိတ်မကောင်းဖြစ်သည့် အရာတစ်ခုမှာ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား စသည့်နိုင်ငံများတွင် အချို့သောနေရာများသည် များစွာကျယ်ဝန်းလှသည် မဟုတ်သည့်တိုင် ရသည့်နေရာ၊ ရှိသည့်နေရာများကို နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ် ချင်စဖွယ်ဖြစ်အောင် စီမံလုပ်ဆောင်ထားကြသည်။ အပင်မရှိလျှင် အပင်တု စိုက်သည်။ မြေမရှိလျှင် မြေတုဖို့သည်။ ရေသန့်အောင် လုပ်သည်။ မြေသန့် အောင် လုပ်သည်။ လူသန့်အောင် လုပ်သည်။ ဝန်းကျင် သန့်အောင် လုပ်သည်။ သတင်းအချက်အလက်များ နေရာတိုင်းတွင် ရှိသည်။ တစ်နေရာသို့ သွားရောက် လည်ပတ်လျှင် အနီးအနားတွင် အခြားလည်ပတ်စရာ နေရာများ ရှိနေတတ်သည်။ သို့ဖြစ်ရာ တစ်နေရာက စိတ်ဝင်စားစရာ မကောင်းရင်တောင် သွားရတာ တန်သည်၊ လည်ရတာ တန်သည်ဟု ခံစားကြရသည်။ နေရာအတော်များများတွင် ဝင်ကြေးပေးရသည့်တိုင် အတွင်းသို့ ဝင်ရောက်မှသာ ဝင်ကြေးပေးရခြင်းမျိုး ဖြစ်ပြီး အပြင်ဝင်းခြံနှင့် အနီးဝန်းကျင်ကို အခမဲ့ လှေ့လာခွင့် ပြုထားလေရာ ငွေရှိမှသွားနိုင်သည်၊ ကြည့်နိုင်သည်မျိုးမဟုတ်ဘဲ အနည်းဆုံး အငွေ့အသက် များကို အားလုံးနှင့်သက်ဆိုင်နေသလို ခံစားစိတ် ဖြစ်စေသည်။

မြန်မာနိုင်ငံသည် ဂျပန်၊ ကိုရီးယား၊ စင်ကာပူ တို့နှင့်စာလျှင် နေရာများစွာ ကျယ်ဝန်းပြီး တိုင်းဒေသ ကြီးနှင့် ပြည်နယ် နေရာတိုင်းတွင် သဘာဝအလှအပ လည်ပတ်စရာ နေရာများစွာ ရှိပါသည်။ စာရေးသူနှင့် ခင်မင်သော ဂျပန်လူမျိုးအချို့က သူတို့သွားလာ ခဲ့သော တိုင်းရင်းသားဒေသ မြန်မာခရီးစဉ်အချို့အား ပြန်ပြောင်းပြောပြရင်း “လူတွေက ရိုးသားတယ်၊ အချို့ ဂျပန်နဲ့ ဆင်တူတယ်၊ ရုပ်လည်းတူတယ်၊ ဓလေ့ လည်း တူတယ်၊ သူတို့ရောက်ခဲ့ဖူးသမျှ နေရာတွေ ထဲမှာ ဆွဲဆောင်မှုအရှိဆုံးပဲ” စသဖြင့် ပြောကြပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများမှ အနောက်နိုင်ငံသား မိတ်ဆွေများကလည်း “နင်တို့ မြန်မာနိုင်ငံမှာ ဘယ်နေရာမှာမှ မတွေ့နိုင်တဲ့ သဘာဝအလှအပ နေရာတွေ အများကြီးရှိတယ်၊ မဖော်ထုတ်ရသေးတဲ့ နေရာတွေ အများကြီးရှိတယ်၊ ခရီးသွားလုပ်ငန်း အတွက် အလားအလာ အများကြီးရှိတယ်” စသဖြင့် ပြောကြသည်။ ဝတ်ကျေတမ်းကျေ သဘောမျိုး ပြောခြင်းမဟုတ်၊ အမှန်လက်တွေ့ရင်ထဲမှပြောခြင်း ဖြစ်သည်။ သို့နှင့်တိုင် မြန်မာ့ခရီးသွားလာရေး လုပ်ငန်းသည် သတင်းအချက်အလက် အားနည်းမှု၊ အခြေခံအဆောက်အအုံများ မဖွံ့ဖြိုးမှုစသည့် အထွေထွေ အားနည်းချက်များကြောင့် သွားလာရ လွယ်ကူသော ရန်ကုန်၊ မန္တလေး၊ အချို့မြို့ကြီးများ နှင့် ပုဂံ၊ အင်းလေးကဲ့သို့ အထူးထင်ရှားသော နေရာများမှလွဲလျှင် အခြားအာရှနိုင်ငံများမှာကဲ့သို့ နိုင်ငံနေရာအနှံ့ အလွယ်တကူ ခရီးသွားလာနိုင်သော အခြေအနေဖြစ်ပေါ်လာသေးခြင်း မရှိပေ။

စာရေးသူသည် သမိုင်းနှင့် နိုင်ငံရေးကို စိတ်ဝင် စားသူဖြစ်ရာ ရောက်သည့်နိုင်ငံများတွင် သမိုင်းဝင် နေရာများ အထူးသဖြင့် ထင်ရှားသောသူများ၏ သင်္ချိုင်းဂူဗိမာန်များသို့ သွားရောက်လည်ပတ်သည်။ ရှင်းပြစရာမလို၊ ပြောစရာ မလိုလောက်အောင်ပင် သူတို့သမိုင်းဝင်ဂူဗိမာန်များမှာ အတွင်းရော အပြင် ဝန်းကျင်ပါ သန့်ရှင်းသပ်ရပ်သည်။ စာရေးသူ မြန်မာပြည်တွင်း ခရီးသွားလာရင်း ထင်ရှားသော သူများ၏ သင်္ချိုင်းဂူဗိမာန်များသို့ သွားရောက်လျှင် များစွာစိတ်ပျက်ဖွယ် ဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်များတွင် မန္တလေးမြို့ရှိ မင်းတုန်း မင်းကြီး ဂူဗိမာန်သို့ ရောက်ရှိသည်။ ယခုမှ တည်ဆောက်သည်လား၊ ပြန်လည်ပြုပြင်သည် လားတော့ မသိပါ။ သုတ်ထားသောဆေးများမှာ များစွာ မသပ်မရပ်ဖြစ်ပြီး ဆေးစက်များမှာ ဂူဗိမာန်နှင့် အနီးအောက်ခြေတွင် နေရာအနှံ့ ဖြစ်သည်။ မော်လမြိုင်မြို့ရှိ သီပေါမင်း၏ စတုတ္ထ သမီးတော် ထိပ်စုမြတ်ဘုရားကလေး၏ အုတ်ဂူ တော်သို့ လည်ပတ်ဖြစ်သည်။ အုတ်ဂူမှာ ကားလမ်း ဘေးတွင် သံဆန်ခါများ ကာရံလျက် တည်ရှိသည် ဖြစ်ရာ ဖွင့်ထားသော ခြံတံခါးမှ အုတ်ဂူရှိရာသို့ သွားရာလမ်းမှာ မြက်ပင်အရှည်များ မသပ်မရပ် လွှမ်းမိုးနေပြီး ဂူသို့သွားရာလမ်းတွင် တိရစ္ဆာန် မစင်များမှာ နေရာအနှံ့တွင်ဖြစ်သည်။ သန်လျင်မြို့ရှိ နတ်သျှင်နောင် အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက်ဖြစ်သည်။ အဝင်တံခါးမှာ ပိတ်ထား သည်။ အဝေးမှလှမ်းကြည့်ရာ ဂူဗိမာန်ဝင်းမှာ ချုံနွယ် မြက်ပင်များ ဖုံးလွှမ်းနေပြီး မြင့်မားလှသော ဂူဗိမာန်အဆင့်တစ်ဆင့်တွင် ခွေးတစ်ကောင် တက်နေသည်ကို တွေ့ရသည်။ ဂူဗိမာန်များ အားလုံးမှာ မြို့လယ်၊ မြို့တွင်းနေရာများတွင် တည်ရှိပြီး ဟိုးအဝေး လူအရောက်အပေါက် နည်းသော နေရာများတွင်လည်း မဟုတ်ပါချေ။ နိုင်ငံခြားသားများ မြင်သိလျှင် များစွာ အရှက် ရဖွယ်ဖြစ်သည်။ အရွယ်အစားအားဖြင့်ဆိုလျှင် မင်းတုန်းမင်း၊ စတုတ္ထသမီးတော်၊ နတ်သျှင်နောင် တို့၏ အထိမ်းအမှတ် ဂူဗိမာန်များမှာ ထုထည် အားဖြင့် ကြီးမားပါသည်။ နိုင်ငံခြားရှိ အချို့သော ဂူဗိမာန်များထက်ပင် ခံ့ညားထည်ဝါ ပါသည်။ မြန်မာမှု ဗိသုကာလက်ရာ အပြည့်ရှိသည်။ သို့သော် အထက်တွင် ဆိုခဲ့သလို သန့်ရှင်းရေးအထူး အားနည်းပြီး ပြုပြင်ထိန်းသိမ်းမှု၊ သတင်းအချက် အလက်စသည့် ဝန်းကျင်မှာ များစွာအားနည်းပါ သည်။ ဒီလိုနှင့် လူတွေက မလာ၊ လာတဲ့သူက နောက်တစ်ခေါက် မလာ၊ အခြားသူအားလည်း မညွှန်၊ ဒီလိုနဲ့ တစစနှင့် အဆိုပါ မြန်မာ့သမိုင်းဝင် နေရာများသည် မကောင်းသည့်သူများ ခိုအောင်း ချင်စဖွယ်နေရာ ဖြစ်စေနိုင်ပါသည်။

### ရေသန့်ရှင်းမှုကို အထူးဂရုပြု

ကြုံတုန်း ရေးချင်သည်မှာ ရေကိစ္စ ဖြစ်သည်။ နိုင်ငံခြားသားများသည် ရေသန့်ရှင်းမှုကို အထူး ဂရုပြုပါသည်။ ရေမှ ရောဂါပေါင်းစုံ အထူးသဖြင့် ဝမ်းရောဂါ ဖြစ်နိုင်သဖြင့် သူတို့ရောက်သည့်နေရာ တွင် အစားအစာစားလျှင် အရည်သောက်မယူဘဲ ဖျော်ရည်များလည်း သောက်သုံးလေ့မရှိပါ။ စာရေး သူ အီးယူသံရုံးတွင် အလုပ်လုပ်စဉ်က သံအမတ် ကြီးနှင့် အခြားဥရောပသား လုပ်ဖော်ကိုင်ဖက်များ နှင့် မြန်မာနိုင်ငံအနှံ့ ခရီးအတူ ထွက်ရသည်ဖြစ်ရာ ရေနှင့်ပတ်သက်ပြီး အကဲဆတ်ပုံကို ကောင်းစွာ သတိပြုမိသည်။ ဆိုလိုသည်မှာ ဆိုင်ဝန်းကျင်ကို အကဲခတ်သည်။ ဆိုင်မှ အသုံးပြုသည့်ရေ မသန့်ရှင်းဟု သံသယရှိလျှင် မစားသုံးတတ်ကြပါ။ စာရေးသူ မကြာမကြာ ကြုံဖူးပါသည်။ စာရေးသူမှာ နိုင်ငံခြားသားများ ခရီးထွက်လျှင် ကားကိစ္စ၊ တည်းခို ခန်းကိစ္စ၊ စားသောက်ဆိုင်ကိစ္စများပါ စီစဉ် ဆောင်ရွက်ရသည်ဖြစ်ရာ ရောက်သည့်မြို့များတွင် ဆိုင်ကောင်းကောင်းရှာလျှင် ဝန်းကျင်ကိုပါ ထည့်သွင်းစဉ်းစားသည်။ **စာမျက်နှာ ၂၈ သို့** ■



## စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

မကွေး မတ် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် နွေစပါးနှင့် နွေနှမ်းအပါအဝင် နွေသီးနှံများအား လျာထားချက်ပြည့်မီအောင်ဆောင်ရွက်ရေး၊ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ရေး၊ တောင်သူများ နည်းပညာအသိမြင့်မားရေး တွန်းအားပေးဆောင်ရွက်ရေး၊ ဆည်ရေများ ဖြန့်ဝေရာတွင် ရေအလေအလွင့်နည်းပါးရေးနှင့် စနစ်တကျ ရေပေးဝေနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် တိရစ္ဆာန်များ မွေးမြူနိုင်ရေး ဆွေးနွေးမှာကြားခဲ့ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦးက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မတ် ၆ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကိုဗစ်ကပ်ရောဂါကာလအတွင်း အာတူးသည် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အဆိုးထဲက အမြတ်" မျက်နှာဖုံးကာတွန်း၊ အင်္ဂလိပ်လူမျိုး သရုပ်ဆောင်၊ ဟာသလူရွှင်တော်၊ စာရေးဆရာ ရိုဝမ်အက်ကင်ဆန် (မစ္စတာဘင်း) အကြောင်းကို တင်ဆက်ထားသည့် "ကလေးတို့ချစ်တဲ့ မစ္စတာဘင်း" သုတဆောင်းပါး၊ မြန်မာလူမျိုးများအတွက် အသက်သွေးကြောတမျှ အရေးပါသော ဧရာဝတီမြစ်ကြီးအကြောင်းကို တင်ဆက်ထားသည့် "မြစ်ကြီးဧရာဝတီ" သုတဆောင်းပါး၊ မိမိအန္တရာယ်ကင်းရန်အတွက် တစ်ပါးသူအပေါ်ညှဉ်းဆဲခြင်းကို မပြုလုပ်မိစေရန် သတိပြုရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် "စိတ်ထားကောင်း" နှစ်မျက်နှာကာတွန်း၊ လူမှုဘဝနေထိုင်မှုတွင် လူ့ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများကို လိုက်နာနေထိုင်ရသကဲ့သို့ ယာဉ်မောင်းရာတွင် ယာဉ်စည်းကမ်းများကိုလိုက်နာပြီး မောင်းနှင်ရမည်ဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ဖြည်းဖြည်းမောင်းပါ ဖေဖေ" ဝတ္ထုကဏ္ဍ၊ ကလေးတို့အနေဖြင့် ပညာပြည့်ဝပြီး စိတ်ထားမွန်မြတ်သော လူကောင်းလူတော်များ ဖြစ်လာရန် ငယ်ရွယ်ချိန်မှစ၍ လူကြီးမိဘဆရာသမားတို့၏ ကောင်းမွန်သော အဆုံးအမ၊ လမ်းပြညွှန်ကြားချက်များကို လိုက်နာကျင့်သုံးသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "သားရွှေသွေးကဗျာ"၊ မိမိအမှန်တကယ် မကျွမ်းကျင်မတတ်မြောက်သော အရာတွင် မိုက်ရူးရဲဆန်သည့် အပြုအမူမျိုးကို မပြုလုပ်သင့်ကြောင်း တင်ဆက်ထားသည့် "မျောက်နှင့် ကုလားအုတ်" ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၂၇ မှ

ဆိုလိုသည်မှာ ကန်ဘေး၊ မြစ်ဘေးရှိ ရှုခင်းကောင်းသောဆိုင်များကို ရွေးချယ်သည်။ သို့သော် နိုင်ငံခြားသားများမှာ ကန်ရေ၊ ချောင်းရေ၊ မြစ်ရေ အရည်အသွေးကို မြင်သည်နှင့် ထိုရေဖြင့် ဟင်းချက်သလား၊ ဖျော်ရည်များတွင် အသုံးပြုသလား သံသယရှိပါသည်။ စာရေးသူအား တိုက်ရိုက်ပင် ရေအသုံးပြုမှုနှင့်ပတ်သက်ပြီး ဆိုင်ပိုင်ရှင်များအား မေးမြန်းခိုင်းသည်ကို ကြုံဖူးပါသည်။ အချို့နိုင်ငံခြားသားများလည်း ကြုံရာစားဖြစ်သလိုနေသည့်သူများ ရှိပါသည်။ သို့သော် ယေဘုယျအခြေအနေကို သတိပြုမိစေရန် ခြုံငုံတင်ပြခြင်း ဖြစ်သည်။ အချို့ဆိုင်များမှာ နိုင်ငံတကာအဆင့်အဖြစ် ပြင်ဆင်ထားသော်လည်း နိုင်ငံခြားသားများသည် ဆိုင်အတွင်းကိုသာမက ဝန်းကျင်ကိုပါ လေ့လာအကဲခတ်သည်ဟု သတိပေးလိုခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ခရီးသွားသတင်းအချက်အလက်များမှာ နေရာတိုင်းတွင် အထူးသဖြင့် တိုးရစ်ကောင်တာများနှင့် ဘူတာရုံများတွင် ရရှိနိုင်ပါသည်။ ဤနေရာတွင် တင်ပြလိုသည်မှာ အချို့သော ဂျပန်တည်းခိုခန်းငယ်များ၏ ကိုယ်ပိုင်သတင်းအချက်အလက် မျှဝေမှု ဖြစ်သည်။ အချို့ဂျပန်တည်းခိုခန်းများတွင် တည်းခိုခန်းအနီးတစ်ဝိုက်ရှိ ဂျပန်စားသောက်ဆိုင်၊ အခြား အာရှစားသောက်ဆိုင်၊ အနောက်တိုင်းစားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ ဘီယာဆိုင်၊ ရှုခင်းကြည့်နေရာ၊ ဆံသဆိုင်၊ စတိုးဆိုင်စသည်များကို စာရင်းနှင့်တကွ ဖော်ပြထားပြီး တည်းခိုခန်းမှ လမ်းလျှောက်လျှင် မိနစ်မည်မျှ ကြာမြင့်မည်ကိုပါ လမ်းညွှန်ခဲခြစ်မြေပုံလေးနှင့်တကွ ဖော်ပြထားသည်။ ထို့ပြင် မည်သည့် စားသောက်ဆိုင်သည် လက်ရာကောင်းသည်၊ နိုင်ငံခြားသားများနှင့် သင့်တော်သည်ကို အဆင့်ခွဲခြားသတ်မှတ် ဖော်ပြထားသည်။ အဆိုပါစာရင်းစာရွက်လေးသည် တည်းခိုခန်းများ၏ ကိုယ်ပိုင်ဖြစ်ကာ အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ပြီး မည်သည့်နေ့အထိ အတည်ဖြစ်သည် ဆိုသည်ကိုပါ ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် သတင်းအချက်အလက်ပေးနိုင်မှုမှာ အားနည်းသဖြင့် ကိုယ်ပိုင်တည်းခိုခန်းများသည် အချို့ကိစ္စများတွင် မိမိအစီအစဉ်ဖြင့် ဧည့်သည်များအား သတင်းအချက်အလက် ပေးအပ်နိုင်ရန် ကြံဆဆောင်ရွက်သင့်ပါသည်။

### လိုအပ်ချက်တစ်ခုမှာ အိမ်သာ

နောက်ထပ် ရေးသားချင်သည့် ခရီးသွား လိုအပ်ချက်တစ်ခုမှာ အိမ်သာဖြစ်သည်။ ဂျပန်နိုင်ငံတွင် ခရီးသွားစဉ် အကြိုက်နှစ်သက်ဆုံးတစ်ခုကို ပြောပါဆိုလျှင် အကြိုက်နှစ်သက်ဆုံးများထဲမှ တစ်ခုမှာ နေရာအနှံ့အပြားတွင် အခမဲ့ အိမ်သာများ တည်ရှိခြင်းဖြစ်သည်။ လမ်းများအတွင်း အများသုံး အိမ်သာများရှိတတ်သလို စတိုးဆိုင်ကြီးများ၊ ဖျော်ဖြေရေးစင်တာများ၊ အချို့သော ရုံးအဆောက်အအုံများတွင် အများပြည်သူ ဝင်ရောက်အသုံးပြုနိုင်သည့် အိမ်သာများ ရှိပါသည်။ သေချာသည်မှာ ဘူတာရုံတိုင်းတွင် အများသုံး အိမ်သာများ ရှိသည်။ အိမ်သာအားလုံးလိုလို အများစုမှာ သန့်ရှင်းရေးကောင်းမွန်ပြီး အိမ်သာသုံးပစ္စည်းများ ကောင်းမွန်စွာ ထားရှိသည်။ ဂျပန်တင်မှ မဟုတ်ပါ။ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ တရုတ်တို့တွင် အများသုံးအိမ်သာများ နေရာအတော်များများတွင် တွေ့ရတတ်ပါသည်။ သန့်ရှင်းမှုနှင့် အိမ်သာပစ္စည်း လိုအပ်ချက်များ ရှိချင်ရှိပါမည်။ အိမ်သာကိစ္စဆိုသည်မှာ အသက် ကြီးသည်၊ ငယ်သည် မရှိ၊ အချိန်မရွေး ပြဿနာရှိနိုင်သည်ဖြစ်ရာ အများသုံးအိမ်သာများသည် ခရီးသွားလုပ်ငန်း တိုးတက်စည်ပင်စေရန် များစွာအထောက်အကူဖြစ်ကြောင်း သူတို့သိကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံကလည်း ဆင်းရဲလှသည်ဖြစ်ရာ လူများအလွယ်တကူ လက်လှမ်းမီသော သန့်ရှင်းသပ်ရပ်သည့် အများသုံးအိမ်သာများမှာ အကန့်အသတ်နှင့်ဖြစ်ပြီး ဝင်ကြေးကလည်း ပေးရသေးသည်။ ရန်ကုန်၊ မန္တလေးလို နေရာမျိုးတွင်ပင် အခြေခံအများသုံး အိမ်သာများ ဝန်ဆောင်မှု မပေးနိုင်လျှင် နယ်မြို့များတွင် ပိုဆိုးတော့သည်။ မြန်မာနိုင်ငံတွင် ပြဿနာတစ်ခုက အများသုံးအိမ်သာများ ထားရှိလည်း လူမလာ၊ ကြာတော့ မကောင်းသည့်သူများ ခိုအောင်းသည့်နေရာဟု လူအများက ထင်မြင်ယူဆတတ်ကြသည်။ အများသုံး ပန်းခြံအချို့၊ အပန်းဖြေနေရာအချို့လည်း ထိုအတိုင်းပင်ဖြစ်သည်။ အများပြည်သူသုံးဝန်ဆောင်မှုများ ရေရှည်တည်မြဲသည်မှာ နည်းပါးလှသည်။ ဂျာအေးသူ့အမေရိုက်သကဲ့သို့ ဖြစ်သည်။

ဂျပန်တွင် ခရီးသွားများ ကြီးမားစွာ အဆင်ပြေသည့်ကိစ္စတစ်ခုမှာ အများပြည်သူ သယ်ယူပို့ဆောင်ရေး ဖြစ်သည်။ ဘတ်စ်ကား၊ ရထားတို့သည် လွန်စွာအချိန်မှန်သည်။ မိနစ်သာခြားပြီး မပြတ်ပြေးဆွဲသည်။ သာမန်အခြေအနေတွင် ရှေ့ဘတ်စ်ကား၊ ရှေ့ရထားလွတ်လည်း နောက်ဘတ်စ်ကား၊ နောက်ရထား စောင့်ရလှ ၁၀ မိနစ်သာ ဖြစ်သည်။ ထိုသို့ အများပြည်သူ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကောင်းမွန်မှုတွင် ဂျပန်အား အနောက်နိုင်ငံအများစုပင် မယှဉ်နိုင်ပါချေ။ မြန်မာတို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည့်တိုင် အချိန်နှင့်ပတ်သက်လျှင် မည်သို့မှ ခန့်မှန်း၍ မရပါချေ။ လာခါမှ လာတာပါပဲ။ နိုင်ငံခြားသားများဆိုလျှင် မည်သို့မျှ အဆင်မပြေပါ။ နိုင်ငံခြားသား ခရီးသွားအများစုသည် ငွေကြေးချမ်းသာလွန်းလှသဖြင့် လာရောက်လည်ပတ်ခြင်း မဟုတ်ဘဲ ချိန်ဆသုံးစွဲသူများဖြစ်လေရာ တက္ကစီလည်း သူတို့မစီးချင်၊ စင်းလုံးငှားလည်း မတတ်နိုင်၊ အများသုံး ဘတ်စ်ကားနဲ့လည်း အဆင်မပြေ၊ နောက်ဆုံးရန်ကုန်ရောက်ပြီးအနီးအနားလမ်းလျှောက်သွားကာ ဟိုတယ်အခန်းတံခါး ပိတ်နေသူအချို့ပင် ကြုံဖူးပါသည်။

### အပြင်စာများကို စိတ်မချ

ထိုသို့ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ခရီးသွားများအတွက် အခက်အခဲများ ရှိသည်ဖြစ်ရာ လူငယ်အများအပြားမှာ မြန်မာနိုင်ငံဆိုလျှင် ရှောင်ကြပြီး လာရောက်သူအများစုမှာ လူလတ်၊ လူကြီးများနှင့် ငွေကြေးတတ်နိုင်သော သက်ကြီးရွယ်အို အစုအဖွဲ့များ ဖြစ်နေတတ်ပါသည်။ စာရေးသူတို့ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံများတွင်မူ တစ်ဦးချင်း၊ အဖွဲ့လိုက် သွားလာနေသော အာရှနှင့် နိုင်ငံတကာ လူငယ်ခရီးသွားများကို မကြာခဏ တွေ့မြင်ရမည်ဖြစ်သည်။ စာရေးသူနှင့် သိကျွမ်းသော မြန်မာနိုင်ငံအခြေစိုက် အချို့သောသံတမန်များ၊ နိုင်ငံတကာဝန်ထမ်းများသည် ကောင်းကောင်းသုံးစရာရှိလျှင် ဗန်ကောက်၊ စင်ကာပူမြို့များသို့ ရောက်သည့်အခါမှသာ သုံးလေ့ရှိပြီး မြန်မာနိုင်ငံတွင်တော့ ခရီးထွက်လျှင် အပြင်စာများကို စိတ်မချသဖြင့် ကိုယ်ပိုင်အစားအစာ ဘီစကွတ်၊ အသီးအနှံ၊ ဟိုတယ်မှ နံနက်စာ ပေါင်မုန့်မီးကင်လောက်နှင့် နေ့လယ်စာ၊ ညစာ ပြီးတတ်ကြလေသည်။ စာရေးသူပင် ပြည်တွင်း နယ်ခရီးများသွားလျှင် ကိုယ်ပိုင်အစားအစာ ယူဆောင်သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ နောက်ဆုံး နိုင်ငံခြားသားများ မြန်မာနိုင်ငံမှာ ငွေသိပ်မသုံး၊ ခရီးသွားများထံမှ ဒေသခံများ ရသင့်သလောက် မရ၊ အနွမ်းသံသရာလည်တော့သည်။

မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ရေး မြင်သိသလောက် ဆက်ဆွေးနွေးရမည်ဆိုလျှင် ဆုံးနိုင်ဖွယ် မရှိပါချေ။ နိုင်ငံခြားသားများ အထူးသဖြင့် အာရှသားများ မနှစ်သက်သော လမ်းဘေးခွေးများ နေရာတကာ ရှိနေမှု၊ နေရာအနှံ့ ခိုများ၊ ငှက်များ အစာကျွေးမှု၊ ကွမ်းတံတွေးထွေးမှု၊ ပိုက်ဆံအဟောင်းအနွမ်းများ အသုံးပြုမှုစသဖြင့် ပြင်ဆင်ပြောင်းလဲစရာများစွာ ရှိပါသည်။ အဆိုပါ ကိစ္စများမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဆွေးနွေးပြောဆိုလာခဲ့သော ကိစ္စများ ဖြစ်ပါသည်။ သေချာသည်မှာ အမှန်တကယ် မြန်မာ့ခရီးသွားလုပ်ငန်းအား ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်း နိုင်ငံတကာအဆင့်မီ ရေရှည်ဖွံ့ဖြိုးတိုးတက်လိုပါလျှင် စာရေးသူတို့ အချို့သောကိစ္စများအား ပြတ်ပြတ်သားသား လုပ်ဆောင်ကြရမည်ဖြစ်သည်။ ။

# ဂျေဟုတ်ရဲ့ တေးသီချင်းသစ် Blue Side စတင်ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ ရက်ပ်တေးသံရှင်နဲ့ အကခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျေဟုတ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ တေးသီချင်းဟာ ၂၀၁၈ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ ဂျေဟုတ်ရဲ့ တေးသီချင်းခွေ Hope World ကနေ ပြန်လည်ပေါက်ဖွားလာတဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Hope World မှာပါဝင်ခဲ့တဲ့ သီချင်းစာသားတွေနဲ့ သံစဉ်တွေကို ပြန်လည်ဆန်းသစ်ထားကာ ဖန်တီးထားတဲ့ အဆိုပါတေးသီချင်းကို ဂျေဟုတ်က Blue Side လို့ အမည်ပေးထားပြီး မတ် ၂ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါ တေးသီချင်းသစ်ကို Hope World ထုတ်လွှင့်မှုရဲ့ သုံးနှစ်ပြည့်နှစ်ပတ်လည်အဖြစ် ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

တေးသီချင်းထုတ်လွှင့်မှုနဲ့အတူ ဂျေဟုတ်က ပရိသတ်တွေအတွက် စာတစ်စောင်ကိုလည်း ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါစာမှာ ဂျေဟုတ်က “ Hope World ကို ထုတ်လွှင့်ခဲ့တာ သုံးနှစ်ကြာခဲ့ပါပြီ။ ကျွန်တော်နှစ်သက်တဲ့ တေးသီချင်းတွေကို ကိုယ်ကြိုက်သလောက်ရေးခဲ့တဲ့ ဖြူစင်တဲ့ အချိန်တွေကို လွမ်းနေရပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီအချိန်တွေကို ပြန်သွားလို့မရနိုင်ပါဘူး။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ဖို့ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ရင်းကျော်ဖြတ်ခဲ့ရတဲ့ အဲဒီအချိန်လေးကို ကျွန်တော်လိုအပ်နေပါတယ်”လို့ ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် ဂျေဟုတ်က သူ့အနေနဲ့ ပြာလွင်လွင်ကောင်းကင်ကြီးနဲ့ လေပြည်လေညင်းလေးတွေကို နှစ်သက်သဘောကျတာကြောင့် တေးသီချင်းရဲ့ အမည်ကို Blue Side လို့ ရွေးချယ်ပေးဖြစ်ခဲ့ကြောင်းလည်း ဆိုပါတယ်။

# EXO အဖွဲ့ဝင် ဘေယွန်းရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘေယွန်းဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီး မကြာမီမှာ ပရိသတ်ရှေ့ပြန်လည်ရောက်ရှိလာဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘေယွန်းရဲ့ တေးသီချင်းသစ်တွေကိုတော့ မကြာမီ ကြားခွင့်ရတော့မှာပါ။ သူဟာ တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေပြီး လက်ရှိမှာ နောက်ဆုံးအဆင့်ကိုတောင် ရောက်ရှိနေပြီဖြစ်ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက မတ် ၄ ရက်မှာ ဖော်ပြခဲ့ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က ဘေယွန်းရဲ့ တေးသီချင်းသစ် ထုတ်လွှင့်မယ့်သတင်းမှာ မှန်ကန်ကြောင်းနဲ့ အဆိုပါ တေးအယ်လ်ဘမ်သစ်ကို မတ် ၃၀ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

ဒါဟာ ဘေယွန်းအတွက် Delight တေးအယ်လ်ဘမ်ပြီးနောက် ဒေသတွင်းမှာ ပထမဆုံးအကြိမ် ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ် ဖြစ်လာမှာပါ။ သူ့ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ကိုတော့ ဘေယွန်းက ၂၀၂၀ ပြည့်နှစ်အတွင်း စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

# အလှဆုံးသောကေပေါ့ပ်တေးသံရှင်အဖြစ် ရွေးချယ်ခံရတဲ့ ဂျီဆိုး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဆိုးဟာ ကေပေါ့ပ်ကြယ်ပွင့်တွေအနက် အလှဆုံးသောအမျိုးသမီးဖြစ်ကြောင်း ပလတ်စတစ်ဆာဂျရီ ဆရာဝန်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အလှအပဆိုင်ရာ ခွဲစိတ်ပြုပြင်သူ ဆရာဝန်တစ်ဦးဖြစ်တဲ့ ဒေါက်တာ မင်ဟီးဂျွန်က ကေပေါ့ပ်ကြယ်ပွင့်တွေအနက် လှပတဲ့ အမျိုးသမီးတေးသံရှင်တွေရဲ့ အသွင်အပြင်နဲ့ပတ်သက်ပြီး သုံးသပ်ထားတဲ့ ဗီဒီယိုတစ်ခုကို လတ်တလောမှာ ထုတ်ဖော်ပြသလာတာပါ။ အဆိုပါ ဆရာဝန်က သူ့အနေနဲ့ ဂျီဆိုးကို အလှဆုံးသော အမျိုးသမီးကေပေါ့ပ်တေးသံရှင်အဖြစ်သုံးသပ်ကြောင်းလည်း ဖော်ပြခဲ့တာ တွေ့ရပါတယ်။

အဆိုပါ ဆရာဝန်ရဲ့ ပြောကြားချက်အရ ဂျီဆိုးရဲ့ မျက်နှာဟာ လှပတယ်လို့ သတ်မှတ်ထားတဲ့ အရှေ့အာရှသားနဲ့ အနောက်တိုင်းသားတွေရဲ့ အသွင်အပြင်မျိုးကို အဆင်ပြေပြေပြည့်စုံစွာ ရောနှောထားဟန်ရှိနေကြောင်း၊ မျက်ရစ်လည်းပေါ်ကာ မျက်နှာဟာလည်း အချိုးအစားကျနကြောင်း ထည့်သွင်းဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် အမျိုးသမီးတေးဂီတအဖွဲ့ TWICE ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စူယူဟာလည်း အလှအပနဲ့ပတ်သက်ပြီး စံထားလောက်တဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ပါတယ်။ သူဟာ ဂျပန်အမျိုးသမီးတွေအကြား ရေပန်းစားသူတစ်ဦးဖြစ်ပြီး မျက်နှာခွဲစိတ်ပြုပြင်ရာမှာ စူယူရဲ့ မျက်နှာပုံစံနဲ့တူအောင် ပြုပြင်ပေးဖို့ရာ အများဆုံးတောင်းဆိုကြကြောင်းလည်း သိရပါတယ်။



# ဘီလီအဲလစ်ရှ်ရဲ့ မှတ်တမ်းရုပ်ရှင် The World’s A Little Blurry

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်ဟာ ဆယ်ကျော်သက် အရွယ်မှာပင် နိုင်ငံတကာ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး ထူးခြားတဲ့အသွင်အပြင်နဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ ပရိသတ်အခိုင်အမာရရှိထားတဲ့ တေးသံရှင်တစ်ဦးပါ။ လတ်တလောမှာတော့ သူ့ရဲ့ဂီတခရီးနဲ့ အောင်မြင်မှုတွေကို မှတ်တမ်းတင်ထားတဲ့ ရုပ်ရှင်ကို ထုတ်လွှင့်ပေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ရုပ်ရှင်ကို The World’s A Little Blurry လို့ အမည်ပေးထားပြီး ဒါရိုက်တာ အာဂျေကတ်လာက တာဝန်ယူရိုက်ကူးပေးခဲ့တာပါ။ ဒီရုပ်ရှင်မှာ ဘီလီအဲလစ်ရှ်ရဲ့ အောင်မြင်မှုခရီး၊ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ မိသားစုအကြောင်းတွေကိုပါ ထည့်သွင်းဖော်ပြထားကာ ဖေဖော်ဝါရီ ၂၅ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အဆိုပါရုပ်ရှင်ဟာ အက်ပဲလ်တီဗွီရဲ့ ကြည့်ရှုရမယ့်ရုပ်ရှင်စာရင်းမှာ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။

အဆိုပါ မှတ်တမ်းရုပ်ရှင်မှာ ဘီလီအဲလစ်ရှ်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် When We All Fall Asleep, Where Do We Go?နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ထည့်သွင်းရိုက်ကူးထားပါတယ်။ တေးအယ်လ်ဘမ်အတွက် တေးသီချင်းရေးသားမှုတွေ၊ ပြင်ဆင်မှုတွေနဲ့ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကိုပါ တွေ့မြင်နိုင်ပါတယ်။ လက်ရှိမှာ အသက် ၁၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘီလီအဲလစ်ရှ်ဟာ တေးဂီတဇယားတွေကို ဦးဆောင်နိုင်တဲ့ ငယ်ရွယ်တဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး ထူးချွန်ဆုများစွာကို ရရှိထားသူလည်း ဖြစ်ပါတယ်။

# ပရိသတ်တွေနဲ့ ယခုလအတွင်း ပြန်လည်တွေ့ဆုံမယ့် ASTRO

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ ASTRO ဟာ မတ်လအတွင်း ပရိသတ်တွေနဲ့ တွေ့ဆုံပွဲပြုလုပ်ဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီးအဖွဲ့ရဲ့ အေဂျင်စီကလည်း အတည်ပြုခဲ့ပြီးဖြစ်ကာ အဖွဲ့တည်ထောင်မှု ငါးနှစ်မြောက် နှစ်ပတ်လည်အဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲ ပြုလုပ်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ မေလအတွင်း တေးအယ်လ်ဘမ် Knock ကို စတင်ထုတ်လွှင့်ပေးခဲ့ပြီးနောက်ပိုင်း တေးသီချင်းသစ်ထွက်ရှိခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် မကြာမီပြုလုပ်သွားမယ့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲဟာ ပြီးခဲ့တဲ့ ၁၀ လတာကာလအတွင်း ASTRO အနေနဲ့ ပရိသတ်တွေနဲ့ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံမှု ဖြစ်လာမှာလည်း ဖြစ်ပါတယ်။






## ပရီမီယာလိဂ်အသင်းလေးသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဟာလန်းကို ဒေါ့မွန်အသင်းက အသင်းတွင် ဆက်လက်ထားရှိရန် စီစဉ်နေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းဟာ ပရီမီယာလိဂ်ကလပ်အသင်း လေးသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဟာလန်းကို ရောင်းချခြင်းမပြုဘဲ အသင်းတွင် ဆက်လက်ထားရှိရန် စီစဉ် လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ နော်ဝေတိုက်စစ်မှူး ဟာလန်းကို ပရီမီယာလိဂ်ကလပ်အသင်းလေးသင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်း၊ လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ဥရောပကလပ်အသင်း အများစုကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ဆဲလ်ဘတ်အသင်းကနေ ဒေါ့မွန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့အတူ စုစုပေါင်း ၄၅ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၄၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာလည်း တိုက်စစ်မှူး ဟာလန်းအနေနဲ့ ၁၈ ပွဲမှာ ၁၇ ဂိုးသွင်းယူပေးထားကာ လေးဂိုးဖန်တီးပေးနိုင်ခဲ့ပါတယ်။ အဲဒီလို ဂိုးသွင်းစွမ်းရည်ပြည့်ဝတာကြောင့် တိုက်စစ်မှူး ဟာလန်းကို စပိန်ကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ဟာလန်းကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ပရီမီယာလိဂ်ကလပ်အသင်း လေးသင်းထဲမှာ နည်းပြဆိုးရှားရဲ့ မန်ယူအသင်းဟာ ဒေါ့မွန်အသင်းဆီ မရောက်ခင် ဆဲလ်ဘတ်အသင်းမှာကတည်းက ပစ်မှတ်ထားနေတာဖြစ်ပြီး မန်ယူအသင်းသို့ ရောက်ရှိလာဖို့တောင် နီးစပ်မှုရှိခဲ့တာဖြစ်ပါတယ်။

## လီဗာပူးကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန် အင်တာမီလန်သို့ ပြောင်းရွှေ့ရန် သဘောတူညီ




လီဗာပူးအသင်းကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားတော့မှာဖြစ်ပြီး လက်ရှိမှာ အင်တာမီလန်အသင်းနဲ့ သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ရဲ့ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ယခုဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ကို စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့ပစ်ထားနေပေမယ့် ကစားသမားကိုယ်တိုင်ကတော့ အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ သဘောတူညီခဲ့တာဖြစ်ပါတယ်။

ဝစ်ဂျ်နယ်ဒန်ဟာ ၂၀၁၆ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၂၃ သန်းနဲ့ နယူးကာဆယ်အသင်းကနေ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အဲဒီလို ပြောင်းရွှေ့လာပြီး နောက်ပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ လီဗာပူးအသင်းနဲ့အတူ ပွဲစဉ် ၂၂၂ ပွဲ ပါဝင်ကစားပေးထားကာ ၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေမှာ ပြိုင်ဘက် အေစီမီလန်အသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာရပ်တည်နေပြီး ၁၁ နှစ်တာကာလအတွင်းမှာ အီတလီစီးရီးအေဖလားကို ပထမဆုံးအကြိမ် ပြန်လည်ရယူဆွတ်ခူးနိုင်ဖို့ နီးစပ်နေပြီဖြစ်ပြီး နည်းပြကွန်တီအနေနဲ့ အင်တာမီလန်အသင်းရဲ့ တစ်ချိန်က ရှိခဲ့ဖူးတဲ့ ဥရောပရဲ့အင်အားကြီး အသင်းတစ်သင်းဆိုတဲ့ ဂုဏ်ပုဒ်ကို ပြန်လည်ရယူနိုင်ဖို့ အသင်းကို တောင့်တင်းမှုရှိစေရေး ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ကို ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

## အာဆင်နယ်အသင်းနည်းပြ အာတီတာက အငှားချထားတဲ့ကစားသမားနှစ်ဦးကို ပြန်လည်ခေါ်ယူရန် စီစဉ်နေ

အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ အငှားချထားတဲ့ ဗဟိုခံစစ်ကစားသမားနှစ်ဦးဖြစ်တဲ့ ဆာလီဘာနဲ့ မက်ဗ်ရိုပီနော့စ်တို့ကို အသင်းဆီ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ မက်ဗ်ရိုပီနော့စ်ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းမှာ အငှားသွားရောက်ကစားနေတာဖြစ်ပြီး အသက် ၁၉ နှစ်အရွယ် ဆာလီဘာကတော့ နိုက်စ်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဆာလီဘာကို ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက စိန့်အက်စ်တီယန်အသင်းမှာ အငှားချထားခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာတော့ ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းဆီ အငှားချထားခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ အဲဒီကစားသမားနှစ်ယောက်စလုံးဟာ အငှားချထားတဲ့အသင်းတွေမှာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်တာကြောင့် အာဆင်နယ်အသင်းနည်းပြ အာတီတာက ပြန်လည်ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပြီး စတုဂတ်အသင်းမှာ အငှားချထားတဲ့ နောက်တန်းကစားသမား မက်ဗ်ရိုပီနော့စ်ရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

○ ကျောဖုံးမှ

ဆီဗီလာအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ပွဲကစားချိန် မိနစ် ၉၀ မှာ ရီဂက်စ် နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် အချိန်ပိုကစားချိန်မှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပြီး ပွဲကစားချိန် ၁၀၃ မိနစ်မှာလည်း လွတ်ဒီဂျောင် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

ဘာစီလိုနာအသင်းဟာ စပိန်ကိုပါဒယ်ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဘီဘာအိုအသင်း သို့မဟုတ် လီဗန်တေးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဧပြီ ၄ ရက်(တနင်္ဂနွေနေ့)မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်-ရေးသားသည်**

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့်သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စ ဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# မတ် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၆ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၆,၃၆၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၇၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြန်မာသံရုံးမှ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၉၉ ဦး လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် မတ် ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ လွှဲပြောင်းလာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား တရုတ်နိုင်ငံနယ်ခြားစောင့်လူဝင်မှုစစ်ဆေးရေးဌာန ရဲမှူးလော်ခေး ဦးဆောင်သည့်အဖွဲ့မှ ယမန်နေ့က ၃၃ ဦးနှင့် ယနေ့ မွန်းလွဲ ၄ နာရီက ၆၆ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၉၉ ဦးအား ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် လွှဲပြောင်းပို့ဆောင်ခဲ့ရာ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စိစစ်လက်ခံခဲ့ကြောင်း သိရသည်။



အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၉၉ ဦးမှာ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၃၂ ဦးတို့ဖြစ်ကြပြီး မကွေးတိုင်းဒေသကြီးမှ ၃၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၃ ဦး၊ ကယားပြည်နယ်မှ လေးဦး၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ ရှစ်ဦး၊ မွန်ပြည်နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၁ ဦးတို့ဖြစ်ကြောင်း သိရသည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီထံမှ သိရသည်။ ဇင်ဇင်(ပြန်/ဆက်)

# ဆီဗီလာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး - နှစ်ဂိုးနဲ့ အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတက်လှမ်း

**ဘာစီလိုနာအသင်းဟာ ဆီဗီလာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။**



ဘာစီလိုနာအသင်းဟာ ဆီဗီလာအသင်းကို ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့သော်လည်း ယနေ့(မတ် ၄ ရက်)နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာတော့ ဘာစီလိုနာအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒုတိယအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၂ မိနစ်မှာ ဒမ်ဘီလီ၊ မိနစ် ၉၀ မှာ ပီကေးတို့က သွင်းယူပေးခဲ့တာကြောင့် အနိုင်အရှုံးရလဒ် အဖြေထွက်ဖို့အတွက် အချိန်ပိုကစားခဲ့ရာမှာတော့ ပွဲကစားချိန် ၉၅ မိနစ်မှာ ဘရိတ်သ်ဝိတ်က ဘာစီလိုနာအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။

စာမျက်နှာ ၃၀ ကော်လံ ၅ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

**လူငယ်တွေကို လမ်းပေါ်ထွက်ဖို့ လှုံ့ဆော်မှုတွေ ရပ်တန့်ပေးပါ**
စာမျက်နှာ » ၁၅

**အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများအပေါ် မိဘပြည်သူလူထုအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ထား**
စာမျက်နှာ » ၁၆

**အခြေခံလူတန်းစားများ၏ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး ကဏ္ဍများမှာ ထိခိုက်ဆုံးရှုံးမှုများဖြစ်**
စာမျက်နှာ » ၁၉